http://mmteashop.com မှ ထုတ်ဝေသည်

# လင်္ကာရည်ကျော်

နေဝင်အိပ်တန်းတက်




**Typing : noel**

**LICH**

myanmar online teashop
www.mmteashop.com

# နေဝင်းအိပ်တန်းတက်

## လက်ာရည်ကျော်

နန်း ဇေ ဝီ စာ ပေ

တိုက် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း (အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃

E-mail : naneizar@myanmar.com.mm

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | း | ၅၀၀၇၂၄၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | း | ၅၀၀၆၀၅၀၆၁၀ |
| ပထမအကြိမ် | း | ၂၀၁၀ခုနှစ်၊ ဇူလိုင်လ |
| မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် | း | မောင်နိုး |
| အတွင်းဖလင် | း | AZ |
| အုပ်ရေ | း | ၅၀၀ |
| တန်ဖိုး | း | ၁၅၀၀ ကျပ် |
| ထုတ်ဝေသူ | း | ဒေါ်ခင်မျိုးမြတ် (၁၃၃၈၄)<br>နန်းဒေဝီစာပေ၊ အမှတ် ၂၁၅၊<br>ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | း | ဦးညွန့်လွင် (ရွှေစင်ပုံနှိပ်တိုက်)<br>အမှတ် ၁၃၅၊ ၂၃ ရပ်ကွက်၊<br>စက်မှုဇုန် (၁) တ/ဒဂုံမြို့နယ်။ |


Typing By – noel , LICH

Proof & PDF – noel

17.April.2012

## " စာရေးသူ၏ ကိုယ်ရေးအကျဉ်း "

အမည်ရင်းမှာ ရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မ တဲကြီး ကုန်းကျေးရွာတွင် ဖွားမြင်သည့် ဒုတိယသား ဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် နရသုခိသုခချမ်းသာ မဂ္ဂဇင်းတွင် ဖော်ပြပါရှိသော 'အချစ်ကိုပင်လျှင် လျှပ်တစ်ပြက်မျှသာ' ဝတ္ထုတိုမှာ ဆေးတက္ကသိုလ် ၁ နှစ်ပတ်လည် မဂ္ဂဇင်းများ၏ နောက်ပိုင်း ပထမ ဦးဆုံး ပုံနှိပ် ဖော်ပြခြင်းခံရသော ဝတ္ထုတို ဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် ပထမဦးဆုံး ထုတ်ဝေသော ဝတ္ထုရှည် 'ကြိုးကြာတောင်ပံခတ်သံ' မှာ ထိုနှစ်အတွက် အမျိုးသား စာပေဆု ( လူငယ်စာပေ) ချီးမြှင့်ခြင်း ခံခဲ့ရပြီး ရုပ်ရှင်ကြီး ရိုက်ကူးခဲ့ရ သည်။

ယခုအထိ ဝတ္ထုရှည် နှစ်ပုဒ်၊ ဝတ္ထုတို ၉၀ ကျော် (ဒေါက်တာရဲ ကလောင်ခွဲဖြင့်) ဆောင်းပါး ၂၀၀ ကျော်၊ ဝတ္ထုတို ပေါင်းချုပ် သုံးအုပ်၊ ဆောင်းပါးပေါင်းချုပ် ခုနစ်အုပ် ထုတ်ဝေခဲ့ပြီး ဖြစ်ပြီး အခန်းဆက် ဝတ္ထုရှည် နှစ်ခု ရေးသားနေဆဲ ဖြစ်သည်။

ဆရာသည် မကွေး ဆေးတက္ကသိုလ်၊ ကလေး ကျန်းမာရေး ပညာဌာနတွင် ပါမောက္ခ၊ ဌာနမှူး၊ ကလေးအထူးကု ဆရာဝန်ကြီး တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ရင်း ကလေး သုတ၊ ရသ စာပေများ စဉ်ဆက် မပြတ် ရေးသားလျက် ရှိသည်။

✦✦✦✦✦✦✦

## မာ တိ ကာ

- ဖေမြင့်၏ အမှာ
- နေဝင်အိပ်တန်းတက်အတွက် အမှာစာမဟုတ်သော ကျေးဇူးတင်စကား

အခန်း(၁) ◈ နတ်သမီးတံခါး

အခန်း(၂) ◈ မေတ္တာပဋ္ဌလက်

အခန်း(၃) ◈ ခြောက်ရောင်မောင်းကိုသာ

အခန်း(၄) ◈ နေဝင်နောင်တနှင့် အိပ်ခန်းတံခါးဝက စေတန်

အခန်း(၅) ◈ ကဏ္ဍာရုံလှိုင်း

အခန်း(၆) ◈ ဒီရေညစ်ညူး

အခန်း(၇) ◈ ရွှေပင့်ကူကလေးနှင့် စစ်သူကြီး

အခန်း(၈) ◈ သူယောင် ပဋ္ဌလက်

အခန်း(၉) ◈ ဒေဝတာ တံတိုင်း

အခန်း(၁၀) ◈ နားမွှောင်း၏ ခြေရာ

အခန်း(၁၁) ◈ နေဝင်အိပ်တန်းတက်

✦✦✦✦✦✦✦

## ဖေမြင့်၏ အမှာ

မဂ္ဂဇင်းမှာ အခန်းဆက် ဖော်ပြစဉ်ကပင် လူကြိုက်များပြီး ဖြစ်နေသည့် လက်ာရည်ကျော်၏ "နေဝင်အိပ်တန်းတက်" ဝတ္ထုအတွက် အမှာစာရေးပေးပါဟု ထုတ်ဝေသူ ကိုရဲနှင့် စာရေးသူ ဒေါက်တာရဲ တို့ကဆိုသည်။

တကယ်တော့ လက်ာရည်ကျော်က "ကြိုးကြာတောင်ပံခတ်သံ" ဖြင့်ပင် အောင်မြင်ထင်ရှားပြီးသား ပုဂ္ဂိုလ်ဖြစ်သည်။

သို့သော် ယခုစာအုပ်မှာ အမှာစာ ရေးပေးပါဆိုသည့် အခါ၊

✦ အမှန်အတိုင်း ပြောရသော် လက်ာရည်ကျော် ခေါ် ဒေါက်တာရဲမြင့်ကျော်ကို လွန်ခဲ့သော ၄-၅ နှစ်ကပင် တွေ့ကြုံသိကျွမ်းဖူးသော်လည်း သူ့စာများကို သေသေချာချာ မဖတ်ဖူးခဲ့။ ထူးချွန်သော ကလေးအထူးကု ဆရာဝန်တစ်ဦး ဖြစ်သည်။ မဂ္ဂဇင်းများမှာလည်း ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ အင်တာဗျူးအတော်များများ ဖြေကြားပေးနေသည်။ ကိုယ်တိုင်လည်း ဆေးပညာပေး ဆောင်းပါး အတော်များများ ရေးသည်။ သည်ကြားထဲ ဝတ္ထုတွေလည်း ရေးလိုက်သေးသည် ဟူ၍ပဲ သတိထားမိခဲ့သည်။

တစ်ကြိမ် သူနှင့်ဆုံသည့် အခါမှာတော့ သူက ဆေးပညာပေးဆောင်းပါးထက် ဝတ္ထုသာ ပို၍ ရေးသားလိုသူ ဖြစ်ကြောင်း၊ ဝတ္ထုရေးဆရာဘဝကို သူပို၍ နှစ်သက်ခုံမင်ကြောင်း သူ့ထံမှကြား သိရသည်။

စိတ်အားထက်သန်မှုက အံ့သြစရာ။

သည်လောက် မအားမလပ်သည့်ကြားက သည်လူတွေ ဘယ်လို စာရေးကြပါလိမ့်ဟု တွေးတော အံ့သြနေဆဲမှာပင် သူ၏ "ကြိုးကြာတောင်ပံခတ်သံ" ဝတ္ထု စာပေဆုရတာ၊ တခမ်းတနား ရုပ်ရှင်ရိုက်ကူးကြတာတွေ ကြားရ သိရသည်။

ယခုတော့ "နေဝင်အိပ်တန်းတက်" တဲ့။

ဝတ္ထု သိပ်ရေးချင်သည် ဆိုသော ဆရာဝန်၏ ဝတ္ထု။ ဖတ်ကြည့်တော့ . . . ။

တကယ် အရေးကောင်းသည့် ပုဂ္ဂိုလ်ပေပဲ။ ဆရာဝန် မလုပ်ဘဲ ဝတ္ထုရေးစားလျှင်လည်း ဘက်ဆယ်လာ ဝတ္ထုရေးဆရာအဖြစ် ကျော်ကြားနိုင်သည်။

ဝတ္ထုက အရေးအသား သွက်သည်။ အခန်း အကူးအပြောင်း မြန်သည်။ ဝတ္ထုဇာတ်လမ်း ဇဟိုပြုသည့် အကြောင်းအရာက မကြာခင်က ဖြစ်ပွားခဲ့သည် ဆေးရုံဆေးခန်း ပြဿနာတစ်ခုနှင့် ဆင်တူနေရာ စာရေးသူက လက်မြန်ခြေမြန် ရေးလိုက်သလားပင် မှတ်ထင်ရသည်။ သို့သော် သူက အခန်းဆက်ဆိုတော့ သည်ပြဿနာ မတိုင်မီက ရေးနှင့်တာဟု ဆိုရလိမ့်မည်။

✦ သည်ဝတ္ထု ဖတ်ပြီးသည့် နောက်မှာ သူရေးသည့် တခြားစာအုပ်တွေပါ ဖတ်ကြည့် ချင်လာသည်။ သို့နှင့် ထုတ်ဝေသူ ကိုရဲထံမှ နောက်ထပ် ဒေါက်တာရဲ စာအုပ်တွေ တောင်းရသည်။

'ရင်သွေးတို့ ကျန်းမာဖို့'

'ကလေး ကျန်းမာရေးဆိုင်ရာ အယူအဆ အမှားများ'

ပညာပေး ဆောင်းပါးတွေ ဖြစ်သည်။ သို့သော် ဝတ္ထုရေးသမား၏ လက်နှင့် ဆရာဝန်၏ မိမိပညာရပ်အပေါ် ယုံကြည်မှုတို့ ပေါင်းစပ်ထား၍ အရေးအသားက ရဲတင်း သွက်လက်နေသည်။

ရေးရဲ ပြောရဲသည့် ဆရာဝန်ပဲ။

အဲသည်နောက် ဖတ်မိသည်က 'သမားလည်ပြန်' ဝတ္ထုတိုကလေးများ နှင့် 'ကြိုးကြာ တောင်ပံခတ်သံ' လုံးချင်းဝတ္ထု။

သည်တွင် လုံးချင်းဝတ္ထု နှစ်ပုဒ်ကို စိတ်ထဲက ယှဉ်ကြည့်မိသည်။

**တောင်ပံခတ်သံနှင့် အိပ်တန်းတက်။**

အလုပ်သင်ဆရာဝန်ဘဝမှာ စရေးသည့် ဝတ္ထုနှင့် အထူးကု ဆရာဝန်ကြီးဘဝမှာ ရေးသည့် ဝတ္ထု။

တောင်ပံခတ်သံမှာ အားမာန်အပြည့်နှင့် ထက်သည်၊ တက်ကြွနေသည်။ လှုပ်ရှား ရိုက်ခတ်နေသည်။ စိတ်ကူးယဉ်သည် ဆိုဆို ဦးတည်ချက်တစ်ခုအတွက် ရဲဝံ့ပြတ်သားနေသည်။ စိတ်ဓာတ်က လူနာအတွက် . . လူနာအတွက် . . လူနာအတွက်။

အိပ်တန်းတက်မှာတော့ အနှစ် နှစ်ဆယ် ဘဝအတွေ့အကြုံတွေအရ ရင့်ကျက်သွားသည်။ စိတ်ကူးထက် လက်တွေ့ကို အာရုံပြုကာ နှိုင်းချိန်စဉ်းစားလာသည်။ အမြင်ကျယ်တာ သဘောထား ကြီးတာတွေ မြင်ရသည်။ သို့သော် ဖြစ်သင့်သည်ထက် ပို၍များ အိုမင်းသွားလေသလား။

ယေဘုယျ သဘောမှာတော့ စာရေးသူတို့ကို သူတို့ရေးသည့် စာများမှာ တွေ့ရတတ်စမြဲ ဖြစ်သည်။ သို့သော် ဝတ္ထုနှင့် ဝတ္ထုရေးသူတို့ နီးသည့်အခါ နီး၍ ဝေးသည့်အခါ ဝေးသွားနိုင်သည်။ ပြီး

ဝတ္ထုရေးသမားသည် မတူသော အကြောင်းအရာနှင့် ခံစားချက်များကို မတူ ကွဲပြားသော လေသံ ဟန်ပန်တို့ဖြင့် ရေးသားမည်သာ ဖြစ်သည်။ ထို့ကြောင့် သည်ဝတ္ထုနှစ်ပုဒ်ဖြင့် စာရေးသူ၏ အတွေးအမြင် အယူအဆ အပြောင်းအလဲကို အကဲဖြတ်နိုင်ဖို့ မလွယ်။

မည်သို့ပင်ဖြစ်စေ၊ 'နေဝင် အိပ်တန်းတက်' သည် ဝတ္ထုဖတ်သူကို အရေးအသားရော ဇာတ်လမ်း ဇာတ်ကွက်ဖြင့်ပါ ဆွဲဆောင်သွားပြီး ဇာတ်သိမ်းကိုလည်း အများစု စာဖတ်သူတို့ စိတ်သက်သာရာရအောင် ဖန်တီးပေးထားရာ သည်လို လုံးချင်းဝတ္ထုမျိုးတွေကို ယခုမှ မရေး ယခင် အနှစ်နှစ်ဆယ်ကျော်က ရေးမည်ဆိုက စာရေးသူ၏ ဘဝလမ်းကြောင်း ပြောင်းကောင်းပြောင်းသွား နိုင်သည်ဟု တွေးမိလိုက်ပါသည်။

ဖေမြင့်

✦✦✦✦✦✦✦

## နေဝင်အိပ်တန်းတက်အတွက် အမှာစာ မဟုတ်သော ကျေးဇူးတင်စကား

၂၀၀၀ပြည့်ကျော်နှစ်များတွင် ဒေါက်တာရဲ ကလောင်အမည်ဖြင့် ကလေးကျန်းမာရေး ပညာပေး ဆောင်းပါးများ ရေးသားရင်း စာပေလောကတွင် ခြေတစ်ချစာ ရလာခဲ့စဉ်က ကိုယ့်ကိုယ်ကိုယ် ဆရာဝန် စာရေးဆရာဟု တစ်ခါမှ မဝံ့ကြွားရဲခဲ့။

အားကျနေမိသည့် ဆရာဝန် စာရေးဆရာတွေကလည်း ဆေးပညာပေး ဆောင်းပါးရေးနေသည့် ဆရာဝန် စာရေးဆရာတွေမှ မဟုတ်တာ။ မောင်သင်တို့၊ ဒေါက်တာ ထွန်းရွှေတို့မှ အစပြုကာ ဖေမြင့်၊ နောက်ပိုင်းခေတ်မှာ ဂျူး၊ မြနှောင်းညို . . . စသည်။ ဆရာဖေမြင့်ကို ဆရာဝန်တစ်ယောက်ဖြစ်မှန်း ယခုထိ မသိသူများ ရှိသည်။ အဲဒါမျိုးကို အားကျတာပါ။ စာရေးဆရာ ပီပီပြင်ပြင်ပေါ့။

'ကြိုးကြာတောင်ပံခတ်သံ' ၏ ကြိုစိတ်ကူးယဉ် မထားရဲခဲ့မိသော အောင်မြင်မှုများ နောက်ပိုင်းတွင်တော့ စာပေလောကတွင် ခြေတစ်ချစာမက ကျောတစ်လဲ လျောင်းစရာ နေရာပါ ရခဲ့ပါသည်။

အဲ့သည့်အတွက် အားပေးကြသော စာဖတ်ပရိတ်သတ်ကြီးကို ရင်ထဲ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါသည်။

ဆရာဝန် စာရေးဆရာအမည် ကျွန်တော်ခံရဲခဲ့ပါပြီ။

ဘဝက နှစ်ခုသာသာ . . . သုံးခု မကျတကျ။

စာရေးဆရာ၊ ဆရာဝန်၊ ပြီးတော့ ကျောင်းဆရာ။

စာပေလောကမှ ကျောတစ်လျားစာကလေး နေရာရတော့ အဲသည့်ဘဝကို ဟိုဘဝနှစ်ခုထက်ပင် ပိုမြတ်နိုးမိသည်။ 'ပထမအိပ်မက် ဝတ္ထုတို' များ ပထမအကြိမ် အမှာစာတုန်းက ရေးခဲ့သလို ဒါကမှ ကျွန်တော့် ငယ်အိပ်မက် မဟုတ်ပါလား။

ခက်တာက ဟိုဘဝ နှစ်ခုမှာက ဒူးလောက် ကျွံနေတာမဟုတ်။ လည်ပင်းလောက်နစ် နေတာ ဖြစ်သည်။ စာရေးဆရာဘဝက တစ်ဖြည်းဖြည်း ပိုပီပြင် လာနေသော်လည်း ဆေးမကု၍ မရ။ စာမသင်၍ မရ။ မနိုင်လည်း လုပ်ရတော့မည်။

ထိုမျှသာမကသေး။

အဲ့သည့် ဘဝနစ်ခုက စာရေးဆရာ ဘဝကိုလည်း အထောက်အကူ ပြုနေပြန်သည်။ ဆရာဝန်ဘဝ အတွေ့အကြုံ ဖြစ်ရပ်မှန်တွေကို အခြေခံရေးခဲ့သော 'သမားလည်ပြန်' က ထွက်ထွက်ချင်းမှာပင်လျှင် ရောင်းအားစံချိန် တင်နိုင်ခဲ့သည်။ ကျောင်းဆရာ ဘဝကို အခြေခံခဲ့သော 'ဆရာ့ နှလုံးသား' က ယခုစာအုပ်နှင့် ရှေ့ဆင့်နောက်ဆင့် ထွက်တော့မည်။

တစ်ဖက်ကလည်း 'သိင်္ဂါရအလှည့်' လို ခံစားချက် ရသ စာအုပ်ကလေးတွေကို ပိုပွဲတောင်းလာသော ပရိသတ်ကလည်း ရှိလာခဲ့လေရာ ကိုယ့်မူရင်းဘဝဖြစ်သည့် 'ဆရာဝန်' ဘဝ၊ 'ဆေးပညာရှင်' ဘဝက ခံစားချက်တွေ ကြာလာလျှင် တဖြည်းဖြည်း လွင့်မှိန်လာစရာရှိသည်ကို ရိပ်မိနေပြန်သည်။

သူများကို ကျေးဇူးပြုနိုင်ခဲ့သည် ဘဝဖြစ်သလို၊ ကိုယ့်အပေါ်မှာလည်း ကျေးဇူးတွေများခဲ့သည့် ဘဝကလေးပါ။

ဒါကြောင့် အဲသည့်ဘဝကလေး အမှတ်တရဖြစ်အောင် ဝတ္ထုရှည်သုံးပုဒ်နှင့် ကျေးဇူးဆပ်ခဲ့မည်ဟု ကျွန်တော် သံန္နိဋ္ဌာန် ချခဲ့မိသည်။

'ကြိုးကြာတောင်ပံခတ်သံ' က လူငယ်ဆရာဝန်တွေ၏ ခံစားချက်များ။

'ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ'က လူလတ်ပိုင်း ဆရာဝန်တွေ၏ ခံစားချက်များ။

သည် 'နေဝင်အိပ်တန်းတက်' ကတော့ လူကြီးပိုင်း ဆရာဝန်ကြီးတွေကို အခြေခံပါသည်။

'ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ' လည်း 'ကြိုးကြာတောင်ပံခတ်သံ' ၏ အောင်မြင်မှုကို မမီသေးသော်လည်း ပရိသတ်အားပေးမှုကို အထိုက်အလျောက် သိသာစွာ ရရှိခဲ့သည်။ သည် 'နေဝင်အိပ်တန်းတက်' ကိုပါ နှစ်ခြိုက်ကြမည် ဆိုလျှင်တော့ ကျွန်တော် ကျေးဇူးတင်ရမည်မှာ ကျွန်တော် ကျင်လည်ခဲ့သော ဆရာဝန်ဘဝသာ ဖြစ်ပါသည်။

ထို့ကြောင့် ဆရာဝန်ဘဝတုန်းက သင်ကြားဆုံးမခဲ့ကြသော အဖေဆရာ အပါအဝင် သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာ၊ အားလုံးတို့အား သည်စာအုပ်ကလေးဖြင့် ရိုသေစွာ ကန်တော့ချင်ပါသည်။

'ကြိုးကြာတောင်ပံခတ်သံ' စရေးတုန်းက ကျွန်တော်က ဒေါက်တာလတ်ငြိမ်း အရွယ်ကို မရောက်တတ်သေး။ 'ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ' ကို စရေးတော့ ဒေါက်တာယဉ်သွေး အရွယ်ကျော်ခါစ။ 'နေဝင်အိပ်တန်းတက်' ကို မန္တလေးမြို့မှာ တာဝန်ကျရင်း စရေးတော့ ကျွန်တော်က တွဲဖက် ပါမောက္ခတစ်ဦး၊ ရေးနေရင်း ပါမောက္ခဌာနမှူး ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့် ပြောရသော် ဒေါက်တာ မြတ်ထွန်းအရွယ် အဆင့်သို့ ရောက်ခဲ့သည်။

သို့သော် . . .

ကျွန်တော်သည် ဒေါက်တာ လတ်ငြိမ်းလည်း မဟုတ်၊ ဒေါက်တာ ယဉ်သွေးလည်း မဟုတ်၊ ဒေါက်တာ မြတ်ထွန်းလည်း မဟုတ်ပါ။

ကိုယ့်အသက်အရွယ် မတိမ်းမယိမ်း ဆရာဝန်တွေ တွေ့ကြုံရတတ်သည့် ဇာတ်လမ်းမျိုးတွေကို ယုတ္တိထုတ်၊ ဇာတ်လမ်းဆင်၍ ရေးခဲ့ခြင်း ဖြစ်ပါသည်။ စာရေးဆရာ၏ ဟန်ပန်အသွင်အပြင် ဇာတ်ကောင်မှာ ထင်ဟပ်တာ ရှောင်လွှဲ၍ ရနိုင်ပေမင့် ဒါတွေက ကျွန်တော့် အကြောင်းတွေ မဟုတ်သလို ဘယ်သူ့ အကြောင်းတွေမှလည်း မဟုတ်ပါ။

တစ်သက်လုံး စာရေးလာတာ ဒါတွေမဖြေရှင်းဘဲ 'နေဝင် အိပ်တန်းတက်' ကျမှ ဘာကိစ္စ ဒါတွေ ဖြေရှင်းနေရပါသနည်း ဆိုသည့် အဖြေကိုတော့ 'နေဝင်အိပ်တန်းတက်' ဖတ်ပြီးလျှင် သိပါလိမ့်မည်။

'ကြိုးကြာ' တို့ အတောင်ညောင်း၍ နေဝင်အိပ်တန်းတက်ခါနီးတွင် မလွဲမရှောင်သာ ကြုံရတတ်တာလေးတွေကို ဇာတ်လမ်းဖွဲ့ ရေးထားတာမို့ ဘယ်သူ့အကြောင်းမှဟု မထင်စေချင်ပါ။

မန္တလေးမှာ ဇာတ်အိမ်ဖွဲ့ရတာကလည်း မန္တလေးမှာ နေခဲ့ရတာက ၁၀လတည်း ဆိုပေမင့် အစ်ကိုဆရာ အပါအဝင် မန္တလေးသား ဆရာဝန်ကြီးငယ်တို့၏ ရင်းနှီးနွေးထွေး ဖော်ရွေမှုများကြောင့် အဲသည် စာရေးနေချိန်မှာ မန္တလေးသား စိတ်ပေါက်နေ၍ မန္တလေးမှာ ဇာတ်အိမ်ဖွဲ့မိတာပါ။ မန္တလေးမှာ တကယ်ဖြစ်ခဲ့သည့် ဇာတ်လမ်းများဟု မထင်ကြစေချင်ပါ။

မန္တလေးကို ကိုယ့်မြို့ ကိုယ့်ဒေသလို ဇာတ်အိမ်ချ၍ ရေးနိုင်ခဲ့ခြင်းအတွက်တော့ အစ်ကိုဆရာ အပါအဝင် ၂၀၀၈ ခုနှစ်အတွင်းက မန္တလေးမှာ တွေ့ဆုံရင်းနှီးခွင့် ရခဲ့သော ဆရာဝန်နှင့် ဆရာဝန် မဟုတ်သူ မိတ်ဆွေအားလုံးတို့ကို ကျေးဇူးစကား ဆိုပါရစေ။

နေဝင်အိပ်တန်းတက်ချိန်အကြောင်း ရေးမှတော့ ဓမ္မအကြောင်းက မပါ၍မဖြစ်။ ကိုယ်ကလည်း ရတနာသုံးပါးကို ကြည်ညိုသူဟု သတ်မှတ်ရဲသော်လည်း ဘာသာရေး လိုက်စားကိုင်းရှိုင်းသူ ဟုတော့ မထင်။

ကံအားလျော်စွာဖြင့် မိတ်ဆွေ သင်္ဂဟ တော်တော်များများဆီက သာသနာ့အာဇာနည် ဓမ္မကထိက ဆရာတော်များ၏ တရားခွေများ လက်ဆောင်ရတာ၊ နာရတာ၊ စာအုပ်တွေ ဖတ်ရတာတော့ ရှိသည်။

'နေဝင် အိပ်တန်းတက်' ထဲမှာ ဉာဏ်မီသလောက် အသိကလေးနှင့် နှစ်နှစ်ကာကာ ယုံကြည်သော သဒ္ဓါတရားနှင့် ထည့်ရေးဖြစ်ခဲ့သည့် ဓမ္မစကားများအတွက်တော့ ထိုဆရာတော် အားလုံးတို့ကို အဝေးမှ လက်အုပ်ချီ ဂါရဝပြု ကျေးဇူးတင်လိုက်ချင်ပါသည်။

'လက်ာရည်ကျော်' ကို ဘယ်သူမှ မသိချင်ကတည်းက 'ကြိုးကြာတောင်ပံခတ်သံ' ကို စွန့်စွန့်စားစား ထုတ်ဝေပေးခဲ့ရင်း ကျွန်တော်နှင့် လက်တွဲမြဲလာခဲ့သူ နန်းဒေဝီစာပေမှ ကိုရဲက ငယ်စဉ်ကတည်းက အားကျ လေးစားခဲ့ရသည့်။ စံပြပုဂ္ဂိုလ် (Role Model) တစ်ဦးဖြစ်သည့် ဆရာ ဖေမြင့်နှင့် ကျွန်တော်တို့ ရင်းနှီးစေခဲ့သည်။

ဆရာ့ကို 'နေဝင်အိပ်တန်းတက်' အမှာစာ ရေးပေးဖို့ ဆရာ အလုပ်များမှန်း သိပါလျက် အားမနာတမ်း ပူဆာမိတော့ ဆရာက ချက်ချင်းပင် လိုလိုလားလား ခေါင်းညိတ်ခဲ့သည်။

ပါမောက္ခ ဒေါက်တာ အောင်ကြီး၊ ဂျူး၊ ဖေမြင့်။

အဲသည်သူတွေအားလုံးက သူတို့ အမှာစာတွေနှင့် ကျွန်တော် စာအုပ်ထုတ်ဝေခွင့် ရလိမ့်မည်ဟု စိတ်ကူးမယဉ်ရဲ လောက်အောင် ငယ်စဉ်ကတည်းက လေးစား အထင်ကြီး အားကျခဲ့ ရသည့် ဆရာဝန် စာရေးဆရာများ ဖြစ်ကြသည်။

အစ်ကိုအရွယ်၊ အစ်ကိုကြီးအရွယ်၊ အစ်မ အရွယ်များဖြစ်ကြသော သူတို့ သုံးဦးစလုံးကို လည်း ကျေးဇူးတင်ရှိသေစွာ ကန်တော့လိုပါသည်။

ဆန္ဒမွန်ဖြင့်

လက်ာရည်ကျော်

၁၁၊ ၆၊ ၂၀၁၀။

✦✦✦✦✦✦✦

## အခန်း (၁)

## နတ်သမီး တံခါး

(၁)
ပြဿနာ လှလှတော့ တက်ပြီ။

ဟုတ်ပ။

ပြဿနာဆိုတာ သည်လောက် လှတတ်သည်ဟု ဒေါက်တာမင်းခန့် တစ်ခါမှမတွေးကြည့်မိခဲ့စဖူး။

နတ်သမီးလား။

မိန်းမလှကလေးပေါင်း မြောက်မြားစွာ တွေ့ခဲ့ဖူးသည့် အသက် ၃၀ ကျော်အရွယ် လူပျိုကြီးပေမင့် ဘာမှ မလိမ်းမခြယ်သထားသော မျက်နှာတွင် ချွေးပေါက်ကလေးများအထိ ကြည်လင်သန့်စင်နေပြီး ဝင်းလက်တောက်ပနေသည့် အသားအရေမျိုးတော့ တစ်ခါမှ မမြင်ခဲ့ဖူးသည်မှာ သေချာသည်။ တစ်မိနစ် ကြည့်လျှင် တစ်မိနစ်၊ တစ်နာရီ ကြည့်လျှင် တစ်နာရီ ရင်ထဲသို့ ကျောက်စက်ရေကျသည့်တမျှ ချမ်းမြေ့စေလှသည့် မျက်နှာကလေးမျိုးကိုလည်း မမြင်ခဲ့ဖူးတာ သေချာသည်။

မပြုံးမရယ်၊ တည်လွန်းသော မျက်နှာနှင့် ဆရာကြီး အခန်းရှေ့က ခုံရှည်တွင် ထိုင်နေတာကိုက အကြိမ်ကြိမ် လှည့်မကြည့်ဘဲ မနေနိုင်လောက်အောင် ဆွဲဆောင်မှု အားကောင်းလှသည်။

အရပ်ရှည်ရှည်၊ သွယ်လျလျနှင့် သပ်ရပ်သော ကိုယ်လုံးကလေး။ ခက်တာက အဲ့သည့်ကိုယ်လုံးကလေးပေါ်က ဝတ်စား ဆင်ယင်မှု။

ချည်သားအစစ်၊ ကော်လံပါသော ဘလောက်စ် အဖြူရောင် ကျပ်ကျပ်အောက်က အပြာနုရောင် ဂျင်းန် ဘောင်းဘီရှည်။ မသိမသာ ခုံမြင့်သော ဆန်ဒယ်ဖိနပ်တို့သည် အနောက်တိုင်းသူတစ်ဦးအတွက် ဆိုလျှင် 'စမတ် ကက်ရှယ်' (Smart Casual) ခေါ် အဆင့်ရှိသည့် ထသွားထလာ ဝတ်စုံ အဖြစ် လေးစားဖွယ်ရာ ရှိကောင်းရှိမည် ဖြစ်သော်လည်း သင်ကြားရေး ဆေးရုံတစ်ရုံ၏ လူနာဆောင် အတွင်း စကြံ်တွင် ပါမောက္ခ ဆရာဝန်ကြီးတစ်ဦး၏ အခန်းဝမှာ စောင့်နေသူတစ်ဦး ဝတ်လာသင့်သော ဝတ်စုံမျိုး မဟုတ်။

အထူးသဖြင့်တော့ သူ့ဆရာ ဒေါက်တာမြတ်ထွန်းလို ဝတ်စားနေထိုင်ပြောဆိုမှု လူလေးစားဖွယ်ရာ ဖြစ်မဖြစ် ဂရုစိုက်တတ်လွန်းသော ဆရာဝန်ကြီးတစ်ဦးကို လာတွေ့စဉ် ဝတ်လာသင့်သည့် ပုံစံတော့ လုံးဝမဟုတ်။

မနေ့ကပဲ ဆေးကုမ္ပဏီတစ်ခုမှ အရောင်းမြှင့်တင်ရေး ဝန်ထမ်းတစ်ဦးကို ဂျင်းနှစ်ကတတ်ဝတ်လာ၍ အတွေ့မခံပဲ အခန်းထဲက မောင်းထုတ်ခဲ့ပြီးပြီ။ သူ့ပထမ လက်ထောက်ဆရာဝန် ဖြစ်သောဒေါက်တာမင်းခန့်ကို သူ လာစောင့်နေကတည်းက မင်း မပြောဘူးလားဟု ခေါ်ဆူခဲ့ပြီးပြီ။

သည်နေ့ လာပြန်ပြီ တစ်ယောက်။

ပြဿနာ . . . ပြဿနာ။

ခက်တာက သည်ပြဿနာ လုလွန်းနေသည်။ ပြဿနာဆိုတာ သည်လောက် လုတတ်သည်ဟု သူ တစ်ခါမှ မထင်မိ။

နတ်သမီးတော့ မဖြစ်နိုင်။ ပြဿနာကို သယ်လာမှတော့ သူယောင်မယ်သာ ဖြစ်ရမည်။ ဘာပဲဖြစ်ဖြစ်။ အကျိုးအကြောင်းတော့ မေးကြည့်ဦးမှဟု စိတ်ကူး၍ မိန်းမလှကလေး ရှိရာသို့ လျှောက်အသွား အိတ်ကပ်ထဲက လက်ကိုင်ဖုန်းက မြည်လာသည်။

မြတ်ထွန်း . . . ပရော်ဖက်ဆာ . . . ။

ဖုန်းမှာ ပေါ်လာသည့် စာကို ဖတ်ကြည့်ရင်း အစိမ်းရောင်ပြေးနေသည့် ခလုတ်ကလေးကို ကမန်းကတန်း နှိပ်လိုက်သည်။

'ဟုတ်ကဲ့ ဆရာ'

'မင်းခန့်'

'ဟုတ်ကဲ့ပါ ဆရာ'

'ငါ ဆေးကျောင်းမှာ ပရိုတိုကော အစည်းအဝေးတစ်ခု ဝင်ရမယ်၊ ပြီးရင် စီမံအစည်းအဝေး ဆက်ရမယ်၊ ပြန်လာနိုင်မှာ မဟုတ်ဘူး၊ ဆေးရုံမှာ ဘာရှိသေးလဲ'

'ဘွဲ့လွန်တစ်တန်း သင်ရမယ်ဆရာ၊ ဖိုင်နယ်'

အခန်းရှေ့မှာ ထိုင်စောင့်နေသည့် မိန်းမလှကလေး လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး သူ့ဘက်သို့ လှည့်ကြည့်သည်။

'ငါ သိတယ်၊ မမြင့်ကို ငါဆက်ပြီးပြီ၊ သူ သင်ပေးလိမ့်မယ်'

မမမြင့်ဆိုတာ ဆရာကြီးအောက်က တွဲဖက်ပါမောက္ခတစ်ဦးပါ။

'အခန်းရှေ့မှာလည်း တစ်ယောက် စောင့်နေတယ်'

'ဆေးကုမ္ပဏီကဆို ပြန်လွှတ်လိုက်လေ'

'မမေးရသေးဘူးဆရာ၊ ကျွန်တော် မေးမလို့ လုပ်တုန်း ဆရာ့ဖုန်းလာတာ'

မိန်းမလှကလေးက နေရာမှ ထ၊ သိုင်းကြိုးရှည်ရှည်နှင့် အိတ်ကလေးကို ကောက်လွယ်၍ သူ့ဘက် လျှောက်လာသည်။ သူက တစ်ချက် မေးငေါ့ပြ၍ ဘယ်ကလဲလို့ မေးနေတယ် . . . ဟု လှမ်းမေးလိုက်သည်။

'ပေါ်ဆီတက် ဂျာနယ်ကပါ၊ ဆရာကြီးကို ကျန်းမာရေး ပညာအင်တာဗျူးကလေး လုပ်ချင်လို့ပါ'

အသံက ကြည်လင်သည်။

ကြည်လင်တာထက် ထူးခြားတာက ရင်တွင်းလိုက်သံ ပါသည်။ ဩဇာပါ၍ စီးစီးပိုင်ပိုင် ရှိသော အသံမျိုး၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြည့်ဝသူ၏ အသံပါ။

'ပေါ်ဆီတက် ဂျာနယ်ကတဲ့ ဆရာ၊ အင်တာဗျူးအတွက်ပဲ'

'တစ်ခါမှ မကြားဖူးဘူး'

မိန်းမပျိုက အရင် ဖစ်နက်စ်ဂျာနယ်ကို နာမည်ပြောင်းထားတာလို့ ပြောပေးပါဟု ဆိုသည်။

'ဖစ်နက်စ် နာမည်ပြောင်းထားတာတဲ့'

'ဩော် ဟုတ်ပြီ၊ ငါ့ သူငယ်ချင်း ကိုတင်စိုးတို့ ဂျာနယ်ပဲ၊ ညနေကျရင် မြို့တော်ဆေးရုံကို လာခဲ့၊ ၄ နာရီခွဲလောက်လို့ ပြောလိုက်'

မြို့တော်ဆေးရုံဆိုတာ ဆရာကြီး ညနေပိုင်းထိုင်သော အပြင်ဆေးခန်းတစ်ခု ဖြစ်သည်။ ဆရာကြီး မှာသည့်အတိုင်း ပြန်ပြောပြတော့ မိန်းမပျိုက သင့်ခ် တစ်လုံးတည်းပြော၍ ထွက်ခွာ သွားသည်။

'ဒါပဲလား'

'မမ သွေးအဖြေတွေ ကျွန်တော် ရွေးထားတယ်ဆရာ၊ အိမ်ဝင်ပေးခဲ့ရမလား'

ဆရာကြီးက သက်ပြင်း တိုးတိုးချသည်။

'မြို့တော်မှာပဲ ဝင်ပေး ပေးကွာ'

'ဟုတ်ကဲ့ပါ ဆရာ'

'အေး အေး၊ ကျေးဇူးပဲ'

ဖုန်းလိုင်း ကျသွားသည်။

(၂)

မြို့တော်ဆေးရုံမှ ညှော်ကြိုစာရေးမကလေးက လူနာပုံ ဘယ်လိုမှ မပေါက်သော မိန်းမပျိုကို ဝင်လာကတည်းက သတိထားမိနေသည်။

မျက်နှာပေါ်တွင် ဘာအခြယ်အသမှ မရှိဘဲ သည်အတိုင်း သန့်စင်လှပနေသည့် မျက်နှာကလေးကိုလည်း ကြိတ်၍မနာလို ဖြစ်နေမိသည်။

မျက်နှာက တုတ်လိုပဲ။ တည်ထားလိုက် တာ။ တစ်လောကလုံးက သူ့ကို ဝိုင်းငေးကြည့်နေမှာပဲ ဆိုပြီး ဘဝင်မြင့်နေတဲ့ မျက်နှာမျိုး။

ရင်ထဲက ကြိတ်စွပ်စွဲ နေမိသည်။

ဒူးကျော်ကျော်အထိ ရှည်သော အနက်ရောင် စကတ်အကျပ်။ ခါးနေရာမှာ ဒီဇိုင်းအလှဖော်ထားသော ရွှေကြယ်သီး သုံးလုံးက သေးသေးကလေး မသိမသာ ဒေါင်လိုက် ပြေးနေသည်။ မကျပ်လွန်း မပွလွန်းသော ဘလောက်စ်လက်ရှည် အဖြူရောင်မှာ အပြာဒေါင်လိုက် အစင်းကလေးတွေ ဖျော့ဖျော့ကလေး ပါသည်။

ဒါ ဒီမှာဝယ်တာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

ကိုယ်လုံးလေးကလည်း လှလိုက်တာ။ ညစာ ဘယ်တော့မှ မစားဘူးဆိုတဲ့ မိန်းမမျိုးတွေပဲ ဖြစ်မှာပဲ။ လေ့ကျင့်ခန်းလည်း မှန်မှန် လုပ်နေမှာပေါ့။

'ဆရာကြီး ပါမောက္ခဦးမြတ်ထွန်းနဲ့ တွေ့ချင်လို့ပါ'

သူ့ရှေ့မှာ လာရပ်၍ တိုးတိုးကလေး မပွင့်တပွင့် ပြောသည်။

'နာမည်နဲ့ အသက် ပြောပါရှင်၊ အရင် ပြဖူးလား၊ စာအုပ် ရှိလား'

သည်မိန်းကလေးကို သူ တစ်ခါမှ မမြင်ဖူးဘူး ဆိုတာ သေချာပေမင့် ထုံးစံအတိုင်းတော့ မေးရသည်။

မိန်းကလေးက အနေရခက်သွားဟန်ဖြင့် တိုးတိုးရယ်သည်။

'လူနာ မဟုတ်ပါဘူး၊ ဆရာကြီးနဲ့ တွေ့ဖို့ ဆရာကြီး ချိန်းထားလို့ပါ'

ဘုရားရေ။

ဆရာကြီးရဲ့ မိတ်ဆွေ ဆိုပါလား။ ဒါ သိပ်မဖြစ်နိုင်ဘူး ထင်တယ်။ ဆရာကြီး မိန်းကလေး ဧည့်သည်တွေ၊ အထူးသဖြင့် သည်လို မိန်းမလှလေးတွေနှင့် တွေ့ဆုံတာ သူ တစ်ခါမှ မတွေ့ဖူးခဲ့ပါ။

ဦးမြတ်ထွန်းမှာ မကြာခင် အသက်၅၀ ပြည့်တော့မည် ဆိုတာကို ဘယ်သူကမှ မယုံကြည်နိုင်လောက်အောင် အရွယ်တင်သူ ဖြစ်၏။ သည်ကြားထဲ ရုပ်ရှည်ကလည်း ချောမောတာထက် ယောကျ်ားပီသသည်ဟု ဆိုရမည်။ သူနှင့် ထိတွေ့ ပြောဆိုလိုက်မိသူ အားလုံး သူ့ကို အစစစ အရာရာ ပုံ၍ အားကိုးချင်သွားနိုင်လောက်သည့် ဟန်ပန်ပြောပုံ ဆိုပုံတွေကြောင့် ဆွဲငင်အားက ပြင်းထန်သည်ဟု ဆိုရမည်။

သို့သော် တည်ကြည် အိန္ဒြေရလွန်းသည့် နေရာတွင် စံပြဟု နာမည်ကြီးသူတစ်ယောက် ဖြစ်နေပြန်သည်။ လောကကြီးကို စွန့်ခွာဖို့ နေ့လား၊ ညလား ခွဲမရလောက်အောင် အသည်းအသန် နာမကျန်းဖြစ်နေသူ ဇနီးသည်ကိုပဲ အလွန်ချစ်မြတ်နိုးလေသလား။ အပြစ်၊ အမှားဆိုတာကိုလည်း တစ်ခါမှလည်း မကျူးလွန်ဖူး၊ ဘယ်တော့မှ မကျူးလွန်တော့ဟုများ သန္နိဋ္ဌာန်ချထားလေသလား မသိ။

သည်လောက် လှပသည့် မိန်းမပျိုလေးတစ်ဦးက ဆရာကြီး ဧည့်သည်ပါဟု ပြောလာတာမျိုးကို တစ်ခါမှ မကြုံခဲ့စဖူးပါ။

'ဆရာကြီးက မှာမထားဘူးရှင့်'

'ဟဲ့ . . သမီး၊ ဘာမမှာထားဘူးလဲ၊ ညီမက ဖစ်နက်စ်ဂျာနယ်ကလား'

'ဟုတ်ပါတယ်'

'ဆရာကြီး မှာထားပါတယ်၊ အပေါ်ဆုံးထပ်က ဒါရိုက်တာ ရုံးခန်းမှာပါ၊ အခုတော့ ဧည့်သည် တစ်ယောက်နဲ့ တွေ့နေပါတယ်၊ ညီမ အဲဒီက သွားစောင့်လိုက်ပါလား၊ ဒီက သမီးတစ်ယောက် လိုက်ပို့ပေးပါမယ်'

ညော့ကြို စာရေးမကလေး တစ်ဦးနှင့်အတူ ဓာတ်လှေကားဘက်သို့ ထွက်ခွာသွားသော မိန်းမပျိုကိုကြည့်၍ သူ့ရင်ထဲမှာ ငှဲမှာများ ဆိုသည့် အတွေးတွေ ယောက်ယက်ခတ်နေဆဲ။

'အိုဗာစာအုပ်ကို ဂျူတီဝင်တာနဲ့ ဖတ်ပါဆိုတာ ငါပြောတာ ဘယ်နခါရှိပြီလဲ၊ အဲသလို ရမ်းရမ်းတုတ်ပြီး မှားလို့ ဟိုခေတ်က ပြည်သူ့ဆိုင် စာရေးမတွေလိုပဲလို့ ဆရာဦးမြတ်ထွန်း အတိုင်ခံရတာ မမှတ်သေးဘူးလား'

ညော့ကြို မန်နေဂျာ မမက မျက်နှာထားနှင့် ဟောက်တော့ ဇက်ပု၍ လျှာထုတ်ပြမိပါသည်။

(၃)

'ဆရာက ကျွန်မမောင်နဲ့ သူငယ်ချင်းဆိုတာ သူပြောလို့သာ ယုံရတယ်၊ ဆရာက သူ့ရုပ်နဲ့ တခြားစီပဲ၊ ငယ်ငယ်ကလေးနော်'

သိန်းရာဂဏန်း အနည်းဆုံး ထိုက်တန်မည့် နားကပ် တစ်စုံပန်ထားပြီး ဖိတ်ုဂရေးပါသော ပါဝါမျက်မှန်ကို တပ်၊ ဆံထုံး အမြင့်ကြီး ထုံးထားသည့် မိန်းမကြီး၏ စကားလုံးတွေကလည်း အရောင် တဖျပ်ဖျပ် ခါနေသည်။

ဒေါက်တာ မြတ်ထွန်း မကြည်နူးနိုင်ပါ။

သူ့ကို အရွယ်တင်သည် အပြောခံရတာက နေ့ရှိသရွေ့မို့ မထူးဆန်းတော့။ ညီအစ်ကိုလို ခင်နေသော ကလေးအထူးကု ပါမောက္ခကြီးကပင်လျှင် အရွယ်တင်တယ် အပြောခံရတိုင်း ကြည်နူး မနေနဲ့ဗျ။ အရွယ်တင်တယ်ဆိုတာ အရွယ်ငယ်တဲ့လူကို ဘယ်သူမှမပြောဘူး။ အမှန်ကတော့ တော်တော်ကြီးနေပါပြီလို့ သွယ်ဝိုက်ပြီး ဆိုလိုတာဟု မကြာခဏ ကျီစယ်တတ်သည်။

သည်တစ်ခါက ပို၍ပင် မကြည်နူးနိုင်သေးသည်။ သည်မိန်းမကြီး၏ သားက နောက်ဆုံးနှစ် ဆေးကျောင်းသား။ သူ စာသင်ပေးနေသည့် အတန်းထဲတွင် ပါသည်။ သို့သော် အဲသည်ကောင်က ကျောင်းမှန်မှန်မတက်။ မိဘကို ပါမောက္ခနှင့် လာရောက်တွေ့ဆုံရန် အကြိမ်ကြိမ် အကြောင်းကြား သော်လည်း ပေါ်မလာ။ နောက်ဆုံး ကျောင်းခေါ်ချိန် မပြည့်သဖြင့် စာမေးပွဲဖြေခွင့်မပေးဘဲ တစ်နှစ်ကျ အဖြစ် သတ်မှတ်ရန်အထိ ဖြစ်လာသည်။ အဲသည်အချိန်ကျမှ ရန်ကုန်တွင် တာဝန်ကျနေသော သူငယ်ချင်း ပါမောက္ခ တစ်ဦးက ဖုန်းဆက်၍ သူ့တူပါတဲ့။ ကြည့်ပေးလိုက်ပါတဲ့။ ပြီးတော့ သူ့အစ်မ သည်မိန်းမကြီးကို လွှတ်လိုက်သည်။

မခက်ဘူးလား။

မင်းတူက လူဆိုးကွ ဟုပြောတော့ မိဘနဲ့ အတူမနေလို့ မလိမ္မာတာပါကွာ။ မင်းက နားလည်ပေးလိုက်ပါတဲ့။ ဒါလည်း လုံလောက်သော ဆင်ခြေတော့ မဟုတ်။ အသက်ပဲ ၂၀ ကျော်နေပြီ။ သည်စာမေးပွဲသာ အောင်ခဲ့လျှင် ဆရာဝန်ဖြစ်လာပြီး လူ့အသက်တွေကို တာဝန်ယူတော့မည်။ မိဘနှင့် မနေခဲ့ရ၍ ဟုဆိုပြီး နေချင်သလို နေတတ်သည့် လူစားမျိုးကို ဘယ်လိုလုပ်ပြီး လူ့အသက်တွေ အပ်ရမှာလဲ။

ဆရာဝန်ကြီးတစ်ယောက်၏ တူပဲဆိုပြီး 'နားလည်' ပေးလိုက်တော့ အလားတူ ကျောင်းမတက်ဘဲ ဆရာဝန်ကြီး တစ်ယောက်၏ တူမဟုတ်သူတွေကျတော့ ကျောင်းသားမဟုတ်တော့လို့လား။ အားလုံး တစ်ပြေးညီတည်း ခွင့်မလွှတ်လိုက်လျှင်လည်း စာမေးပွဲကျသူက များတော့မည်။ အဲသည်ကျ ဖြေရှင်းရတော့မည်။

ဟုတ်သည်လေ။ လူနာ စမ်းသပ်ပြီး ဖြေရသည့် စာမေးပွဲကို ဆေးရုံမလာ၊ ကျောင်းမလာသူတွေက ဘယ်လိုလုပ် ဖြေနိုင်မှာတဲ့လဲ။ ပေါပေါလောလော ပေးအောင်လိုက်လျှင်လည်း လူနာတွေက နစ်နာတော့မည်။

ကိုင်း။ သူငယ်ချင်းနှင့် မိတ်ပျက်ချင် ပျက်ပါစေတော့။

'ကျွန်တော်တို့ ပို့တဲ့စာတွေ မရဘူးလား'

မရဘူးဟု တိုးတိုးဖြေရင်း မိန်းမကြီးမျက်နှာက အနေရခက်သည့် ဟန်ပန်ပေါ်လာသည်။

'ဆရာရယ်၊ အမှန်အတိုင်းပဲ ပြောပြပါ့မယ်၊ ကျောင်းမှာ ပေးထားတဲ့ လိပ်စာက မမှန်ဘူး'

'ဘယ်လို'

'ဟုတ်ပါတယ်၊ သားကို စာတော်စေချင်လို့ ၁၀ တန်းတုန်းက ဂိုက်တွေငှား၊ ဝိုင်းတွေအပ်၊ ၁၀ တန်းမှာ ဆေးကျောင်း အမှတ်မီသွားလို့ တက်ခိုင်းတော့ သားက မတက်ချင်ဘူးတဲ့။ နိုင်ငံခြားပဲ သွားချင်တယ်တဲ့။ နိုင်ငံခြား ကျောင်းသွားတက်ချင်ရင်လည်း အက်စ် အေတီတို့၊ တိုဖယ်လ်တို့ ဖြေရဦးမှာ၊ အဆင်မပြေရင်လည်း ဆေးကျောင်းပဲ ဆက်တက်။ အဆင်ပြေရင် ထွက်ဆိုပြီးထွက်ရလွယ်အောင် လိပ်စာကို ပြောင်းပေးထားတာ၊ တကယ်တမ်းကျတော့ ကလေးက စိတ်လေပြီး ဒီက စာမေးပွဲလည်း မအောင်၊ ဟိုက စာမေးပွဲတွေလည်း မအောင်၊ ဂိမ်းဆိုင်ပဲ ရောက်ရောက်နေပြီး အခုလို ဖြစ်ရတာပါ။ အခုတော့ သူလည်း လိမ္မာတော့မှာပါ၊ ကျွန်မလည်း ဆုံးမပါ့မယ်၊ ကျောင်း မတက်တာလေးသာ ဆရာက ခွင့်လွှတ်ပေးပါ'

ပြောပြောဆိုဆို လက်ဆောင်ထုပ် ထည့်ထားသော အိတ်တစ်အိတ်ကို ထုတ်သည်။ ဒေါက်တာမြတ်ထွန်း နေရာမှ ပျာပျာသလဲ ထ၍ တွင်တွင်ငြင်းရသည်။

'ကျွန်တော်အတတ်နိုင်ဆုံးတော့ ကူညီပါ့မယ်၊ ကလေးသာ ရှေ့လျှောက် ကျောင်းမှန်မှန် တက်ခိုင်းပါ၊ ဒါတော့ လက်ခံလို့ မဖြစ်လို့ပါ၊ အစ်မကြီး ပြန်ပါ' ဟု အတင်းနှင်လွှတ်ရသည်။

အတတ်နိုင်ဆုံး။

ဟုတ်သည်လေ။ သူ မညာပါ။ မတတ်နိုင်တာကိုတော့ ဘယ်လိုလုပ် ကူညီမလဲ။ သူငယ်ချင်းတူမို့လို့ ဘက်လိုက်ဖို့ ဆိုသည့်ကိစ္စ သူဘယ်လိုမှ မတတ်နိုင်သလို၊ လူ့အသက်တွေကို ကယ်တင်ရမည့် ပညာကို တန်ဖိုးထား၍ လေးလေးစားစား မသင်ယူတတ်သူ လူငယ်တစ်ဦးကို ဆရာဝန် ပေးဖြစ်လိုက်ခြင်းဖြင့် ကျန်လူငယ် ဆရာဝန်ကလေးများ၏ အရည်အချင်းကိုပါ သိမ်းကျုံးထိပါး ပြောဆိုလာမှာ ခံရစေဖို့ကိုလည်း သူ ဘယ်လိုမှ မတတ်နိုင်ပါ။

ဌာနမှူးနှင့် ပါမောက္ခချုပ် ဆုံးဖြတ်ပါစေတော့။

'ဆရာကြီး၊ ဂျာနယ်တိုက်က အစ်မတစ်ယောက် ရောက်နေပါတယ်၊ ဆရာကြီးနဲ့ ချိန်းထားပြီးသားလို့ ပြောပါတယ်'

ညှော်ကြို စာရေးမကလေးက ခါးကလေး ရို့၍ ရိုသေစွာ ဝင်ပြောသည်။

'အေး အေး သွင်းလိုက်'

မိုးရွာချပြီးခါစ မြင်တွေ့ရသော ကြာပန်း၏ကြည်လင် သန့်စင်သော အလှမျိုးနှင့် မိန်းကလေး တစ်ယောက် ဝင်လာပါသည်။

ဘယ်တုန်းကများ သတင်းထောက်မကလေးတွေ အဲသည်လောက် လှပါသွားကြပါလိမ့်။

(၄)

မိန်းမလှကလေးက သူ့ညွှန်ပြသော ခုံမှာ ဝင်ထိုင်၍ ကတ်ပြားသေးသေးကလေး တစ်ခုကို လက်နှစ်ဖက်နှင့် ရိုသေစွာ ပေးသည်။

'မေကြာဖြူ၊ ပေါ်ဆီတက် ဂျာနယ်'

အဲဒါကလွဲလျှင် လိပ်စာသာ ပါသည်။ လက်ကိုင်ဖုန်းနံပါတ်လည်း ပါသည်။ မြင်မြင်ချင်း ရေစိုကြာပန်းကလေး တစ်ပွင့်ကို ဖျက်ကနဲ သတိရလိုက်မိသည်မှာ နာမည်နှင့်ပင် သွားတိုက်ဆိုင်နေသေးတော့၏။

'ဆရာသိသလောက်တော့ ဖစ်နက်စ်ကို ကိုတင်စိုးတို့ဆီကနေ နိုင်ငံခြားသားတစ်ယောက် ဝယ်သွားတယ်လို့ ဆိုလားလို့'

မိန်းကလေးက သွားတက် ဖြူဖြူကလေးများ ထင်းခနဲပေါ်လာအောင် ဖွဖွ ရယ်သည်။

'နိုင်ငံခြားသား မဟုတ်ပါဘူး ဆရာ၊ နိုင်ငံခြားမှာ အနေကြာခဲ့တဲ့ မြန်မာလူမျိုးပါ၊ အခု ဒီမှာပဲ နေတယ်၊ ဂျာနယ်ကိုလည်း မြန်မာနာမည် ပြောင်းလိုက်ပါတယ်၊ ဒါပေမယ့် ကျန်းမာရေး ဂျာနယ်ပါပဲ၊ ကျန်တာ ဘာမှ မပြောင်းပါဘူး'

ဒေါက်တာ မြတ်ထွန်း ပခုံးပင့်ကြည့်မိသည်။

'ပေါ်ဆီတက် ဆိုတာ မြန်မာနာမည် ဟုတ်လား'

မေကြာဖြူက ရယ်ပြန်သည်။

'ဟုတ်ပါတယ် ဆရာ၊ ပေါ်လီတက် မဟုတ်ပါဘူး၊ ပေါ်ဆီတက် ပါ'

'အဓိပ္ပာယ်က'

'ကတိသစ္စာ၊ တည်သောခါဝယ်၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်၏ ဆိုတဲ့ ရှေးစာထဲက ယူထားတာပါဆရာ၊ ဂျာနယ် မျက်နှာဖုံးမှာလည်း အဲဒီကဗျာ ကလေးကို လိုဂိုမှာ သုံးထားပါတယ်'

အနောက်တိုင်းမှ လူငယ် အဆင့်မြင့်ကုမ္ပဏီ အရာရှိမကလေးတစ်ဦး အသွင်ဝတ်ထား သော မိန်းကလေးက သူ စွဲလမ်းနှစ်သက်လှသော ရှေးကဗျာကို အထစ်အငေါ့မရှိ ရွတ်ပြသွားသည် ကို ဒေါက်တာမြတ်ထွန်း အံ့သြစွာ မော့ကြည့်မိသည်။

မေကြာဖြူက လက်ထဲတွင် ကိုင်ထားသော ဂျာနယ်နမူနာ တစ်စောင်ကို လှမ်းပေး၍ 'ဆရာ ဦးတင်စိုးတို့ ထုတ်တုန်းကလည်း ဆရာ့အမေးအဖြေကဏ္ဍကလေး ထည့်ထည့်ပေးတာ သိပ် သဘောကျပါတယ် ဆရာ၊ အခုလည်း ချီးမြှင့်ပေးပါဦး၊ ကြာဖြူ မေးခွန်းနမူနာ လေးတွေလည်း ယူခဲ့ပါတယ်' ဟု ပြောသည်။

ဂျာနယ်ကို အမြန် လှန်ကြည့်တော့ သပ်သပ်ရပ်ရပ်ကလေး။

သူ့ ဆောင်းပါးကတော့ မပါတော့။ သူငယ်ချင်းများ ဖြစ်သော ဒေါက်တာစိုးလွင်၊ ဒေါက်တာရဲ တို့၏ ဆောင်းပါးတို ကလေးများကိုတော့ တွေ့ရသည်။ အယ်ဒီတာချုပ် နာမည်ကို

ဖတ်ကြည့်လိုက်တော့လည်း စာပေ သြဇာကိတ္တိမ ရှိသူ အယ်ဒီတာကြီး တစ်ဦး၏ အမည်။ မဆိုးပါဘူး။ အများအကျိုး ရှိသည့် ကိစ္စပဲ။ ပြန်ရေးပေးဦးမှ။

အလို။

ထုတ်ဝေသူ နာမည်ကို မြင်တော့ ဒေါက်တာမြတ်ထွန်း မျက်လုံးပြူးသွားသည်။

ဒေါ်မေကြာဖြူ။ မြဲ ( . . . )

'သမီးက ပိုင်ရှင်လား'

သွားတက်ကလေးများ ပေါ်အောင် ရယ်ပြန်သည်။

'ကြာဖြူပဲ ခေါ်ပါဆရာ၊ ဟုတ်ပါတယ်၊ ကြာဖြူက ယူကေမှာ ပတ်ဘလစ် ရီလေးရှင်း အင်န် မီဒီယာ ပညာသင်ခဲ့ပြီး ပြန်လာတာပါ၊ မိဘတွေကတော့ ဟိုမှာပဲ ကျန်ခဲ့တော့ ဒီမှာတစ်ယောက်တည်း ဆိုတော့ ကြာဖြူပဲ ဦးစီးရပါတယ်၊ ကူညီပါနော် ဆရာ'

မေကြာဖြူ ပြန်သွားတော့ ဒေါက်တာမြတ်ထွန်း လက်ထဲမှာ မေးခွန်းတစ်စုံ၊ ရင်ထဲမှာ မေးခွန်းကုဋေကုဋာ ကျန်ခဲ့ပါသည်။

သည်မိန်းကလေးနှင့် သူ ဆုံတွေ့ခြင်းသည် ဖြစ်ရိုးဖြစ်စဉ် ပုံမှန်မဟုတ်ဟု သူခံစားနေရသည်။ သို့သော် မည်သည့်အချက်က ပုံမမှန်သည်ကိုမူ တွေး၍မရ။

(၅)

သူနေထိုင်ရာ ကွန်ဒိုမီနီယမ် တိုက်ခန်းကလေးသို့ မေကြာဖြူ ပြန်ရောက်တော့ ညနေ ၇ နာရီ။

မီးကတော့ လာနေသည်။ မီးစက်မီးလား။ အိမ်မီးလားတော့ မသိ။ လုံခြုံရေးဝန်ထမ်းများက ပုံမှန်ပြောင်းပေးသဖြင့် မေကြာဖြူ သိရန်မလို။

စားပွဲပေါ်က လက်ပ်တော့ပ် ကွန်ပျူတာကို အရင်သွား ခလုတ်ဖွင့်သည်။ ပြီးမှ ရေခဲသေတ္တာထဲက ရေအေးဖန်ချိုင့်ကို ထုတ်ယူပြီး ရေငွေ့သောက်သည်။

ကွန်ပြူတာ ဝင်းဒိုးတက်ပြီးသည်နှင့် 'မော်နီတာ' ပေါ်တွင် အသက် ၂၀ ခန့်အရွယ် အသားဖြူဖြူ ရုပ်ချောချော ယောက်ျားကလေးတစ်ဦး၏ ပုံပေါ်လာသည်။

မေကြာဖြူက ကွန်ပျူတာရှေ့ စားပွဲတွင် ထိုင်၍ ပုံကို စိုက်ကြည့်သည်။

'ဖိုးခွား၊ ငါ အဲဒီလူကြီးနဲ့ ဒီနေ့ တွေ့ခဲ့ပြီ၊ သိလား'

ဖိုးခွားက ကွန်ပြူတာထဲမှ ပြုံးပြုံးကလေး ပြန်ကြည့်နေသည်။ ဂျေပက်ဖိုင်(jpeg-file) ဓာတ်ပုံတစ်ပုံမျှသာ ဖြစ်သော ဖိုးခွားက ဘာမှ ပြန်မပြောနိုင်ပါ။

မေကြာဖြူ မျက်ရည်များ စို့လာသည်။

'ပြဿနာပဲ ဖိုးခွားရယ်၊ အဲဒီ လူကြီးက So Nice မွန်ရည်လွန်းအား ကြီးနေတယ်'

ဖိုးခွားက ဘာမှ ပြန်မဖြေဘဲ ပြုံးပြုံးကလေး ကြည့်နေပါသည်။

✦✦✦✦✦✦✦

## အခန်း(၂)

## မေတ္တာပဥ္စလက်

(၁)

ကုန်တော့မည်။

ဆရာဝန်များ နားနေခန်းအတွင်းမှ ခုတင်ပေါ်တွင် သူ ချစီထားသော ငွေစက္ကူ အဟောင်း အနွမ်းထုပ်များကို ကြည့်၍ ဒေါက်တာမင်းခန့် ရင်လေးနေသည်။

ပိုက်ဆံ တစ်သိန်း၊ တစ်သိန်း ဘာမှလည်း မသုံးရ။

ကွန်ပျူတာ ဓာတ်မှန်ဖိုး မတတ်နိုင်သူက တစ်ယောက်၊ သွေးစစ်ခ မတတ်နိုင်သူက သုံးယောက်၊ ဆေးဖိုး မသောက်နိုင်သူက သုံးယောက်၊ ဒါတောင် အိမ်ပြန်စရာ စရိတ်မရှိတော့လို့ ဆိုသည့် လူနာကို ဆရာကြီး ဒေါက်တာမြတ်ထွန်းက သူ့အိပ်ကပ်ထဲက ထုတ်ပေးလိုက်ပေလို့။

ယခုတော့ လူနာဆောင်ကို စေတနာရှင်တွေ လာလှူထားသည့် အလှူငွေထုပ်က ကြဲလို့နေပြီ။ ဆရာကြီး သွားပြောလျှင်တော့ ထုံးစံအတိုင်း အပြုံးမပျက်။ လူနာမတတ်နိုင်ရင် ပေးလိုက်ပါကွာ။ ကုန်ရင် ငါရှာပေါ့မယ်ဟု ပြောဦးမည်။ မှန်လည်းမှန်သည်။ ဆေးရုံဆင်းသည့် လူနာ တွေထဲက နည်းနည်း တတ်နိုင်ပုံပေါ်သော လူနာတွေကို သူ ဘယ်လောက် အာပေါက်အောင်

အလှူခံလည်း ရတော့ 'ထောင်' ဂဏန်းလောက်။ ကံမကောင်းလျှင် အဲဒါ ဂျာနယ်ထဲ ပါသွားဦးမည်။ ဆရာကြီး သွားပြောလိုက်လျှင် တစ်ရက်လောက် စောင့်လိုက်သည်နှင့် ဆရာကြီး လူနာဟောင်း စီးပွားရေး လုပ်ငန်းရှင် တစ်ဦးဦး ငွေထုပ်ပိုက်၍ ရောက်လာတတ်စမြဲ။ ဆရာကြီးကလည်း သူ့ကို ကျေးဇူးတင်၍ ကန်တော့ချင်ပါသည် ပြောတိုင်း ကျွန်တော့်ကို မကန်တော့ပါနဲ့။ လူနာဆောင်ထဲက ဆင်းရဲတဲ့ လူနာတွေအတွက် ဒေါက်တာမင်းခန့်ဆီမှာ သွားလှူကြပါဟု ပြောလေ့ရှိသည်။

'ဆရာခန့်၊ ဆရာကြီး အခန်းထဲက ထွက်လာပြီ၊ ရောင်း မယ့်ပုံတော့ မပေါ်ဘူး၊ ချိုင်းကြားမှာ အိတ်ပါ ညှပ်လာတယ်၊ အစည်းအဝေး ရှိတဲ့ ပုံပဲ'

လက်ထောက် ဆရာဝန်ကလေး တစ်ဦးက အခန်းထဲ ဝင်လာပြောသဖြင့် 'ဟေ' ဟု ဆိုကာ ကမန်းကတမ်း ပိုက်ဆံများ ဗီရိုထဲ ပြန်ထည့် သော့ခတ်၍ ထွက်လာခဲ့သည်။

ဒေါက်တာမြတ်ထွန်းက တကယ်ပဲ ချိုင်းကြားမှာ အိတ်ညှပ်ကိုင်၍ လူနာဆောင်အလယ်မှာ ရပ်စောင့်နေသည်။

'ဆရာ၊ ဆေးကျောင်းလား၊ ဌာနမှူးဆီလား'

ဒေါက်တာမြတ်ထွန်းက ခေါင်းခါပြသည်။

'တိုင်းဦးစီးမှူးရုံးမှာ တင်ဒါ အစည်းအဝေးတဲ့၊ မင်း ဘာပြချင်လို့လဲ'

'ဝါတဲ့ ၁၉ နှစ်သား ကောင်ကလေးတစ်ယောက် ပြချင်လို့ ဆရာ၊ ကိုမာ ဝင်နေပြီထင်တယ်၊ ခေါ်ရင် မထူးတော့ဘူး'

ဒေါက်တာမြတ်ထွန်း ခေါင်းညိတ်သည်။

'ငါ ရီပို့ဒ်ထဲမှာ တွေ့တယ်၊ မင်း အဝါတွေကလည်း များလှချည့်လား၊ တစ်ပြိုက်နက်တည်း သုံးယောက်တောင်၊ ဘာလဲ၊ ဘုရားပွဲ ရှိနေလို့လား'

အသည်းရောင် အသားဝါ ရောဂါမှာ ဆိုင်ခန်းများမှ ရောင်းချသော အစားအသောက် မသန့်ပြန့်လျှင် အစုအပြုံလိုက် ဖြစ်တတ်သောကြောင့် မေးခြင်း ဖြစ်ပါသည်။

'ကျွန်တော်တောင် အဲသလိုထင်လိုက်သေးတယ် ဆရာ၊ ဒါပေမယ့် တစ်နေရာစီက လာကြတာပါ'

'ပြီးရောလေ၊ ကဲ ဘယ်မှာလဲ၊ အဲဒီ ကောင်ကလေး'

ဒေါက်တာမင်းခန့် လူနာမှတ်တမ်း စာရွက်များကို ယူ၍ ဒေါက်တာမြတ်ထွန်းကို ခေါ်သွားတော့ နောက်မှ ဆရာဝန်၊ ဆရာမ ၁၀ ဦးခန့် လိုက်လာကြသည်။

'ဆရာကြီးရယ်၊ သားလေးကို ကယ်ပါဦး'

အသက် ၄၀ ကျော်အရွယ် လူနာမိခင်က တုန်တုန်ယင်ယင် နှင့် ဆီးပြောသည်။

လူနာက ကျောင်းသားအရွယ် လူငယ်ကလေး။ အိပ်ရာပေါ်တွင် ဘေးစောင်းလှဲပေးပြီး ပြန်ပြုတ်မကျအောင် ခေါင်းအုံးများဖြင့် ခုထားပေးသည်။

မျက်လုံး နှစ်ဖက်စလုံး ပွင့်နေသော်လည်း သတိမရ။ အသက် ရှူတိုင်း ဟောက်သံလိုလို၊ ချွဲပိတ်သံလိုလို အသံကြီး မြည်နေပြီး အသားကတော့ နနွင်းလိမ်းထားသလို ဝါနေသည်။

'ဒါ ဘာပေးထားတာလဲ'

ဒေါက်တာမြတ်ထွန်းက လူနာလက်တွင် တပ်ထားသော အကြောဆေးကို ကြည့်၍မေးသည်။ ပလိန်းပဲ ဆရာဟု ဒေါက်တာမင်းခန့်က ဖြေသည်။

ဒေါက်တာမြတ်ထွန်းက သူ့လက်ဖဝါးတစ်ဖက်ကို လူနာခေါင်းအောက်မှ ပင့်မပေးရင်း လူနာကို ပက်လက်အနေအထား ပြင်ပေးတော့ သူနာပြု ဆရာမများက ကူ၍ နေရာ ချပေးကြသည်။

ဒေါက်တာမြတ်ထွန်း လူနာ ခေါင်းအောက်မှ လက်ကို မတင်လိုက်တော့ လူနာက ဇက်ကြီး အတောင့်သားနှင့် ပါလာသည်။

'အိမ်မှာ မွေးမြူရေး လုပ်ငန်း ရှိလား အမေ'

'ရှိပါတယ် ဆရာကြီး၊ ကြက်ရော၊ ဘဲရော၊ ဝက်ပါ မွေးပါတယ်'

ဒေါက်တာမြတ်ထွန်းက ဒေါက်တာမင်းခန့်ကို လှည့်ကြည့်၍ လက်ပ်တိုစပိုင်ရိုးဆစ် အတွက် စစ်ပေတော့။ အခု စီပင် စထိုးတော့ဟု တိုးတိုးပြောသည်။

'ဆရာတို့ ကြိုးစားကြည့်ဦးမယ် အမေ၊ အခုလည်း ဆေးတစ်မျိုး ထပ်ထိုးကြည့်မယ်၊ အစပ်အဟပ်တည့်သွားရင်လည်း တဖြည်းဖြည်း ကောင်းလာမှာပဲ၊ အပိုင်ပြောဖို့တော့ စောသေးတယ်'

ဒေါက်တာမြတ်ထွန်း လူနာအမေဘက်သို့ လှည့်ရှင်းပြပြီး လက်ဆေးရန် ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားတော့ ဒေါက်တာမင်းခန့် ပါးစပ်အဟောင်းသားဖြစ်၍ ကျန်ခဲ့ပါသည်။

(၂)

'ကျွန်တော် လုံး၀ မတွေးလိုက်မိဘူး ဆရာရယ်၊ တွေးမိရင် ဇက်ကလေးတော့ မကြည့်လိုက်မိမှာ'

လက်ဆေးပြီးသွားသော ဒေါက်တာမြတ်ထွန်းကို လက်သုတ်ရန် တဘက်အငယ်ကလေး လှမ်းပေးရင်းက ဒေါက်တာမင်းခန့် ပြောလိုက်သည်။

ဒေါက်တာမြတ်ထွန်းက ပြုံးသည်။

'ကိစ္စမရှိပါဘူး၊ ဒီက ရှေ့လျှောက် မင်းအမြဲ စဉ်းစားမိတော့မှာပေါ့၊ ပထမ အကြိမ်ဆိုတာ လူတိုင်းမှာ ရှိတာပဲ။ မမှားသော ဆေးသမား မရှိပါဘူးကွာ'

ဒေါက်တာမင်းခန့်က ရယ်၍ မသေသော ဆေးသမားပါ ဆရာရဲ့ ဟု ပြောတော့ ဒေါက်တာမြတ်ထွန်းက ခေါင်းခါသည်။

'မှားတိုင်းမှ မသေတာ၊ တို့တစ်တွေက အဖွဲ့လိုက် အလုပ်လုပ်ကြတော့ တစ်ယောက်အမှားကို တစ်ယောက်က သတိပေးလို့ ရတယ်လေ၊ မှားပြီး မသေခင်မှာ ပြင်နိုင်ရင်တော့ တရားစွဲမခံရဘူးပေါ့'

'ဆရာကလဲ ဒီကလူတွေက တရား မစွဲတတ်ကြပါဘူး'

'အဲဒါလေး ကယ်နေလို့ပေါ့ကွ၊ နိုင်ငံခြားမှာလိုသာဆို တရားစွဲရင် မခက်ဘူးလား၊ ဆရာ ယူကေမှာ လုပ်တုန်းက ဆရာ့ လစာရဲ့ အစွန်းထွက်လောက် ပမာဏကို အာမခံ ကုမ္ပဏီကို လစဉ် အပ်ထားရင် တရားစွဲခံရရင် အဲ့ဒီ ကုမ္ပဏီက ဝင်ရှင်းပေးတယ်၊ ဒီမှာ ဆရာ့လခကို အကုန်ပေးလည်း ဘယ်ကုမ္ပဏီမှ လာမှာမဟုတ်ဘူး၊ ကိုယ်တွေက မေတ္တာသက်သက် နဲ့ လုပ်ပေးနေတယ်လို့ လူနာအများစုက လက်ခံပြီးဂါရ၀ ပြန်ထားနေကြလို့ လုပ်ရတာ ပျော်စရာ ကောင်းနေတာ၊ ဒီကြားထဲ စုန်းပြူး တစ်ယောက် နှစ်ယောက်ရှိတာ ဖမ်းထောက်ပြီး ဝါးလုံးရှည်နဲ့ သိမ်းကျုံးရိုက်တဲ့ ဂျာနယ်တွေက ရှိသေး'

ဂျာနယ်ဟု ပြောလိုက်သည်နှင့် ဟို ကြည်လင်သန့်စင် လွန်းသော အလုပိုင်ရှင် မိန်းကလေးကို ဖျက်ကနဲ သတိရမိသည်။

'အော် ဂျာနယ်ဆိုလို့၊ ဆရာ ဟိုနေ့က သတင်းထောက်မလေး ဆေးခန်း လိုက်လာသေးလား'

ဒေါက်တာမြတ်ထွန်းက ပြုံး၍ ခေါင်းညိတ်ပြသည်။

'ဘာလဲကွ၊ လှလှကလေး မြင်တာနဲ့ ငါ့လူပျိုကြီး ရင်ခုန်နေပြီလား၊ သဘောပဲ မောင်၊ အဲ့ဒါ သတင်းထောက် မကလေး မဟုတ်ဘူး၊ ဘောစ့်၊ အဲဒါ ဂျာနယ်တိုက်ပိုင်ရှင်၊ နိုင်ငံခြားမှာ ပညာသင်လာတာ၊ အပျိုတဲ့၊ နာမည်ကလည်း လှလှကလေး၊ မေကြာဖြူ တဲ့၊ ငါမိတ်ဆက် ပေးရမလား'

ဒေါက်တာမင်းခန့် ရှက်ကိုးရှက်ကန်းနှင့် ရယ်သည်။

'လှတာတော့ တော်တော် သတိထားမိပါတယ် ဆရာ၊ အဲဒါကြောင့် မေးတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဆရာ'

'ဘာလဲ'

'ပိုင်ရှင်ကိုယ်တိုင် အင်တာဗျူးလာတာ မထူးဆန်း လွန်းဘူးလား'

ဒေါက်တာမြတ်ထွန်းက ပခုံးတွန့်ပြ၍ တချို့လူငယ်တွေက အလုပ်ကို အစပိုင်းမှာ ကတည်းက အောင်မြင်ချင်ဇောနဲ့ ကိုယ်တိုင် အားလုံး ဝင်လုပ်တတ်တယ်ဟု ဖြေပြီး ထွက်ခွာသွားပါသည်။

(၃)

ကတ္တရာလမ်းကို ဖြတ်ကူးမည် ကြံစည်နေသော ဒေါက်တာမင်းခန့်ဘေးသို့ ကားဖြူဖြူကလေး တစ်စီး ဆိုက်၍ မှန်တံခါး ပွင့်လာသည်။

နေကာမျက်မှန် ချွတ်လိုက်တော့ ကားမောင်းသူ၏ မျက်နှာလှလှကလေး ပေါ်လာသည်။

မေကြာဖြူ။

'ဆရာ မှတ်မိလား'

ခေါင်းညိတ်ပြ၍ မေကြာဖြူပါလား ဟု နှုတ်ဆက်လိုက်တော့ မျက်ခုံးကလေး နှစ်ဖက် မြင့်တက်သွားသည်။

'ဆရာက ကြာဖြူ့နာမည်ပါ သိနေပြီကိုး'

'ဆရာကြီး ပြောပြလို့ပါ၊ အခုရော ဆရာကြီးဆီ လာတာလား'

ခေါင်းညိတ်သည်။

'စာမူလာယူတာ၊ ဆရာကြီးအစည်းအဝေး သွားတယ်ဆိုလို့ ပြန်ထွက်လာတုန်း ဆရာ့ကို မြင်လို့ ရပ်လိုက်တာ၊ အိမ်ပြန်မလို့လား ဆရာ၊ နေသိပ်ပူတယ်၊ ကြာဖြူ ပို့ပေးမယ်လေ'

ဘုရားရေ။

သည်လောက်လှသည့် မိန်းကလေးတစ်ဦး မောင်းသည့် ကားလှလှကလေးနှင့် ပို့ပေးမည် ဆိုပါလား။ တကယ် အိမ်ပြန်တာသာ ဖြစ်လိုက်ပါတော့။

'မဟုတ်ဘူး ကြာဖြူ၊ တို့က နေ့လည် အိမ်ပြန်လေ့ မရှိဘူး၊ ဟိုနားက ကံ့ကော်ဆေးခန်းမှာ လူနာတစ်ယောက် ပြချင်လို့ ဆိုလို့ သွားကြည့်ပေးလို့၊ လမ်းကူးရုံလေးပဲ၊ ကျေးဇူးပဲ'

မေကြာဖြူက ရယ်သည်။

'ကံ့ကော်ကို ကြာဖြူ သိပါတယ်၊ နည်းနည်းတော့ လျှောက်ရမှာပါ၊ လာပါ၊ ကြာဖြူက အားနေတာပဲ၊ ဘာလဲ၊ အမျိုးသမီးက မိန်းကလေးတွေ မောင်းတဲ့ကား မစီးရဘူးလို့ မှာထားလို့လား'

ရင်းရင်းနှီးနှီး ပြောချလိုက်သော စကားကြောင့် ဒေါက်တာမင်းခန့် မျက်နှာ ပူထူသွားသည်။

'ဟာ မဟုတ်ပါဘူး၊ တို့က အမျိုးသမီး မရှိပါဘူး'

မေကြာဖြူက ရယ်ပြန်သည်။

'သက်သက် စတာပါ၊ ဆရာ ဦးမင်းခန့်က လူပျိုကြီးမှန်း သိပါတယ်၊ လာပါ၊ ကားပေါ် တက်ပါ'

ဘုရားရေ။ သူလည်း ငါ့နာမည်ကို သိနေပါလား ဟု စဉ်းစား၍ မေကြာဖြူ ဖွင့်ပေးသော တစ်ဖက် ကားတံခါးမှ ဝင်ထိုင်လိုက်သည်။

(၄)

ကံ့ကော် ဆေးကုခန်း ဆင်ဝင်ရှေ့မှာ ကားပေါ်မှ လက်ပြ နှုတ်ဆက်ပြီး ကားမောင်း ထွက်ခွာသွားသော မေကြာဖြူကို ကြည့်၍ ဒေါက်တာမင်းခန့် ခဏမျှ မင်သက်နေမိသည်။

ပြီးမှ ရုတ်တရက် သတိဝင်လာပြီး ဆေးခန်းဘက် လှည့်လိုက်တော့ သူနှင့် အလွန်နီးကပ်စွာ ရပ်နေပြီး ပြုံးဖြီးဖြီးကြီး လုပ်နေသည့် ဆရာရှိန်နှင့် ပက်ပင်းတိုးမိသည်။

myanmar ONLINE teashop www.mmteashop.com

ဆရာရှိန်ဆိုတာက ပါမောက္ခဒေါက်တာမြတ်ထွန်း၏ သူငယ်ချင်း ပါမောက္ခ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး တစ်ဦးဖြစ်ပြီး အလွန် ပျော်တတ်သူလည်း ဖြစ်ပါသည်။

'ကုသ . . .ကုသ'

'ဘယ်သူ့ကို ကုသ ရမှာလဲ ဆရာရဲ့'

'ဘယ်သူ့မှ မကုသရဘူး၊ မင်းကို နာမည်ပေးနေတာ၊ မင်းကုသ လို့'

ဒေါက်တာမင်းခန့် မျက်နှာ ရှုံ့မဲ့သွားသည်။

'ဆရာရှိန်ကလည်း၊ ကျွန်တော် အဲ့သလောက် ရုပ်မဆိုးပါဘူး၊ ပျှမ်းမျှခြင်းထက် နည်းနည်း ကလေးပဲ ဆိုးတာပါ'

ဆရာရှိန်ကို ဟက်ဟက်ပက်ပက် ရယ်၍ သူ့ပခုံးကို ပုတ်သည်။

'ဟုတ်ပါတယ်ကွ၊ မင်းက သိပ်ရုပ်မဆိုးပါဘူး၊ ကောင်မလေးက လှလွန်းနေတော့ တွဲလာတဲ့ မင်းက မင်းကုသ ဖြစ်သွားတာပေါ့၊ တော်တော်ခက်တဲ့ မိန်းကလေးတွေကွာ၊ ငါတို့ငယ်ငယ် လူပျိုဘဝ တုန်းက ဘယ်များ ရောက်နေကြတယ် မသိဘူး။'

မေကြာဖြူ ထွက်သွားရာ လမ်းဘက်သို့ လက်ဝှေ့ယမ်းပြ၍ ဆိုသည်။

'ဆရာ ငယ်ငယ်က ဆိုလည်း ဆရာ့ကြိုက်မှာ မဟုတ်ဘူး၊ ဆရာ့ သူငယ်ချင်း ကျွန်တော့် ဆရာပဲ ကြိုက်မှာ'

ရင်းနှီးနေသူတွေ ပီပီ ဒေါက်တာမင်းခန့်က စကားနိုင်လု၍ ပြောလိုက်သည်။

'အောင်မာ၊ မင်းက မင်းဆရာ အခု ရုပ်ဖြောင်တာ ကြည့်ပြီး အထင်ကြီးနေ၊ မြတ်ထွန်း ကျောင်းသားတုန်းက မည်းမည်းပိန်ပိန် ခြောက်ခြောက်၊ ဘယ်ကောင်မလေးမှ မကြိုက်ဘူး၊ ဒီကောင် ကြီးလာမှ ဖြူလာ၊ ချောလာတာ၊ အခုတော့လည်း ဒီကောင့်နား သွားနေရင် မင်းတောင် ဘယ်သူမှ ကြိုက်မှာ မဟုတ်တော့ဘူး'

'အဲဒါဆိုလည်း ပြီးရောပေါ့၊ ဒါလည်း ကျွန်တော့်အသိ မဟုတ်ဘူး၊ ဆရာ့မိတ်ဆွေပဲ၊ ကျွန်တော့်ကို လမ်းမှာတွေ့လို့ ကားကြုံ တင်ခေါ်လာတာ'

ဟောခနဲ ပြည်တမ်း၍ ဆရာရှိန် မျက်လုံးပြူးသွားပါသည်။



Typing by noel &LICH

(၅)

ဒေါက်တာမြတ်ထွန်း ဧရာမ ဖိုင်တွဲကြီးနှစ်ခု၊ တစ်ခု ချိုင်းတစ်ဖက်စီ ညှပ်၍ ဝင်လာတာ တွေ့ရသဖြင့် ဒေါက်တာမင်းခန့်ရော၊ လက်ထောက်ကထိက ဒေါက်တာ ယဉ်နွယ်အေးရော ကမန်းကတမ်း ပြေး၍ တစ်ယောက် တစ်ခုစီ ယူပေးကြသည်။

ဒေါက်တာ မြတ်ထွန်း ထုတ်ပေးသော သော့ကို ယူ၍ အခန်းကိုပြေးဖွင့်ပြီး ဒေါက်တာ မြတ်ထွန်း၏ ရုံးခန်းထဲသို့ သုံးယောက်အတူ ဝင်ခဲ့ကြသည်။ ဖိုင်တွဲများကို စားပွဲပေါ် အချတွင် စားပွဲပေါ်က ဘူးလှလှကလေးကို ဒေါက်တာမြတ်ထွန်း မြင်သွားသည်။

'ဘာလေးလဲကွ'

'မသိဘူး ဆရာ၊ ဆရာမရှိတုန်းကို ဂျာနယ်တိုက်က ချောချောကောင်မလေး လာသွားတယ်၊ ဆရာခန့်လည်း အောက်ခဏ ဆင်းသွားတာနဲ့ ကျွန်မနဲ့ပဲ တွေ့တာ၊ အမေး အဖြေတွေ ရပြီလား လို့တဲ့၊ ကျွန်မလည်း ဆရာ ဘာမှ မမှာသွားဘူးလို့ ပြောတော့ ထပ်လာခဲ့ပါမယ်၊ အဲဒါလေး ဆရာ့ကို ပေးပေးပါဆို ပေးသွားတာနဲ့ ကျွန်မ တံခါးဖွင့်ပြီး ဆရာ့စားပွဲပေါ် တင်ပေးထားတာ'

ဒေါက်တာမြတ်ထွန်းက ဘူးလှလှကလေးကို ကောက်ယူ၍ ဖွင့်ကြည့်လိုက်တော့ လက်ကြယ်သီး မပါသော အဖိုးတန် ရှပ်အင်္ကျီများတွင် ကြယ်သီးအဖြစ် ချိတ်ဆက် အသုံးပြုရသော 'ကပ်ဖ်လင့်' ကြယ်သီးတစ်စုံ ထွက်လာသည်။

ငွေအစစ်ပါလား။ စတာလင် ဆေးလ်ဗားတဲ့။ ယူကေနိုင်ငံထွက် ပစ္စည်း။ ဒီလောက် တန်ဖိုးကြီးမားတဲ့ လက်ဆောင် ဘာလို့များ ပေးတာပါလိမ့်။

တကယ်တော့ ဒေါက်တာမြတ်ထွန်းလည်း ကပ်ဖ်လင့် သိပ်သုံးလေးမရှိ။ တခမ်းတနား နိုင်လွန်းသည်။ အလုပ်များနေသော ဆရာဝန်တစ်ယောက်က သည်လို အဖိုးတန် ပစ္စည်းတွေနှင့် ရှုရှုကလေး ဝတ်စားမနေသင့်ဟု ထင်သည်။ ပြီးတော့ ဒါမျိုးက အဲသည်အတွက် ရည်ရွယ် ချုပ်ထားသည့် ရှပ်အင်္ကျီ ရှိမှ ဖြစ်တာမျိုး။ သည်မှာတော့ ဝတ်လေ့ ဝတ်ထ သိပ်မရှိကြသဖြင့် ဝတ်၍လည်းမရ တတ်။ သည်ကောင်မလေးက ဒါပေးဖို့ ဘယ်လိုလုပ် စိတ်ကူးရတာတဲ့လဲ။

ဟာ ဟုတ်ပါရဲ့။

အဲသည်နေ့က သူ အဲသည့် အင်္ကျီမျိုး ဝတ်ထားသည်။ 'ကပ်ဖ်လင့်'လည်း တပ်ထားသည်။ ဆေးတက္ကသိုလ် အစည်းအဝေးကို အနောက်တိုင်း ဝတ်စုံအပြည့်ဝတ်၍ တက်ခဲ့မိသဖြင့် ဆေးခန်း ရောက်တော့ အဲသည်အတိုင်း။ အဲသည့်အချိန်မှာ ကောင်မလေး လာသည်။

myanmar ONLINE teashop
www.mmteashop.com

သူ ဘယ်လောက် ဂရုတစိုက် ကြည့်သွားသည်ဆိုတာ ပြချင်တာပေါ့။

မျက်နှာ နွေးခနဲ ဖြစ်သွားသည်။

မကြည်နူးတော့ပါဘူး မိန်းကလေးရယ်။ သားသမီးသာ ထွန်းကားခဲ့ပြီး စောစောလည်း အိမ်ထောင်ကျဖြစ်မယ်ဆိုရင် မင်းက သမီးအရွယ်ပါပဲ။

'ဘာလေးလဲဟင် ဆရာ'

ဒေါက်တာမင်းခန့်က မေးသည်။

'လက်ကြယ်သီးကလေးပါ။ ဒါထက် မင်းတို့ မနက်က ပြတဲ့လူနာ ဘယ်လိုနေသေးလဲ'

ဒေါက်တာမြတ်ထွန်းက စကားလမ်းကြောင်း လွှဲသည်။

'အဲဒီလူနာ ပြမလို့ ဆရာ့ကို စောင့်နေကြတာ'

'မကောင်းဘူးလား'

'ဆရာ လိုက်ကြည့်ပါဦး'

ဒေါက်တာမြတ်ထွန်းက လက်ထဲက ဘူးလုလုကလေးကို စားပွဲပေါ် ပြန်ချ၍ လူငယ်နှစ်ယောက် နောက်ရာ လိုက်လာခဲ့သည်။

ဘုရားရေ။

လူနာက ထိုင်ရက်ပါလား။

ဆေးရုံခုတင် ခေါင်းရင်းဘက်ကို ခေါင်းအုံးများ ခု၍ မှီထိုင်နေသော ၁၉ နှစ်သားကလေးက ဝင်လာသော ဆရာဝန်များကို ဆီး၍ ပြုံးပြသည်။

ခုတင်ဘေးတွင် ထိုင်နေသော မိခင်က ဒေါက်တာမြတ်ထွန်း ဝင်လာသည်နှင့် ကမန်းကတန်း နေရာမှ ထ၍ လက်အုပ်ချီသည်။

'ဆရာကြီး၊ ကြည့်ပါဦး ဆရာကြီးရယ်၊ ကျွန်မသားလေး သတိရနေပြီ၊ ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်'

ဒေါက်တာမြတ်ထွန်းက တည်ငြိမ်စွာ ပြန်ပြုံးပြ၍ လူနာကို စမ်းသပ်ကြည့်သည်။

'အဖျားလည်း ကျလာပြီ၊ မြန်သားပဲ၊ ကောင်းတယ်၊ ကောင်းတယ်၊ နက်ဖြန်လောက်ဆိုရင် ဝါတာပါ သက်သာမှာ၊ သွေးစစ်တာရော ရပြီလား'

'ပေ့ါစတစ် ဆရာ၊ ဆရာထင်တဲ့အတိုင်းပဲ၊ ကွက်တိ'

ဒေါက်တာမင်းခန့်က အားရပါးရ ဝင်ပြောသည်။

'ကွက်တိမနေနဲ့၊ မင်း လက်ဖက်ရည် တိုက်ရမယ်'

ဒေါက်တာမင်းခန့်က ရယ်သည်။

'လက်ဖက်ရည်တွေရော၊ မုန့်တွေရော သူတို့ လာပို့ထားပြီးသား ဆရာရဲ့၊ ထည့်လိုက်ရုံပဲ'

လူနာမိခင်က မျက်လှည့်ပြလိုက်သလိုပါပဲ ဆရာကြီးရယ်။ ဆရာကြီးက တော်လိုက်တာ။ သားလေး၊ ဆရာကြီးကို ကန်တော့လိုက်လေဟု ဝင်ပြောတော့ လူနာက လက်အုပ်ချီ၍ ဆရာကြီး ကန်တော့ပါတယ် ဟု ဆိုသည်။

'အေး အေး သာဓု၊ သာဓု၊ သာဓု၊ သားလေး မြန်မြန်ပြန်နေကောင်းပါစေ'

လူနာကို ဆုတောင်းပေးရင်းက ကတိသစ္စာ၊ တည်သောခါဝယ်၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်သည် ဆိုသည့် ရှေးကဗျာကို ရွတ်ပြသွားသော မေကြာဖြူကို ဖျတ်ကနဲ သတိရမိပြန်သည်။

(၆)

နို့မပါ။ သကြားမပါ ကော်ဖီမှုန့်သက်သက်ကို စက်နှင့်ကျိုထားသည့် ကော်ဖီခွက် အငွေ့တထောင်းထောင်းကို ကိုင်လျက်က မေကြာဖြူ ပြတင်းပေါက်မှ ငေးကြည့်နေသည်။

အောက်က လမ်း၃၀၊ လမ်းမကြီးပေါ်တွင်တော့ ဆိုင်ကယ်များ၊ ကားများ ပျားပန်းခတ်သလို လှုပ်ရှားသွားလာနေကြသည်။

သူ့ရုံးခန်း ကုလားထိုင်ဘေး ကွန်ပျူတာဆီမှ 'You Got Mail' (စာဝင်ပါတယ်) ဟု အော်သံ ထွက်လာသည်။ တစ်ချက်မျှ ယောင်ယမ်း လှည့်ကြည့်မိသော်လည်း စိတ်မဝင်စားမိ။

ဖေဖေနှင့် မေမေပဲ နေမှာပါ။ သူ့ကို ပြန်လာဖို့ နားချကြတာပဲ နေမှာပါ။

တံခါးခေါက်သံ ဖွဖွထွက်လာပြီး သူ့အတွင်းရေးမှူးမ ကလေးက ခေါင်းပြူကြည့်၍ မမမြို့တော်ဝန်ရုံး ဒီနေ့ သွားမှာလားဟု မေးသည်။ ခေါင်းကို ဖြည်းဖြည်း ခါပြလိုက်တော့ ပြန်ထွက်သွားသည်။

ဘယ်လို ဖြစ်တာလဲ။

အလုပ် လုပ်ရမှာလည်း စိတ်မပါ။ ဒေါက်တာ မြတ်ထွန်းဆီ ဖုန်းဆက်၍ စာမူပြီးမပြီး မေးဖို့ ကိုလည်း စိတ်မပါ။

ဒေါက်တာ မင်းခန့်။ ဒေါက်တာမင်းခန့်။

ရှင်က ဘာကိစ္စ အဲဒီလူကြီး အနားမှာမှ ရှိနေရတာတဲ့လဲ။

✦✦✦✦✦✦✦

## အခန်း (၃)

## ခြောက်ရောင် မောင်းကိုသာ

(၁)

ဒေါက်တာမြတ်ထွန်း ရုံးခန်းရှေ့ မေကြာဖြူရောက်တော့ အိတ်အကြီးကြီးလွယ်၍ ယူနီဖောင်း ဝတ်ထားသူ မိန်းကလေးသုံးဦး ထိုင်နေတာ တွေ့ရသည်။ လက်ထဲတွင်လည်း ကိတ်မုန့်ဘူးကြီး တစ်ခုနှင့်။ ဖွင့်ကြည့်လျှင်တော့ 'ကောင်းသောနှစ်သစ်ပါ၊ ပါမောက္ခမြတ်ထွန်း' ဆိုသည့် အဓိပ္ပာယ်ရသော အင်္ဂလိပ်စာတန်းနှင့် သူတို့အလုပ်လုပ်သော ကုမ္ပဏီ နာမည်ကို ရေးထားမှာ သေချာလှသည်။

သူက ပြုံးပြ၍ သူတို့ဘေးမှာ ဝင်ရပ်တော့ မိန်းကလေးတစ်ဦးက သူတို့အချင်းချင်း အနည်းငယ် ပူးထိုင်ပေးပြီး လွတ်သွားသော ခုံစွန်းကို မေကြာဖြူထိုင်ရန် ပြသည်။

သင့်ခ်ဟု ပြုံးပြပြီး ခေါင်းခါကာ ဆက်ရပ်နေလိုက်သည်။

'ဘယ်ကုမ္ပဏီကလဲ'

မေကြာဖြူကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း မိန်းကလေးတစ်ဦးက တိုးတိုးမေးသည်။

မှန်ပါသည်။ မြန်မာဝတ်စုံကိုပင် ကြေးကြီး ဒီဇိုင်နာနှင့် အပ်၍ စနစ်တကျ လှပစွာ ချုပ်ထားသည်မှာ သေချာလှသော အဝတ်အစားနှင့် တန်ဖိုးကြီးသော အသားအရေ ထိန်းသိမ်းမှု ပစ္စည်းများကို မှန်မှန်အသုံးပြုပြီးမှ မိတ်ကပ်မလိမ်းခြယ်ဘဲ ထားထားသော မျက်နှာကလေးပိုင်ရှင် မိန်းမလှကလေးသည် ဆေးကုမ္ပဏီ ဝန်ထမ်းတစ်ဦးထက် ကုမ္ပဏီပိုင်ရှင်နှင့်သာ ပို၍တူနေပါသည်။

မေကြာဖြူကတော့ ပြုံး၍ ဂျာနယ်ကပါဟုသာ ဖြေသည်။ သြော် စာမူ လာတောင်းတာလားဟု မေးတော့ ရပြီးပါပြီ။ နယူးရီးယားပရဲဆင့် လာပေးတာပါ ဟု ဖြေသည်။

ဆေးကုမ္ပဏီက မိန်းကလေးက သူ့လက်ထဲက မှန့်ဘူးကိုငုံ့ကြည့်၍ ကျွန်မတို့လည်း အတူတူပဲ၊ ဆရာကြီးက အစည်းအဝေးက သိပ်များတာ၊ မလာရင်တော့ ဒုက္ခပါပဲ၊ ကိတ်က အော်ဒါမှာရတာဟု ပြောသည်။

'အိမ်သွားပေးရင်ကော'

ခေါင်းခါပြ၍ ဆရာကြီးအိမ် ဘယ်သူမှ မသွားကြဘူး၊ ဆရာကြီးကတော်က တော်တော်နေမကောင်းနေတာ ကြာပြီဆိုတော့ အားနာကြတယ် ဟု ဖြေသည်။

မေကြာဖြူ မျက်လုံးကလေး ဝိုင်းကနဲ ဖြစ်သွားသည်။

'ဆရာကြီးကတော်က ဘာရောဂါ ရှိတာလဲ'

'သေသေချာချာတော့ မသိဘူး၊ ကင်ဆာလို့ ထင်တယ်၊ ဒါပေမယ့် အဲ့သလို ကြားနေတာလဲ နှစ်နှစ်လောက်တော့ ရှိပြီ'

နှစ်နှစ်။

မေကြာဖြူ သက်ပြင်းချမိသည်။

'ဆေးကုမ္ပဏီ လုပ်ရတာလည်း မလွယ်ဘူးနော်၊ ဆရာကြီးတွေက ဖမ်းရခက်မှခက်၊ ဒီကြားထဲ တွေ့တဲ့အချိန် စိတ်တိုနေရင် အော်ခံက ထိသေးတယ်ဆို ဟုတ်လား'

မိန်းကလေးသုံးယောက် ရယ်ကြသည်။ အသက် အကြီးဆုံးတစ်ယောက်က အော်ခံရတာတော့ ရိုးနေပါပြီ ညီမရယ်။ အော်လို့လည်း စိတ်ထဲ ဘာမှ မရှိတော့ပါဘူး။ သဘောကောင်းတိုင်းလည်း ကောင်းတာ မဟုတ်ဘူး ညီမရဲ့။ တချို့ ဆရာကြီးတွေက မိန်းကလေးချောချောဆို ပိုသဘောကောင်းချင် ကောင်းနေတာ ဟု ဖြေသည်။

သည်တစ်ခါတော့ မေကြာဖြူပါ လိုက်ရယ်မိသည်။

ဟုတ်တယ်။ ဒီအစ်မလောက်သာ လှရင် အခန်းထဲကတောင် ပေးထွက်မှာ မဟုတ်တော့ဘူးဟု ခပ်ငယ်ငယ်တစ်ယောက်က ဝင်ပြောသည်။

'အဲ့သလောက် ဆိုးလို့လား'

'လူတိုင်းတော့ ဘယ်ဟုတ်မလဲ အစ်မရဲ့၊ ညီမတို့ဆို ကြိုစုံစမ်းထားတာပေါ့။ နာမည်နည်းနည်းထွက်တဲ့ ဆရာဆိုရင် တစ်ယောက်တည်း ဘယ်သွားတွေ့မလဲ၊ ဒါတောင် ညီမ အလုပ်ဝင်ဝင်ချင်းက အဖော်နဲ့ပါပဲ၊ သွားတာ၊ ကြောက်ကြောက်နဲ့ ပါးစပ်က ဆရာကြီး၊ သမီးပစ္စည်းကလေး စောင့်ရှောက်ပေးပါလို့ ပြောမိတာကို ဟေ တကယ်လား ဆိုပြီး ကုလားထိုင်က ထမယ့်အိုက်တင်လုပ်ပြနေလို့ လန့်အော်ရသေးတယ်'

မေကြာဖြူ မျက်လုံးကလေး ပိတ်အောင်ပင် ရယ်မိသည်။

'နင့်ကိုက မှားတာ၊ ဘာလဲ သမီးပစ္စည်းတဲ့၊ သမီးတို့ ကုမ္ပဏီက ဆေးလို့ ပြောပါလား' ဟု ဘေးကတစ်ယောက်က ဝင်ပြောသည်။

'ဆရာကြီး ဦးမြတ်ထွန်းကရော'

မေကြာဖြူ သိချင်စိတ်ကို မအောင့်နိုင်ဘဲ ဝင်မေးမိသည်။ မိန်းကလေး သုံးယောက်စလုံး ပြိုင်တူ ခေါင်းခါသည်။

'ဆရာကြီးက သိပ်အော်တာ၊ သူ ဘယ်လောက်အော်အော် သူ့ကိုဆို အားလုံးက လေးစားကြတာ အဲ့ဒါကြောင့်ပဲ၊ သိပ်တည်ကြည်တာ၊ သူ့ရုပ်ရည်မျိုး ၊ သူ့အရွယ်တင်ပုံမျိုး၊ သူ့လို ဇနီးက မကျန်းမာတာမျိုးနဲ့ ရှုပ်တတ်တဲ့ ဆရာဆို ဘယ်လွယ်မလဲ'

အကြီးတစ်ယောက်က ဖြေတော့ အငယ်မက ဝင်၍ ဟုတ်တယ်၊ ညီမ ဝင်တုန်းက သမီးဆေးကလေး စောင့်ရှောက်ပေးပါလို့ ပြောတာကို ငါ ဘယ်ဆေးမှ မစောင့်ရှောက်ဘူး၊ လူနာပဲ စောင့်ရှောက်တယ်၊ လူနာအတွက် အကျိုးရှိမယ်ထင်ရင် မင်းဆေးသုံးမှာပဲ လို့ ဘုချတာဟု ပြောသည်။

'မေကြာဖြူ ပါလား'

ရုတ်တရက် ကျောဘက်မှ နှုတ်ဆက်သံ ကြားလိုက်ရသဖြင့် ဆရာကြီး ဦးမြတ်ထွန်းများ ရောက်လာပြီလားဟု လန့်ဖျပ်ပြီး လှည့်ကြည့်မိသည်။

တော်ပါသေးရဲ့။ ဒေါက်တာ မင်းခန့်။

(၂)

ဒေါက်တာယဉ်နွယ်အေးက ဆေးကျောင်းသူ ကျောင်းသား ကျောင်းခေါ်ချိန် စာအုပ်ကို ပိုက်၍ လက်ထောက်ဆရာဝန်များ အခန်းထဲသို့ ဝင်လာရင်း မကျေနပ်ဘူးဟော့၊ လုံးဝ မကျေနပ်ဘူးဟု လှမ်းပြောသည်။

လချုပ် စာရင်းများ ထိုင်ရေးနေရာက ဒေါက်တာမင်းခန့်က ခေါင်းထောင်ကြည့်၍ ကျောင်းပြေးတဲ့လူ များလို့လား အစ်မဟု မေးမိသည်။

'ကျောင်းပြေးတဲ့သူ များတာက နေ့တိုင်းများနေတာ၊ မကျေနပ်တာက နင့်ကို'

'ဘုရားရေ၊ ကျွန်တော် ဘာများ လုပ်မိလို့လဲ'

'နစ်ကူးလက်ဆောင် နင်ပဲ ရလို့လေ၊ အဲဒါ မကျေနပ်တာ'

ဒေါက်တာမင်းခန့်က ရယ်၍ စားပွဲပေါ်က ကွတ်ကီးမုန့်ထုပ်ကို လှမ်းလက်ညှိုးထိုးပြသည်။

'ပေးသွားပါတယ်ဗျာ၊ အစ်မ တစ်ထုပ်၊ ကျွန်တော် တစ်ထုပ်၊ ဆရာကြီးကျတော့ ကိတ်တစ်ဘူး'

'လျှိုမနေနဲ့၊ ငါအကုန် သိပြီးသား၊ ဆေးကုမ္ပဏီက ပေးသွားတဲ့လက်ဆောင်ကို ပြောတာမဟုတ်ဘူး၊ မေကြာဖြူ ဆိုတဲ့ ဂျာနယ်တိုက် ပိုင်ရှင် ကောင်မလေး လှလှလေး ပေးသွားတာကို ပြောတာ၊ ဘာလဲ ငါ့ကို ပြစမ်း'

စပိုင်တွေ မွှေးထားတယ်ပေါ့လေ ဟု ရယ်သွမ်းသွေးရင်း စားပွဲပေါ်တွင် တင်ထားသော အိတ်ထဲမှ မေကြာဖြူ ပေးသွားသော လက်ဆောင်ဘူးကလေးကို ထုတ်ပြလိုက်သည်။

'နင် ဖွင့်ကြည့်ပြီးပြီလား'

ခေါင်းခါပြသည်။

'ကြည့်မနေနဲ့၊ ငါ သိပြီးသား၊ အီလက်ထရောနစ် အော်ဂနိုက်ဇာကလေး၊ ဘေးမှာ ပွိုင့်တာကလေးလည်း ပါမယ်၊ နင့်ကို သူ့အကြောင်းတွေ ရေးမှတ်စေချင်လို့ ပေးတာနေမှာ'

ဒေါက်တာမင်းခန့် မျက်လုံးပြူးသွားသည်။

'အစ်မက ဘယ်လိုလုပ် သိသလဲ'

'ငါ အခုပဲ ဆရာကြီးအခန်းက ပြန်လာတာ၊ ဆရာကြီးကိုလည်း အဲဒီအတိုင်း ချွတ်စွပ် အထုပ်ကလေး ပေးသွားတာပဲ၊ ဆရာကြီးက ဖွင့်ထားပြီးပြီ'

ဒေါက်တာမင်းခန့်က ရယ်သည်။

'ဆရာကြီးနဲ့ တန်းတူတော့ ဘယ်ပေးပါ့မလဲ အစ်မရယ်၊ ဆင်တာ နေမှာပါ'

'မယုံရင် ဖွင့်ကြည့်လေ'

ရယ်၍ အိမ်ကျမှပဲ ဖွင့်တော့မယ်ဟု ဖြေလိုက်သည်။

'မရဘူး၊ မရဘူး အခုဖွင့်၊ နင့်ကို ဘယ်သူမှ စာတွေ ဘာတွေ ရေးပေးနေမှာ မဟုတ်ဘူး၊ စိတ်ကူးယဉ်မနေနဲ့'

ကဲ ပြီးရောဟု ဆိုကာ အထုပ်ကို ဖွင့်လိုက်တော့ နှစ်ယောက်လုံး မျက်လုံးအပြူးသား ဖြစ်သွားသည်။

ဒေါက်တာ ယဉ်နွယ်အေး ပြောသလိုပင် ဘာစာမှ ရေးမထားပါ။ သို့သော် ပါလာသည့် ပစ္စည်းက ပမ်းလ်တော့ပ်ခေါ် လက်ကိုင် ကွန်ပျူတာငယ်ကလေး ဖြစ်ပါသည်။

(၃)

စင်မြင့်ပေါ်တွင်တော့ ကာရာအိုကေ စက်မှ ဂီတသံက ဆူညံနေသည်။ အသံချဲ့စက်များ ရှေ့တွင် ဗိုက်ရွှဲရွှဲနှင့် ဆရာဝန်ကြီးတစ်ယောက်တော့ သီချင်းဆိုနေသည်။ ဘာသီချင်း ဆိုနေမှန်းတော့ သဲသဲ ကွဲကွဲမကြားရ။ သီချင်းသံကို တီးလုံးအသံက ဖုံးအုပ်နေသည်။ ဆရာဝန်ကြီးကလည်း လျှာလေး၊ အာလေးစ ပြုနေပြီဆိုတော့ အသံ သိပ်မထွက်။

ဒါလည်း သိပ်တော့ ကိစ္စမရှိ။

အောက်က စားပွဲဝိုင်းများတွင် စားသောက်နေသော ဆရာဝန်မိသားစုများ ကလည်း ဘယ်သူမှတော့ သူဆိုတာ နားထောင်နေဟန် မတူ။ တစ်ယောက် တစ်ပေါက် ဆူညံစွာ ပြောဆိုနေ ကြသည်။ ဒေါက်တာမင်းခန့်ကတော့ လူကြီးဝိုင်းထဲလည်း ဝင်ရမှာမဝံ့။ မိန်းကလေး ဆရာဝန်များဝိုင်း ဝင်ရမှာလည်း လက်ထဲမှာ ဘီယာတစ်ခွက် ရှိနေသည်မို့ ချောင်ကျကျ စားပွဲဝိုင်းတွင် တစ်ယောက် တည်းသာ ထိုင်နေမိသည်။

ပုဂ္ဂလိက ဆေးခန်းကြီး တစ်ခု၏ နှစ်သစ်ကူးအကြို ညစာစားပွဲပါ။

myanmar ONLINE teashop www.mmteashop.com

ငွေတွေကတော့ ဖုံးပေါလအော သုံးထားသည်။

ဝန်ထမ်း အမျိုးသမီးကလေးတွေကလည်း ခါတိုင်းလို တူညီဝတ်စုံ မဝတ်တော့ဘဲ ရင်နည်းနည်း၊ ကျောများများ ဟိုက်သော ညနေခင်း ပွဲတက်ဝတ်စုံများဖြင့် လိုက်၍ ဧည့်ခံနေသည်မှာ ရုတ်တရက် နိုင်ငံခြား တိုင်းပြည်တစ်ခုခု ရောက်သွားသလို ခံစားရသည်။

ဘာပဲဖြစ်ဖြစ် ကြည့်ကောင်းနေတာပဲ။ ကြည့်၊ ကြည့်။

ခါတိုင်းနှစ်တွေကတော့ ဒါမျိုး တစ်ခါမှ မတက်ရ။ သည်နှစ်ကတော့ ပါမောက္ခ ဒေါက်တာမြတ်ထွန်း၏ ပထမလက်ထောက် ဆရာဝန် ဖြစ်သွားသည့် မျက်နှာကြောင့်လား မသိ။ သူ့ကိုပါဖိတ်သည်။

ဆရာကြီးကိုတော့ ထိပ်ဆုံးဝိုင်းမှာ တွေ့သည်။ ဆရာကြီးက အရက်မသောက်တာ ကြာပြီဖြစ်သည်။ ယခုတော့ သောက်တတ်သည့် ဆရာကြီးတွေ ကြားထဲမှာ ညပ်နေတော့ နည်းနည်းတော့ စိတ်ညစ်နေမည် ထင်သည်။

ဒေါက်တာမင်းခန့်ကတော့ တစ်ယောက်တည်း။

ဒါလည်း ကိစ္စတော့ မရှိပါ။ ခဏနေလျှင် ပြန်မည်ပဲ။ ဆိုင်ကယ်နှင့်လာတာဆိုတော့ သိပ်မူးအောင် သောက်၍ မဖြစ်။

'ဟေ့ကောင် ကုသ၊ ဘာဖြစ်လို့ တစ်ယောက်တည်း ဖြစ်နေရတာလဲ'

ညာဘက် ပခုံးကို ဘုန်းခနဲ အပုတ်ခံလိုက်ရသဖြင့် လှည့်ကြည့်တော့ ရယ်ကျဲကျဲလုပ်နေသော ဆရာရှိန့် မျက်နှာကြီးကို တွေ့ရသည်။

'ဆရာရှိန်ကလည်း တစ်ယောက်တည်း သမားပဲဟာ'

'မင်း တစ်ယောက်တည်း သမားမှန်းတော့ သိတာပေါ့ဟ၊ ဒါပေမယ့် ဟိုမှာ ပပဝတီကရှိနေတာ၊ ဘာဖြစ်လို့ ကုသက တစ်ယောက်တည်း ဖြစ်နေရသလဲလို့ မေးတာ'

ထိတ်ခနဲ ဆရာရှိန် ညွှန်ပြရာ စားပွဲဝိုင်းသို့ လှမ်းကြည့်လိုက်သည်။ ဆေးခန်းပိုင်ရှင် ဆရာကြည်နှင့် ပြုံးရယ် စကားပြောနေသော မကြောဖြူ့ကို တွေ့လိုက်ရသည်။

နှေ့ကြည့်ကြည့်၊ ညကြည့်ကြည့် လှသည့် မိန်းကလေးပါလား။ ယောက်ျားတွေရော မိန်းမတွေပါ ဘယ်သူမှ မြန်မာ့ရိုးရာဝတ်စုံ မဝတ်ကြသည့် ညနေခင်းမျိုးမှာမှ စတွေ့ကတည်းက လုံချည်

မဝတ်သော မိန်းကလေးက အလွန်ပုံကျ လှပသော မြန်မာအင်္ကျီကလေးနှင့် ဇင်းမယ်လုံချည် ကလေး ဝတ်ထားသည်မှာ ထင်းနေသော သူ့အလှနှင့် လိုက်ဖက်လှသည်။

'သူက ဂျာနယ်လစ်ပဲ ၊ ဆရာကြည်တို့က ဂျာနယ်လစ်တွေပါ ဖိတ်တာလား'

ဆရာရှိန်က ရယ်သည်။

'ဂျာနယ်လစ်တာ မလစ်တာ ငါမသိဘူး ဟော့ကောင်၊ ဒီလောက် လှတဲ့ မိန်းကလေး မြို့ထဲမှာရှိတာ သိမှတော့ ကိုကြည်တို့က ဖိတ်ပြီးသားပဲ၊ မင်းလည်း အဲ့ဒီ့ဝိုင်းရွှေ့လေကွာ'

ဒေါက်တာမင်းခန့် မချိသွားဖြဲသာ လုပ်ပြလိုက်ရသည်။

တကယ်တော့ သူ မေကြာဖြူနှင့် စကားပြောချင်သည်။ လက်ဆောင်ပစ္စည်းအတွက် ကျေးဇူးတင်စကားလည်း ပြောချင်သည်။ သည်လောက် အဖိုးတန်သည့် လက်ဆောင် ဘာကြောင့် ပေးရတာလည်း ဟုလည်း မေးချင်သည်.

သို့သော် မေကြာဖြူမှာ ထူးထူးခြားခြား ပြန်ဖြေစရာ ဘာမဖြေမှ ရှိလိမ့်မည်ဟုတော့ သူ မထင်ပါ။ အဖိုးတန် လက်ဆောင် ဆိုတာက သူ့ဘက်က အမြင်သာ ဖြစ်ပြီး မေကြာဖြူ အတွက်တော့ ဒါအိမ်မှာ အသုံးမလိုဘဲ ဝယ်ထားမိသည့်အတွက် ပိုနေသော ပစ္စည်းတစ်ခုသာ ဖြစ်ချင် ဖြစ်နေပေလိမ့်မည်။

'လမ်းကြုံလေး ကားပေါ်တစ်ခါ ခေါ်တင်ဖူးတာပါ ဆရာရှိန်ရယ်၊ အဲဒီဝိုင်း ရွှေ့လောက် အောင် ရင်းနှီးတာ မဟုတ်ပါဘူး'

'ဟ မရင်းနှီးသေးရင် ရင်းနှီးအောင် လုပ်လေကွာ၊ ငါသာ မင်းလို လူပျိုဆိုရင် အဲသလောက် လှတဲ့ မိန်းကလေး ဟိုအဘိုးကြီးတွေနဲ့ စကားပြောနေတာ မြင်ရင် စားတဲ့အစာတောင် မျိုလို့ကျမှာ မဟုတ်ဘူး'

ပေါက်ကရ ပြောတတ်သော ဆရာရှိန်၏ အာဝဇ္ဇန်းကို သဘောကျစွာဖြင့်သာ ရယ်မောမိသည်။

'ကွာလွန်းပါတယ် ဆရာရှိန်ရယ်၊ ကျွန်တော်က လူပျိုအထူးကု ဆရာဝန်သာ ဖြစ်တာ၊ ဆင်းရဲက ဆင်းရဲ၊ ရုပ်ကဆိုး၊ ဒီလောက် မိန်းကလေးမျိုးနဲ့ကျတော့ ဆင်နက်စွယ် ဖြစ်နေမှာပေါ့'

'ဘာလဲကွ ဆင်နက်စွယ်'

'ဆရာရှိန်ကလဲ၊ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်း မဖတ်ဖူးဘူးလား၊ သာမန်ဂုဏ်ငယ် ဆင်နက်စွယ် များကိုလည်း နားဝယ်လက်မခံ ဆိုတာလေ'

ဆရာရှိန်က သူ့ပခုံးကို မနာအောင် တစ်ချက် ထပ်ရိုက်သည်။

'ဒါလေးတော့ စူဠသုဘဒ္ဒါနဲ့ မနိုင်းပါနဲ့ကွာ၊ ငါရင်တွေ မချိလွန်းလို့ပါ'

နစ်ယောက်သား အတူ ရယ်မောမိစဉ် သူတို့ဘက်သို့ လျှောက်လာသော ဒေါက်တာ မြတ်ထွန်းကို တွေ့ရသည်။

(၄)

'ဟကောင်ကြီး၊ အစောကြီး ရှိသေးတယ်၊ မိန်းမ စိတ်မချလို့လား၊ 'သစ္စာ' အခုနည်းနည်း နေကောင်း နေတယ် မဟုတ်လား'

ဒေါက်တာမြတ်ထွန်းက ခေါင်းတစ်ချက် ညိတ်သည်။ ဟုတ်ပ့ါ။ သစ္စာအခုတလော နည်းနည်း နေသာထိုင်သာ ရှိနေသည်။

'မဟုတ်ပါဘူးကွာ၊ ငါ့ဝိုင်းက လူတွေ နည်းနည်း ပေါ့လာလို့၊ ငါ စတေး ရှောင်မလို့'

ဆရာရှိန်က ဟက်ဟက်ပက်ပက် ရယ်သည်။

'ငါ ဒီကနေ တွေ့နေသားပဲ၊ ကောင်မလေးတွေ လိုက်ဖက်ဖက်ပြီး ဟမ်းဖုန်းတွေနဲ့ ဓါတ်ပုံ ရိုက်ရိုက်နေတာ'

'သွားနမ်းတဲ့လူတောင် ရှိတယ်၊ ကောင်မလေးက အရှောင်မြန်လို့'

ဆရာရှိန်က ရယ်ပြန်သည်။

'ဟ မင်းက ထွက်ပြေးရအောင် မင်းတော့ ကိုယ့်လူတွေ လိုက်လည်း မဖက်ဘူး၊ လိုက် လည်း မနမ်းဘူး မောင်၊ သေချာတယ်'

'မင်းက ဟာသလုပ်နေ၊ ဘေးလူတွေက အတင်းချတော့ တစ်ဝိုင်းလုံး သိမ်းကျုံးပြောမှာ၊ ငါက တစ်သက်လုံး နာမည်ပျက် ရှိတဲ့ကောင် မဟုတ်တော့ အပြောမခံနိုင်ဘူး၊ အဲဒါနဲ့ လစ်လာတာ'

' မင်း ကားပါလို့လား'

myanmar teashop www.mmteashop.com

'မပါဘူး၊ သူတို့ လာခေါ်တာ၊ အခု သူတို့ကားလည်း ထွက်နေတယ်၊ ငါ လမ်းကပဲ တက္ကစီ တစ်စီး တားစီး သွားတော့မယ်'

'ကြာဖြူ ပို့ပေးပါ့မယ် ဆရာ'

သုံးယောက်သား ပါးစပ်အဟောင်းသားနှင့် နောက်ကို လှည့်ကြည့်တော့ မှောင်သော ညဥ့်ဦးယံမှာပင် လင်းလက်စွာ လှပနေသော မိန်းကလေးကို တွေ့ရလေသည်။

(၅)

ဆလွန်းကားကလေးက ၇၈ လမ်းမကြီးပေါ်တွင် မြားတစ်စင်းလို ပြေးနေသည်။ လမ်းမပေါ်တွင် အရက်သောက်ထားဟန် ရှိသော ဆိုင်ကယ်များ တစ်စီးပြီးတစ်စီး ကျော်တက်နေသည်ကို အသာ ယိမ်း၍ လမ်းပေးရင်းကပင် မကြာဖြူ တည်ငြိမ်စွာ မောင်းနေသည်။

မိန်းကလေး မောင်းနေမှန်း သတိထားမိ၍ ဂူးဂူးဝါးဝါး အော်ကြသူများနှင့် တွေ့လျှင်ပင် မျက်နှာ အမူအရာက ပြောင်းမသွား။

အရွယ်နှင့် မမျှအောင် တည်ငြိမ်ရင့်ကျက်လွန်းတာလား။ တခြား ခံစားချက် ကြီးကြီးမားမား တစ်ခုကိုသိုဝှက် သိမ်းဆည်းထားရလို့ များလား။ ဒေါက်တာမြတ်ထွန်း အတွေးတွေ ပွားနေမိသည်။

'ဆရာ ဝအောင်ရော စားခဲ့ရရဲ့လား'

'ဝပါတယ်၊ သမီးရော'

မကြာဖြူက ရယ်၍ 'ကြာဖြူပဲခေါ်ပါ ဆရာရယ်၊ ဆရာ သမီးခေါ်တဲ့ လူတွေက အများကြီး မှန်း သိထားတော့ သမီးလို့ ခေါ်ရင် သူစိမ်းဆန်သလိုပဲ ကြာဖြူ ခံစားရတယ်' ဟု ပြောသည်။

ဒေါက်တာမြတ်ထွန်း သက်ပြင်းသာ ချမိသည်။

'ကြာဖြူရော စားပြီးရဲ့လား'

မကြာဖြူက ဖြောင့်စင်းသော ဆံနွယ်လေးများကို ယိမ်းခါလိုက်သည်။

'ကြာဖြူက ကဖေး တစ်ခုခုမှာ ကော်ဖီဝင်သောက်ချင်တာ၊ တစ်ယောက်တည်း ဆိုတော့လည်း မဝင်ချင်ဘူး၊ ဆရာပါ သောက်ပါလား ... ဟင်'

ဘုရား။

သမီးအရွယ်၊ ဘာမှမတော်စပ်သော၊ ပြီးတော့ သိပ်လှလွန်းသော၊ သိပ်အထက်တန်းကျလွန်းသော မိန်းကလေးတစ်ဦးနှင့် ည ၉ နာရီမှာ စားသောက်ဆိုင် တစ်ခုခုကို ဝင်ဖို့ဆိုတာ သူ တစ်ခါမှ လုပ်ဖူးသော အလုပ် မလုပ်ပါချေ။

'ဒီလိုညပိုင်းကတော့ ခြေချစရာတောင် နေရာရှိမှာ မဟုတ်ပါဘူး ကြာဖြူရယ်၊ အိမ်ကျမှ သောက်ပါလား'

မေကြာဖြူက တိုးတိုးရယ်သည်။

'အိမ်မှာက ကော်ဖီစက်ရော၊ ဂရောင်းကော်ဖီ မျိုးစုံရော ရှိပါတယ်၊ ဒါပေမယ့် အိမ်မှာ လိုက်သောက်ဆိုရင် ဆရာက လိုက်မှာမို့လား'

ဘုရား။

'ကြာဖြူက တစ်ယောက်တည်း နေတာလား'

'ဟုတ်တယ်'

ဘာပြောရမည် မသိ။

ငါ လိုက်လာမိတာတော့ မှားပြီထင်တယ်။ ဒါပေမယ့် ကောင်မလေး ကြည့်ရတာတော့ ဟော့ဟော့ရမ်းရမ်း ပုံစံတော့ မဟုတ်ပါဘူး။ နိုင်ငံခြားမှာ အနေကြာလို့ ရဲရဲတင်းတင်း ဖြစ်နေတာနဲ့ တူပါတယ်။

မေကြာဖြူက ကားကို လမ်းချိုးတစ်ခုထဲသို့ ကွေ့ဝင်၍ မီးရောင်စုံ ထွန်းထားသော အဆောက်အအုံ တစ်ခုရှေ့တွင် ရပ်လိုက်သည်။

'ကဲ ဆရာက ခြေချစရာ နေရာတောင် ရှိမှာ မဟုတ်ဘူးလို့ ပြောတယ်နော်၊ အခု ကြာဖြူနဲ့ ဆရာနဲ့ လောင်းကြေး၊ စားကြေး၊ တကယ်လို့ နေရာ အဆင်သင့်ရှိနေရင် ဆရာ ကျွေး၊ မရှိရင် ပြန်မယ်'

ဒေါက်တာမြတ်ထွန်း သက်ပြင်း တစ်ချက်သာချ၍ အေးလေ ဟု ပြောမိသည်။

ကဖေးဆိုင်ထဲရောက်တော့ မေကြာဖြူက စားပွဲလွတ် ရှိမရှိကို မကြည့်ဘဲ အပေါ်ထပ်သို့ တန်းတက်သွားသည်။

အပေါ်ထပ်တွင် အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသော စားပွဲထိုး လူငယ်ကလေးက ဒေါက်တာမြတ်ထွန်းနှင့် မေကြာဖြူကို ဦးညွှတ်အရိုအသေပြုပြီး ခပ်မှိန်မှိန် မီးရောင်စုံကလေးများသာ ထွန်းထားသော လမ်းမှောင်မှောင်ကလေး တစ်လျှောက် ခေါ်သွားသည်။

ထိပ်ဆုံးက အခန်းထဲသို့ ဝင်လိုက်သော အခါတွင်တော့ လူလေးယောက်စာ ဆက်တီစားပွဲ တစ်လုံး ချထားပြီး လှပစွာ ပြင်ဆင်ထားသော်လည်း မီးနီနီ မှိန်မှိန်ကလေးသာ ထွန်းထားသည့် အခန်းတစ်ခု ဖြစ်နေသည်။

လေအေးစက်ကလည်း အေးစက်နေသည်။

'မမဖြူကိုတော့ မိုခါ တစ်ခွက်နဲ့ ဆီးဖုဒ်ကော့တေး ပေး၊ ဆရာကြီးကိုတော့ မီနျူးပြလိုက်'

စားပွဲထိုး လူငယ်က ဟုတ်ကဲ့ မမဖြူ ဟု ပြောပြီး အခန်းထဲမှ ထွက်ခွာသွားသည်။

'ကြာဖြူ ဘွတ်ကင် လုပ်ထားလို့လား'

ဒေါက်တာမြတ်ထွန်းက အံ့အားသင့်စွာ မေးတော့ မေကြာဖြူက သွားတက်ကလေးများ ပေါ်အောင် ရယ်သည်။

'ဆရာ့ကို စတာပါ၊ ဒီဆိုင်က ကြာဖြူ့ဆိုင်ပါ၊ ဒီအခန်းက ကြာဖြူ လာရင် စားဖို့ ပိတ်ထားတဲ့ အခန်းပါ၊ အလောင်းအစား ရှုံးပေမယ့် ဆရာရှင်းဖို့ မလိုပါဘူး'

ဘုရား။

သည်နေ့အဖို့ ဘုရားတိုင်းသာ ကုသိုလ်ရလျှင် ကုသိုလ်တွေ မနည်းတော့။ ဆိုဖာခုံတစ်ခုမှာ ဝင်ထိုင်တော့ မေကြာဖြူက အနီးဆုံး ထောင့်ချိုးခုံတွင် ဝင်ထိုင်ရင်း ဆရာ့ကို ခင်လို့ စတာ အရိုသေတန်သလို ဖြစ်သွားတယ်၊ ဆရာ စိတ်ဆိုးလား ဟု မချိတရိ ပြုံး၍မေးလေသည်။

✦✦✦✦✦✦✦

## အခန်း(၄)

## နေဝင်နောင်တနှင့် အိပ်ခန်းတံခါးဝက စေတန်

(၁)

ဓာတ်ရောင်ခြည် ဆရာဝန်ကြီး၏ ရုံးခန်းတွင် ချိတ်ဆွဲထားသော ဂျပန်နိုင်ငံမှ ပါရဂူဘွဲ့လက်မှတ်ကို ငေးကြည့်ရင်း ဒေါက်တာမြတ်ထွန်း ယူကေနိုင်ငံ ရောက်နေသည့် သားတော်မောင်အကြောင်း တွေးနေမိသည်။

သူ ပညာတော်သင်ခဲ့သည့် နိုင်ငံမို့ အဆက်အသွယ် ရာရလွယ်သဖြင့်သာ သားကို တက္ကသိုလ်တက်ဖို့ လွှတ်လိုက်ရသည်။ စရိတ်က မသေး။ သားကတဝက် စကောလားရှစ် ရတာတောင် သူ့ရှာလို့ ရသမျှ ငွေက ဖနီးဆေးဖိုး၊ သား ပညာသင်စရိတ် နတ်လိုက်လျှင် အိမ်စရိတ်ပင် သိပ်မကျန်ချင်။

ပညာထူးချွန်သော သားကို ဖခင်အမွေ ဆက်ခံသည့် အနေနှင့် ဆေးတက္ကသိုလ် တက်စေချင်ခဲ့မိသည်ကတော့ အမှန်။ ဒါပေမင့် သားက အိုင်တီပညာကိုသာ ဝါသနာပါသည်။ ပြီးတော့ သည်ကနေ့ ဆေးတက္ကသိုလ်မှာ သားကျင်လည် ထိတွေ့ရမည့် ပတ်ဝန်းကျင်ကလည်း သူတို့ခေတ်နှင့် မတူတော့ပြီ။ ဒူးပြဲနေသော ဘောင်းဘီပေါ်မှ တီရှပ်ကို ဖင်ဖုံးအောင် ထုတ်ချ၍ ဝတ်ထားပြီး မြန်မာလွယ်အိတ်ကို စလွယ်သိုင်းထားသော ဆေးကျောင်းသားကလေးများ သူ့အုပ်ချုပ်နေသည့် ဆေးကုသဆောင် ၄ သို့ ဝင်လာတာ မြင်ရတိုင်း သားမှန်ချင်မှန်နေမှာဟု တွေးမိသည်။

ဒေါက်တာမင်းခန့်ကို တွေ့တိုင်းမှာတော့ ငါ့သားကလေးသာ မင်းခန့်လိုဆိုရင် ကောင်းမှာပဲဟု တွေးမိပြန်သည်။

ခန်းဆီးကလေး လှစ်ခနဲဟ၍ ဓာတ်ရောင်ခြည် ဆရာဝန်ကြီး ပြန်ဝင်လာသည်။

'ညီလေး ပြီးသွားပြီ၊ ခဏ နားခိုင်းထားတယ်၊ သွားကြည့်မလား'

'နေပါစေ အစ်ကို၊ သူ့ညီမနဲ့ပဲ ခဏ ထားလိုက်မယ်'

ဓာတ်ရောင်ခြည် ဆရာဝန်ကြီးက ပြုံးသည်။

'ညီလေးပြောတာ ဟုတ်တယ်။ နာလို့လား မသိဘူးနော်၊ နည်းနည်း စိတ်တိုနေတယ်'

ဒေါက်တာမြတ်ထွန်း ပခုံးတွန့်ပြသည်။

'အစ်ကိုက သူ့လို လူနာတွေချည်း ကြည့်နေရတာပဲ၊ သူ့လိုချည်းပဲ မဟုတ်လား'

ဓါတ်ရောင်ခြည် ဆရာဝန်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

'အိမ်မှာလည်း ဒီလိုပဲလား'

'များသောအားဖြင့်ပေါ့၊ တစ်ခါတလေလေလည်း တည်ငြိမ်အေးချမ်းနေပြီး ကိုကို့ကို သနားလိုက်တာ၊ သစ္စာဆိုးမိတာ ရှိရင် ခွင့်လွှတ်ပါလို့ လက်အုပ်ကလေး ချီပြီး တောင်းပန်ပြန်ရော'

ဆရာဝန်ကြီးက သက်ပြင်းချသည်။

'ညီလေးတော့ တကယ် ချီးကျူးတယ်ကွာ၊ ဒီအရွယ်၊ ဒီရုပ်၊ ဒီပညာ၊ ဒီအဆင့်နဲ့ ဒီ စိတ်ညစ်စရာ ဘဝမှာပဲ ကြံ့ကြံ့ခံနေပြီး နာမည်ပျက် မရှိတာ'

'တစ်သက်လုံး ကိုယ့်ကို ကြင်ကြင်နာနာ သစ္စာရှိရှိ ပေါင်းခဲ့တဲ့ လက်တွဲဖော်ပဲ အစ်ကိုရယ်၊ လူ နေမကောင်းရင်၊ စိတ်လည်း နေမကောင်း လိုက်ဖြစ်မှာပေါ့၊ သူနဲ့ နေရတာ ပျော်စရာ မကောင်းလို့ ဆိုပြီး ပျော်စရာ အသစ်ရှာရင် ကျွန်တော် ဘယ်မှာ ကောင်းတော့မှာလဲ'

ဓာတ်ရောင်ခြည် ဆရာဝန်ကြီး မျက်နှာတွင် ထူးဆန်းသော အရိပ်တစ်ခု ပေါ်လာသည်။ 'ညီလေး စိတ်မဆိုးနဲ့နော် ' ဟု စကားခံသည်။

'ဘာလဲ အစ်ကိုရ'

'သူဌေးမ ချောချောကလေး တစ်ယောက် လာလာနေတယ် ကြားလို့၊ မဟုတ်ရင် အစ်ကို့ကို စိတ်မဆိုးနဲ့ပနော်၊ ညီအစ်ကို အရင်းလို မေးတာ'

မေကြာဖြူ။

သည်လို မိန်းကလေးတစ်ယောက်၏ သတင်းကို လူမသိဖို့ မလွယ်ပါ။

'ရိုးရိုးပါ အစ်ကိုရယ်၊ ဆောင်းပါး ကိစ္စပါ၊ သူက ကျန်းမာရေး ဂျာနယ်ထုတ်တယ်လေ'

'သိပ်လှတယ်၊ သိပ်ချမ်းသာတယ်ဆို'

သက်ပြင်းသာ ချနေမိသည်။

'ဟုတ်ပါတယ်၊ အဲ့ဒါကြောင့် လူတွေ စိတ်ဝင်စားကြတာ နေမှာ၊ ကျွန်တော်နဲ့ ဘာမှသိပ် မရင်းနှီး လှပါဘူး'

ဓာတ်ရောင်ခြည် ဆရာဝန်ကြီးက ရယ်၍ ဆောရီးဟု ဆိုသည်။

(၂)

'ဆရာကြီး ဧည့်သည် ရှိပါတယ်' ဟု ဆေးခန်းဧည့်ကြို စာရေးမကလေး ဝင်လာပြောစဉ်က ဆေးကုမ္ပဏီကပဲဟု တွေး၍ သွင်းလိုက်ဟု ပြောပြီး ပစ္စည်းများ ဆက်သိမ်းနေသည်။

ခါးမတ်၍ လှည့်ကြည့်လိုက်တော့မှ သန့်ရှင်းသပ်ရပ်၍ အနောက်တိုင်းဆန်သော လူနာစမ်းသပ်ခန်း အလယ်တွင်ပင် ပြတ်နေ၊ ထင်းခနဲ နေအောင် ကျက်သရေရှိလှသည် မိန်းကလေးကို တွေ့ရသည်။

'ကြာဖြူ'

မေကြာဖြူက သွားတက်ကလေးများ ပေါ်အောင် ပြုံးသည်။

'ကားပျက်နေလို့ ဆေးခန်းက ကားကြိုခိုင်းပြီး လာတာလည်း သိပြီးပြီ၊ တစ်မနက်လုံး မိန်းမကို ဆေးရုံပြရပြီး တညနေလုံး အစည်းအဝေး တက်ထားရလို့ အရမ်းပင်ပန်းနေလောက်ပြီ ဆိုတာလည်း သိထားတယ်၊ လူနာကလည်း သုံးဆယ်ကျော် ကြည့်ထားပြီးပြီ၊ ဒီတော့ ကြာဖြူ့ကားနဲ့ လိုက်ခဲ့၊ ကန်တော်ကြီးဘက် လေညင်းခံထွက် ကားစီးမယ်၊ ပြီးတော့ ကျွန်းကလေးပေါ်မှာ ညစာ စားမယ်၊ မကောင်းဘူးလား'

ဘာလုပ်နေတာလဲ မိန်းကလေးရယ်။

မင်းလို မိန်းမလှကလေး တစ်ယောက်က ဘာဖြစ်လို့ ငါ့လို ဘဝနေဝင် အိပ်တန်းတက်ချိန် ရောက်ခါနီး နေတဲ့ အဘိုးအို ပေါက်စ တစ်ယောက်ကို အတင်းလိုက်ပတ်သက် နေတာလဲ့လဲ။

'ဆရာ့လို အောင်မြင်ချင်လိုက်တာ'

တစ်ခါက တပည့်ကျော် မင်းခန့် သူ့ကို ပြောဖူးသည်။

'ငါက ဘာတွေအောင်မြင်နေလို့လဲ မင်းခန့်ရာ'

သူက ညည်းပြောကလေး ပြောတော့ မင်းခန့် အံ့သြသွားသည်။

'ဆရာ ဒီလောက် ထူးချွန်တာ၊ ဘွဲ့တွေလည်း အများကြီး၊ ပါမောက္ခရာထူးကလည်း ငယ်ငယ်ကလေးနဲ့ ရထားပြီးပြီ၊ ဆရာမှ မအောင်မြင်ရင်'

ဒေါက်တာမြတ်ထွန်း လက်ကာပြလိုက်သည်။

'ဘဝ နေဝင်ချိန်ကျတော့ အဲ့ဒါတွေက အကုန်ထားခဲ့ရမှာပါ မင်းခန့်ရာ၊ တကယ်အနားယူရပြီ ဆိုတဲ့ အချိန်ကျတော့ လူမှာ ကျန်ခဲ့တာက နောင်တတွေချည်းပဲကွာ'

မင်းခန့်က ပါးစပ်အဟောင်းသားနှင့် နောင်တတွေ၊ ဟုတ်လား ဆရာဟု မေးသည်။ သူက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ နောင်တတွေ၊ အဲဒီတော့ လူတစ်ယောက်ရဲ့ ဘဝအောင်မြင်တယ် ဆိုတာက နောင်တ ရစရာ သိပ်မရှိတာကို ခေါ်တာကွ၊ နောင်တ မရတတ်တဲ့ လူတွေနဲ့တော့ မဆိုင်ဘူးနော်၊ မှားပြီး နောင်တမရတတ်တဲ့ လူတွေ ရှိတယ်၊ အဲဒါတော့ ငါ စကားထဲ ထည့်မပြောဘူး၊ နောင်တ ရစရာ သိပ်မရှိတဲ့လူ၊ အဲဒီလူက အောင်မြင်တာ၊ ဘွဲ့တွေ ရာထူးတွေ မဆိုင်ဘူး'

မင်းခန့်က ဆရာကတော့ နောင်တ ရစရာလည်း သိပ်ရှိမှာ မဟုတ်ပါဘူးဟု ဆိုသည်။ သူက ကြိုးစားရဦးမှာကွ၊ အပြတ် ကြုံးဝါးနိုင်ဖို့ စောသေးတယ် ဟု ဖြေခဲ့သည်။

ယခုတော့။

နေဝင်အိပ်တန်းတက် ချိန်မှာ နောင်တရစရာ အများတွေ လာပေးချင်နေဟန် တူသော မိန်းမလှကလေးက သူ့စားပွဲရှေ့မှာ ရပ်နေသည်။

အနောက်တိုင်းသားတို့ ယုံကြည်သည့် 'စေတန်' နတ်ဆိုးသည် တကယ်ပဲ ရှိနေပါသလား။ ရှိနေသည် ဆိုလျှင်တော့ အလွန် အစွမ်းထက်သည်မှာ ယုံမှား သံသယ ဖြစ်ဖွယ်ရာ မရှိ။

ဤမျှ လှပသော မိန်းကလေးတွေင် ဤမျှ မြင့်မားသော ဉာဏ်ရည်နှင့် ဤမျှကြွယ်ဝသော ခန္ဓာ ပိုင်ဆိုင်ပါလျှက်နှင့် ဤမျှ ဆင်ခြင်တုံတရား အားနည်းနေမည် ဆိုပါလျှင် 'စေတန်' က ဖန်ဆင်းလွှတ်လိုက်တာက လွဲလို့ မဖြစ်နိုင်ပါ။

'ဆရာ့ဇနီးက ဒီရက်ထဲ သိပ်နေမကောင်းတော့ စောစောပြန်မှ ဖြစ်မယ် ကြာဖြူရယ်၊ ကျေးဇူးတင်ပါတယ်'

ယဉ်ကျေးစွာ ငြင်းလိုက်တော့လည်း မျက်နှာပျက်မသွား။

'အိုကေ၊ မေဘီနတ်ခ်စ် တိုမ်း၊ အခုတော့ အိမ်ပြန်ပို့ပေးပါရစေ၊ ဟုတ်လား'

ဒါတော့ ငြင်းရန်ခက်သည်။

'ဆရာက အတွင်းလူနာ ကြည့်ဦးမှာ'

'ရောင်းလေ၊ ရောင်းပေါ့၊ ကြာဖြူ ကားကနေ စောင့်နေပါမယ်'

တစ်ခုခု ပြန်ပြောရန် ကြံလိုက်စဉ် လက်ကိုင်ဖုန်းက မြည်လာသည်။ ထောင်ကြည့်လိုက်တော့ 'ခေါ်သူမသိ' ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ် စာတန်းကလေးကို မြင်ရသည်။

နိုင်ငံခြားဖုန်းပေါ့။

'ဟဲလို'

'ဖေဖေ၊ မေမေ နေကောင်းလား'

သားပါပဲ။ ထင်တဲ့ အတိုင်းပါပဲ။

'အေး ခါတိုင်းလိုပါပဲ သားရယ်၊ သား စာမေးပွဲ အောင်သလား'

သား ခဏ အသံတိတ်သွားသည်။ ပြီးမှ အောင်ပါတယ် ဖေဖေဟု တိုးတိုးပြောသည်။

'သား မလာဘူးလား'

'မသိသေးဘူး ဖေဖေ၊ သားအလုပ် ခဏ လုပ်မလားလို့'

ဒေါက်တာမြတ်ထွန်း မျက်နှာ ညှိုးသွားသည်။

'သား သဘောပါ၊ မေမေကတော့ ခဏ ပြန်လာစေချင်တာပေါ့'

'အဲဒါကြောင့် မေးတာ ဖေဖေ၊ မေမေ့ အခြေအနေ သားကို ပွင့်ပွင့်လင်းလင်း ပြောပြပါ'

ယောင်ယမ်း ခေါင်းခါမိသည်။

'အရင်အတိုင်းပါပဲ သားရဲ့၊ ဘာမှ အရေးပေါ်တော့ မဟုတ်သေးပါဘူး၊ သားက ပိုက်ဆံမလောက်လို့လား'

သား ခဏ အသံတိတ်နေသည်။ ပြီးမှ

'သား ရှေ့နှစ် စကော်လာ မရနိုင်ဘူးထင်တယ် ဖေဖေ' ဟု တိုးတိုးပြောသည်။

ဒေါက်တာမြတ်ထွန်း ရင်ထဲတွင် ခဲဆွဲသလို လေးလံသွားသည်။ တစ်နစ်ကို သိန်းသုံးရာ လောက် ပိုက်ဆံပို့နိုင်ရန် ဇနီးဖြစ်သူ၏ လက်ဝတ်ရတနာ တချို့စတင် ထုခွဲနေရချိန်တွင် ရှေ့နစ်မှာ အဲသည်လောက် မကနိုင် ဆိုပါလား။

'ရပါတယ် သားရယ်၊ ဖေဖေ ကြိုးစားမှာပေါ့'

'ဖေဖေ ပင်ပန်းနေပါပြီ၊ သား အခြေအနေ ကြည့်ပါဦးမယ်၊ ဒါပဲနော် ဖေဖေ၊ ဂွတ်ဘိုင် '

သား ဖုန်းချသွားသည်။

လက်ကိုင်ဖုန်းကို စားပွဲပေါ် ပြန်ချတော့ ဂရုဏာ မျက်ဝန်းတစ်စုံကို ရင်ဆိုင်မိသည်။

'ဆရာ၊ အရေးပေါ်လိုရင် ဘာမှ အားမနာနဲ့နော်၊ ယူကေမှာကြာဖြူ အကောင့်နံထဲက ယူသုံးထားလို့ရတယ်'

ပြုံး၍ ရပါတယ် ကျေးဇူးပဲဟု ငြင်းလိုက်ရသည်။

'ဒါဆိုလည်း စိတ်ညစ်စရာတွေ ခဏမေ့ထား၊ သွေးတိုးနေဦးမယ်၊ ကြာဖြူ ကားကနေစောင့် နေမယ်'

ပြောပြောဆိုဆို လှည့်ထွက်သွားသဖြင့် ဆက်ငြင်းချိန် မရလိုက်။

(၃)

မကြာဖြူ ကားမောင်းသူ၏ ခုံတွင် ထိုင်ပြီး ခါးပတ် ပတ်လိုက်သည်။ ဆိုင်ကယ်ကို သုံးယောက်စီး၊ ကားမောင်းလျှင် အဝိုင်းကို လုဝင်ကြ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာတာ အကျင့်ပါ နေသောမြို့တွင် ခါးပတ်ပတ်ပြီးမှ ကားမောင်းတတ်သည့် မကြာဖြူက လူထူးလူဆန်း ဖြစ်နေသည်။ သို့သော် ကားစမောင်းတတ်ခဲ့တာက ယူကေနိုင်ငံမှာဆိုတော့ သည်အကျင့်က အရိုးစွဲနေသည်။

လက်ကိုင်အိတ်ကို ဖွင့်ကြည့်တော့ နေကာမျက်မှန်ဘူး နစ်ဘူး ထွက်လာသည်။ အရောင် မပါသော အကြည် နေကာမျက်မှန်ကို ပိုနစ်သက်သော်လည်း ခရမ်းလွန်ရောင်ခြည် ကာကွယ်နှုန်းက ၇၀% ဆိုတော့ သည်မြို့က နေရောင်နှင့် သိပ်မလိုက်ဖက်။ ပိုလာရိုက် အမည်းကိုသာ ထုတ်တပ် လိုက်သည်။

ဟိုမှာ ဒေါက်တာမြတ်ထွန်း။

အတွင်းလူနာ သိပ်မများဘူးထင်သည်။ ကားရပ်ရာ နေရာဘက်သို့ လျှောက်လာရင်း အသက် ၄၀ ခန့် တရုတ်လူမျိုး ဖြစ်ဟန်တူသူနှင့် စကားပြောလာသည်။

စာအိတ်ထုတ်လို အထုတ်တစ်ထုတ်ကို ဟိုလူက ပေးလိုက်၊ ဒေါက်တာမြတ်ထွန်းက ပြန်ပေးလိုက်။

နောက်ဆုံးတော့ ဟိုလူက ဒေါက်တာမြတ်ထွန်း စကားကို နားထောင်လိုက်ဟန် တူသည်။ ကိုယ်ကလေး ယို့၍ အထုပ်ကို ပြန်ယူရင်း ခေါင်းမသိမသာ ညွတ်၍ ဒေါက်တာမြတ်ထွန်းကို နှုတ်ဆက်သည်။

ဒေါက်တာမြတ်ထွန်း ကားခေါင်းခန်းမှာ ဝင်ထိုင်တော့ မျက်နှာက သိသိသာသာ ပျက်နေသည်။

'ပိုက်ဆံထုပ် လိုက်ပေးနေတာလား'

သိချင်စိတ်ကို မအောင့်နိုင်သဖြင့် မေကြာဖြူ မေးမိသည်။ ဒေါက်တာမြတ်ထွန်း မသိမသာ ခေါင်းညိတ်ပြသည်။

'ကျေးဇူးတင်လို့ပါတဲ့၊ ဆရာနဲ့ ခဏ အပ်ထားချင်လို့ပါတဲ့၊ ၂ သိန်း ၃သိန်းလောက်တော့ ရှိမယ်'

မေကြာဖြူက ခေါင်းကိုညိတ်၍ ဆရာ မယူဘူးနော်ဟု မေးသည်။

'ဟုတ်တယ်၊ လူနာတစ်ယောက်ကို တစ်နေ့ *ရောင်း* ရင် ဒီမှာ ဆရာ ၃၀၀၀ ယူတယ်၊ ဆေးရုံဆင်းရင် ဆေးရုံက ဆရာ့အတွက် ဘောက်ချာ ထည့်ဖြတ်မှာ၊ ဒါက သပ်သပ် ထပ်ပေးတာ၊ အဲဒါကြောင့် မယူတာ'

'သူ တကယ် ကျေးဇူးတင်လို့ နေမှာပေါ့ ဆရာ'

ဒေါက်တာမြတ်ထွန်းက ခေါင်းခါပြသည်။

'ဒါ လူဝယ်တယ်လို့ ခေါ်တယ်၊ ကျသင့်တာထက် ပိုပေးတယ်ဆိုတာ ပိုဂရုစိုက်စေချင်လို့၊ ဆရာ့မှုက လူနာတိုင်းကို တန်းတူ ဂရုစိုက်ပြီးသား၊ တစ်ရက် တစ်ခေါက် ကြည့်ရင်ရတဲ့ လူနာကို တစ်ခေါက်ကြည့်မယ်၊ အရေးကြီးရင် ပိုကြည့်မယ်၊ စမ်းသပ်ခ ယူတယ်ဆိုတာက မိသားစု စားဝတ်နေရေးအတွက် ဘယ်ရွှေ့ဘယ်မျှ သတ်မှတ်ထားတာ၊ သူများထက် ပိုပေးထားလို့ သူများ ထက် ပိုဂရုစိုက်ရမယ် ဆိုတာတော့ ဆရာဝန်ကိုဝယ်ယူတာ ဖြစ်သွားပြီ၊ ဆေးကုတဲ့ အချိန်မှာတော့ ရောဂါအတိမ်အနက်ပဲ စိတ်ဝင်စားချင်တယ်၊ 'အပ်' ထားတာတွေ မ'အပ်' ထားတာတွေ

စိတ်မဝင်စားချင်ဘူး၊ ပြီးတော့ လူနာက မကောင်းသေးဘူး၊ သူတို့က ပိုက်ဆံထုပ်ကြီး လာပေးထားတော့ ယူထားမိရင် လူနာ ကံမကောင်းလို့ တစ်ခုခုဖြစ်တော့ သူတို့ကလည်း 'ငါ ပေးထားရက်သားနဲ့' လို့ ပြောမယ်ဆိုမယ်။ ကိုယ်ကလည်း 'ငါယူထားလိုက်မိတယ်' ဆိုပြီး နောင်တ ရမယ်။ ဆရာ နောင်တ မရချင်ဘူး'

ဘုရားရေ။ ရှင်က အဲ့ဒီလို လူလား ဒေါက်တာမြတ်ထွန်း။

'ဆေးရုံမှာရော'

'ပိုသတိ ထားရတာပေါ့၊ မတတ်နိုင်တဲ့ လူနာတွေက အများကြီးလေ၊ တတ်နိုင်တဲ့ လူနာက လာကန်တော့တာ လက်ခံမိရင် မတတ်နိုင်တဲ့ လူနာတွေက သူ့ဟာသူ ရောဂါမကောင်းလို့ မသက်သာနိုင်ရင်တောင် ငါက မအပ်နိုင်လို့ လို့ ထင်တော့မှာပေါ့၊ ဒီကြားထဲမှာ လူနာနဲ့ ပါလာပြီး ဆရာကြီးကို ငါတို့အပ်ပေးမယ် ဆိုပြီး လူနာဆီက ငွေ ညာယူတတ်တဲ့ လူနာပွဲစားတွေ ရှာတွေက တက်လာတဲ့ လူနာတွေမှာတောင် အပြီးပါလာတတ်တာ'

'ဒါဆို ဆရာက လူနာ အရေးကြီးတိုင်း အမြဲကိုယ်တိုင် ကြည့်တယ်ပေါ့'

မေကြာဖြူ့အသံ ရုတ်တရက် တစ်မျိုးဖြစ်သွားသည်ဟု ထင်မိသည်။ သို့သော်အမူမဲ့ အမှတ်မဲ့ပင် ဖြေမိသည်။

'ဒီလောက်ကြီးတဲ့ ဆေးရုံတွေမှာ အရေးကြီး လူနာက အမြဲရှိနေတာပဲ၊ လူနာ အရေးကြီးတိုင်း တာဝန်ခံ ဆရာဝန်ကြီးတွေ ကိုယ်တိုင် လာကြည့်ရရင် သူတို့ကိုယ့်အိမ်မှာ ကိုယ် နေစရာ အကြောင်းဘယ်ရှိတော့မလဲ၊ ထူးမှ လာတာပေါ့'

'ထူးမှ ဟုတ်လား'

'ဟုတ်တယ်၊ တာဝန်ကျ ဆရာဝန်က လူနာကို စမ်းသပ်ပြီး ဘာလုပ်ရမယ်ဆိုတာ သိတယ်၊ စလုပ်ပြီး၊ မကောင်းသေးဘူး၊ အဲဒါမျိုးကို ဆရာတို့ကို မခေါ်ဘူး၊ တစ်ခါတလေ ဘာလုပ်ရမယ် ဆိုတာတော့ သိတယ်၊ မျှော်လင့်ချက်တော့ သိပ် မရှိတော့ဘူး၊ အဲသလို ဆိုရင်လည်း ဆရာတို့ကို မခေါ်ဘူး၊ ဘာလုပ်ရမှန်း မသိတာ၊ ဆရာဝန်ကြီး ကိုယ်တိုင် လာကြည့်မှသိမှာ၊ လူနာအတွက်ပို အကျိုးရှိမှာ၊ အဲဒါမျိုး ဆိုရင်တော့ ခေါ်တယ်၊ ဆရာတို့လည်း သွားတယ်ပေါ့၊ ရုံးချိန်မှာတော့ အရေးကြီးကြီး မကြီးကြီး လူနာတိုင်းကို တစ်ခေါက်တော့ ကြည့်ဖြစ်အောင် ကြည့်ပါတယ်၊ ညတိုင်း ကျတော့လည်း ကြာဖြူလည်း ယူကေ နေဖူးတာပဲ၊ ဟိုမှာကတာဝန်ခံ ဆရာဝန်ကြီးတွေတောင် လူနာဆောင် တစ်ဆောင်မှာ ခနစ်ယောက် လောက် ရှိတာ၊ ခုနစ်ရက် တစ်ခါပဲ အွန်ကောလ် ယူရတာ၊ ဒီမှာက နေ့တိုင်းလေ'

မေကြာဖြူက ခေါင်းညိမ့်၍ ဒါပေါ့ဟုပြောကာ အော်တိုဂီယာ ကားကလေး ရှေ့ဘက် ရွှေ့လျားမောင်းတံကို ဘယ်ဘက်လက်ဖြင့် ကျင်လည်စွာ ထိုးလိုက်သည်။

'ကဲ ကြာဖြူ့ကို နာရီဝက်ပဲ အချိန်ပေး၊ တစ်နေရာရာမှာ ထိုင်ပြီး ဆရာတစ်နေကုန် စိတ်ရှုပ်ခဲ့ရတာတွေ လျော့သွားတဲ့အထိ ဆရာပြောချင်တဲ့ စကားတွေထိုင်ပြော၊ ကြာဖြူနားထောင်ပေးချင်တယ်'

ဒေါက်တာ မြတ်ထွန်း ဘာမှ ပြန်မပြောနိုင်ခင် မေကြာဖြူက ကားကလေးကို ကျင်လည်စွာ မောင်းထွက်ခဲ့ပါသည်။

(၄)

'လေမဝင်ဘူးဟေ့၊ ပိုက် ပြန်ထုတ်၊ ပြန်ထည့်မယ်၊ လယ်ရင်ဂို စကုပ်ပေး'

ဒေါက်တာမင်းခန့်က ချွေးတစ်လုံးလုံး ဖြစ်နေသည့်ကြားက အော်ပြောသည်။ အလုပ်သင်ဆရာဝန်ကလေး နှစ်ယောက်မှာ တစ်ယောက်က ငြိမ်သက်နေသော လူနာ၏ ရင်ဘတ်ကို နှိပ်ပြီး တစ်ယောက်က လူနာခေါင်းရင်းမှ ရော်ဘာဘူးကြီးကို ဆက်ထားသော ပိုက်မှတစ်ဆင့် အဆုတ်တွင်းသို့ လေဝင်အောင် မှုတ်ထည့်ပေးနေသည်။

သူနာပြု ဆရာမလေး တစ်ဦးက မီးလင်းနေသော စတီးလ်လက်ကိုင်တပ် ကိရိယာကလေးကို ဒေါက်တာမင်းခန့် လက်ထဲ ထည့်ပေးလိုက်စဉ် သူမ၏ လက်ပတ်နာရီအား ထောက်ပြသည်။

'ဘာလဲ၊ မိနစ် နှစ်ဆယ် ပြည့်သွားပြီလား'

'နာရီဝက် ရှိနေပြီ ဆရာ'

ဟူးခနဲ သက်ပြင်းချ၍ လူနာခေါင်းရင်းဘက် သွားပြီး လူနာမျက်လုံးကို ဖြဲ၍ သူငယ်အိမ်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

'မရတော့ဘူးဟေ့၊ ရပ် ရပ်၊ ဟော့ ခြေရင်းက အဖွဲ့တွေ တော်ပြီ၊ အဲဒီအပ် ချထားလိုက်၊ မထိုးနဲ့တော့'

ချွေးတွေ စိုရွှဲနေသော ဆရာဝန်၊ ဆရာမ အဖွဲ့သားအားလုံး ခြေပစ်လက်ပစ် ရပ်လိုက်ကြသည်။

ပြဿနာက မပြီးသေးပါ၊ စောစောက ဝိုင်းအုံ၍တစ်ယောက် တစ်ပေါက် ပြောနေသဖြင့် နှင်ထုတ်ထားသော လူနာရှင် အုပ်စုကြီး အပေါက်ဝတွင် ရှိနေပါသေးသည်။

myanmar ONLINE teashop www.mmteashop.com

'ဆွေဇင်'

လက်ထောက် ဆရာဝန်မကလေးက ရှင်ဟု ထူးသည်။

'လူနာရှင်တွေကို ဆွေဇင်ပဲ ရှင်းပြပေးပါလား'

'ရပါတယ် ဆရာ၊ ဆရာ သွားနားတော့လေ'

'ကျေးဇူး'

ဒေါက်တာမင်းခန့် ဆရာဝန်၊ ဆရာမများ နားနေခန်းအတွင်းသို့ ဝင်လာပြီး ရေခဲသေတ္တာကို ဖွင့်၍ ရေသန့်တစ်ပုလင်းကို ထုတ်ယူ ငုံ့သောက်သည်။

နောက်က တစ်စုံတစ်ဦး လိုက်ဝင်လာသံ ကြားသဖြင့် ဆွေဇင် မရှင်းပြရဲဘူး ထင်တယ်ဟု သက်ပြင်းချကာ လှည့်ကြည့်သည်။

သွားတက်ကလေးနှင့် အပြုံးလှလှကလေးက ဆီးကြိုနေသည်။

'ကြာဖြူ'

'မောနေပြီလား ကိုမင်းခန့်'

'အင်း၊ ဘယ်လိုလုပ်'

'ကြာဖြူ့တိုက်က သတင်းထောက်ကလေးရဲ့ အဖေပါ၊ လိုတာ ကူညီရအောင် လိုက်လာတာပါ၊ မကူညီနိုင်တော့ဘူး ထင်ပါရဲ့နော်'

'စိတ်မကောင်းပါဘူးဗျာ'

'မဟုတ်တာ၊ ကိုမင်းခန့်တို့အဖွဲ့ ဘယ်လောက် ကြိုးစားကြသလဲဆိုတာ ကြာဖြူတို့ တွေ့နေတာပဲ၊ ကျေးဇူးလည်း တင်ပါတယ်၊ လူနာ့ကံပေါ့လေ'

နီးရာ ကုလားထိုင် တစ်လုံးကိုညွှန်ပြ၍ သူကိုယ်တိုင်လည်း တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

'နောက်ကျတယ်ဗျာ၊ ဒီအဆင့်ကျမှ ရောက်လို့ ဒီလောက် လုပ်ရရင် လုပ်သာ လုပ်နေရတယ်၊ အောင်မြင်ခဲတယ်၊ ဆရာ ဦးမြတ်ထွန်းတောင်'

ပြောရင်း ဒေါက်တာမင်းခန့် နှုတ်ဆွံ့သွားသည်။

ဟုတ်ပါရဲ့။ သည်မိန်းမလှကလေး ယခုတလေ ဒေါက်တာမြတ်ထွန်းနှင့် ဟိုနား သည်နားမှာ တွေ့ရသည် မကြာခဏ ကြားနေရတာပဲ။

လေးလံသော နလုံးသားကို သက်ပြင်းတစ်ချက်ဖြင့် ကျားကန်ရင်း ဆရာ ဦးမြတ်ထွန်း တောင် နှစ်ခါပဲ အောင်မြင်ဖူးတယ်တဲ့ ဟု ဆက်ပြောလိုက်သည်။

'ဒါဆို အဓိက လူနာရှင်တွေ ကျေနပ်အောင် လုပ်ကြရတာပေ့ါလေ၊ ဟုတ်လား'

'အဲသလိုတော့လည်း မဟုတ်ဘူးပေ့ါဗျာ၊ ရလို ရငြားပေ့ါ၊ တစ်ခါတလေလည်း လူနာရှင်က ကျေးဇူးမတင်တဲ့ အပြင် သေမှာပေ့ါ၊ ဟိုဆရာက အားကြီးနဲ့ တက်ဖိတာကိုးလို့ ပြောတာလည်း ကြုံဖူးပါတယ်'

မကြာဖြူက သွားတက်ကလေးများ ပေါ်အောင် ပြုံးရယ်၍ ကိုမင်းခန့်လည်း မောရောပေ့ါ၊ နားလေ၊ ကြာဖြူလည်း ပြန်မယ်ဟု ပြောသည်။

'ခဏလေး ကြာဖြူ၊ ပန်းလ်တော့ပ် ကွန်ပြူတာကလေး လက်ဆောင်ပေးတာ ကျေးဇူးတင် တယ် မပြောရသေးလို့၊ ပြီးတော့ ဒီလောက် ဈေးကြီးတာ ဘာလို့ ပေးရသလဲ .... လို့၊ အားနာလို့'

မကြာဖြူက ရယ်၍ ပန်းလ်တော့ပ်လား၊ ဒါဆို အထုပ်မှားသွားတာ ဖြစ်မယ်၊ အဲဒါ ဆရာ ဦးမြတ်ထွန်း ဆိုပြီး ပေးတာ။ ကြွေ့တော့ ဆရာကြီးက အော်ဂနိုက်ဇာ ကလေးပဲ ရသွားတာ ထင်တယ်၊ ကိစ္စ မရှိပါဘူး၊ ထားလိုက်ပါတော့ ဟု ပြော၍ လှည့်ထွက်သွားသည်။

မှားတာတဲ့။

ဒေါက်တာ မင်းခန့် ရင်ဘတ်တစ်ခုလုံး ရေနစ် သွားပါသည်။

✦✦✦✦✦✦✦

**အခန်း(၅)**

# ကြာဗျာရုံလှိုင်း

(၁)

အလှအပဆိုတာ အရေပြား စပါးစေ့ တစ်ထောက်စာပါ။

ဒါပေမင့် အဲသည် တစ်ထောက်စာ လုံးလုံးဘာအပြစ်မှ ရှာမတွေ့နိုင်လောက်သော အလှသည် ထူးခြားလွန်းမနေဘူးလား။

အလှတရားမှာ မည်သည့်လွှမ်းမိုးနိုင်စွမ်း တန်ခိုးအာနိသင် ပိုင်ဆိုင်နိုင်ခွင့် ရှိပါသလဲ။ လှနေရုံကလေးနှင့်တော့ အရာရာကို လွှမ်းမိုးပြောင်းလဲ ပစ်နိုင်စွမ်း မရှိသင့်ဟု ဒေါက်တာမြတ်ထွန်း ထင်သည်။

ဘယ်လောက် ထူးခြားသည့် အလှပဲ ဖြစ်ပါစေပေါ့။

အထူးသဖြင့်တော့ သူ့စိတ်ကို မလွှမ်းမိုးနိုင်သင့်ပါ။

သူက အိမ်ထောင်ရှင် ယောကျ်ားတစ်ဦး။ အသက်ကလည်း လေးဆယ်ကို သိသိသာသာ ကျော်ခဲ့ပြီ။ အပြင်ပန်းရုပ်က ဘယ်လိုပဲ သူ့အသက်ကို မျိုးစုံဖုံးကွယ် လိမ်ညာနေပေမယ့် မျက်မှန်မပါဘဲ ဘယ်စာမှ ဖတ်လို့ မရတော့သော မျက်စိက ညာ၍မရ။

ဇနီး မသစ္စာကို ငယ်ငယ်က သူအလွန် ချစ်မြတ်နိုးခဲ့သည်ကို သူကောင်းကောင်း သတိရသည်။ သားသမီး မထွန်းကားနိုင်ခဲ့တာကိုပင် အပြစ်မယူရက်။ မသစ္စာ၏ တူအရင်း မိဘမဲ့ သားငယ်ကို သားအရင်းသဖွယ် ချစ်မြတ်နိုးစွာ မွေးစားပြီး နိုင်ငံခြားသို့ပို့၍ပင် ကျောင်းထားသည်အထိ မိသားစုဘဝကလေးကို ခိုင်မာစွာ ဆောက်တည်ခဲ့သည်။

ယခု မသစ္စာကို ငယ်ငယ်တုန်းက ချစ်သလောက် ချစ်သေးသလားဟု မေးလာလျှင်တော့ ကိုယ့်ကိုယ်ကိုယ်ပင် ကိုယ်တိုင်မသိ။ မသစ္စာအနားမှာ နေရတာ သိပ်ပျော်စရာ မကောင်းတော့တာတော့ သိသည်။ သို့သော် အချစ်စစ်၊ အချစ်မှန်ဆိုတာ အမြဲ ပျော်နေရမည့်ကိစ္စ၊ အမြဲလှပ နေရမည့်ကိစ္စမှ မဟုတ်တာ။ မသစ္စာကို သူ သစ္စာရှိစွာ ပြုစုစောင့်ရှောက်သည်။ ဒါနှင့် ပတ်သက်၍ လည်း သူ့ကို လူအများက လေးစားစွာ အသိမှတ်ပြုရသည်။

အဲသည့် လူအများ လေးစားနေသည့် သူ့ကိုယ်သူတော့ သူချစ်တာ သေချာသည်။ လက်ရှိသူ့ဘဝက ဘယ်လိုပဲ ပျော်စရာ မကောင်း မကောင်း၊ ဘယ်လိုပဲ မလှမလှ၊ သူချစ်သူ့ သူ့ကိုယ်သူ အပြောင်းအလဲ မခံနိုင်ပါ။

အဲသည်လို အချိန်မျိုးမှာမှ ဘာအပြစ်မှ ရှာမရလောက်အောင် အင်အားကြီးမားသည့် အလှတရား တစ်ခုက သူ့ဘဝအတွင်းသို့ အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်ဖို့ ကြိုးစားလာခဲ့သည်။

ဒါတိုက်ဆိုင်မှု သက်သက်ပဲလား။

ဒါမှမဟုတ် စိန်ခေါ်မှု တစ်ရပ်ပေပဲလား။

ကွန်ပြူတာ မော်နီတာပေါ်မှာ အနောက်တိုင်း ရှုံးတက်ဝတ်စုံကလေးနှင့် ဖိုင်ကလေး ပိုက်ပြီး သိမ်မွေ့စွာ ပြုံး၍ ရပ်နေသည့် မကြောဖြူကို သက်ပြင်းတစ်ချက် ချရင်းက ဒုတိယအကြိမ် လှည့်ကြည့် မိပြန်သည်။

ဘာလဲကွယ်။ မင်း ဘာတွေလုပ်နေတာလဲ။

အဲသည့် ဓာတ်ပုံက အီးမေးလ်းတစ်ခုနှင့် တွဲ၍ ဝင်လာတာပါ။

'ဆရာ ကျွန်မ လှသလားဟင်၊ တိုက်က အယ်ဒီတာတွေက ဒီပုံကို မျက်နှာဖုံးမှာ တင်လိုက်ရင် မင်းသမီးပုံတွေ၊ မော်ဒယ်လ်ပုံတွေ တင်တာထက်တောင် ရောင်းအားတက်သွားမယ်တဲ့၊ မြှောက်နေ၊ တိုက်တွန်းနေကြတယ်။ မတင်ချင်ပါဘူး ဆရာရယ်၊ ကျွန်မ တကယ်လှတယ်ဆိုရင်လည်း သည်အလှကို ကိုယ်ကြည့်စေ၊ ခံစားစေချင်သူအတွက် သီးသန့် ထားချင်တယ်'

သည်အရွယ်မှာ သည်စကား၏ အဓိပ္ပာယ်ကိုသိရန် တတိယလူတစ်ဦးနှင့် တိုင်ပင်ရန်မလိုပါ။

မယုံကြည်နိုင်စရာ ကောင်းလှသည့် စကား ဖြစ်နေတာ တစ်ခုတည်းပါ။

သည်မျှ အသိပညာ ပြည့်ဝ၍မနေ၊ အလှ အားလုံးကြွယ်ဝသည့် မိန်းကလေးတစ်ဦးက သည်မျှ ဆင်ခြင်တုံတရား နည်းသည့် အီးမေးလ်းကို ပို့စရာလား။ သူ့နေရာမှာ သူ့လို မပြည့်စုံ၊ မလှပသည့် မိန်းကလေးတစ်ဦးဆိုလျှင်ဒေါက်တာမြတ်ထွန်း ဘာမှ တုန်လှုပ်မည် မဟုတ်။ ကြုံဖူးခဲ့တာပင် များလှပြီ။

တုန် ..... လှုပ် .......... တုန်လှုပ်။

ဘုရားရေ။ ငါ တုန်လှုပ်နေတာပါလား။ ဒါ တုန်လှုပ်စရာလား။ ဒါကို တုန်လှုပ်နေတယ်ဆိုရင် ငါကိုယ်တိုင်ကပါ မှားနေတာပါလား။

အလှတရား တစ်ခုသည် မည်မျှ အင်အားကြီးမားပါစေ ဆင်ခြင်တုံတရား၊ ဘဝအတွေ့ အကြုံနှင့် အသိပညာပြည့်ဝသော နှလုံးသားကို ထိခတ်နိုင်စွမ်း မရှိသင့်။

သက်ပြင်း တစ်ချက်ကို ချ၍ ကွန်ပြူတာပေါ်မှာ 'စာပြန်ရန်'(Reply) ဟု ရေးထားသော ခလုတ်ကို မောက်စ် နှိပ်လိုက်သည်။

'မင်း သိပ်လှပါတယ်။ ဒါပေမင့် မင်း သည်မေးခွန်းကို သက်တူရွယ်တူ လူပျို ယောကျ်ား လေး တစ်ယောက်ကိုပဲ မေးသင့်ပါတယ်'

ဘာဖြစ်လို့လဲ ... ဆိုသည့် အီးမေလ်း ပြန်ဝင်လာမည်စိုးသဖြင့် မြန်မြန်ဆန်ဆန်ပင် 'ထွက်' (logout) ခလုတ်ကို နှိပ်၍ ထွက်လိုက်သည်။

(၂)

တံခါးခေါက်သံ တဖွဖွ။

ပြီးတော့ တံခါးလက်ကိုင်ဖုကလေး လည်၍ တံခါးပွင့်သွားပြီး ဒေါက်တာယဉ်နွယ်အေး၏ ခေါင်း ဝင်လာသည်။

'ဆရာ၊ အရာရှိကလေးတစ်ယောက် စောင့်နေတယ်၊ ဆရာနဲ့ တွေ့ချင်လို့တဲ့'

'အေး အေး၊ လွှတ်လိုက်'

လူငယ်တစ်ဦး ဝင်လာသည်။ သွေးအဖြေ လာပြတာလား။ ရက်ချိန်းတောင်းတာလား။ ပုံမှန် လုပ်နေကျ တစ်ခုခုပဲ နေမှာပါဟုတွေး၍ သူ့စားပွဲရှေ့က ကုလားထိုင်ကို လက်ပြလိုက်တော့ လူငယ် က ဝင်ထိုင်သည်။

'ပြော ဘာလုပ်ပေးရမလဲ'

'ဒီလိုပါ ဆရာကြီး၊ ဆရာကြီး လူနာဆောင်မှာ တာဝန်ကျတဲ့ အလုပ်သင် ဆရာဝန် ဒေါက်တာ ခင်မြင့်မြတ် ကိစ္စပါ'

ခင်မြင့်မြတ်။ ရုတ်တရက် စဉ်းစား၍ မပေါ်။

'သူ ဘာဖြစ်လို့လဲ'

'သူ ဘာမှ မဖြစ်ပါဘူး ဆရာကြီး၊ ဆရာကြီး ခေါ်ထားတာပါ'

ဟုတ်သားပဲ။ ည တာဝန်ကျ ရက်တွေမှာ ခွင့်မဲ့ ပျက်ကွက်နေသည့် မိန်းကလေး။ သူ့ကို လာတွေ့ဖို့ ဒေါက်တာမြတ်ထွန်း ခေါ်ထားသည်။

'မောင်ရင်က'

'ကျွန်တော်က မကြာခင် သူနဲ့ လက်ထပ်တော့မယ့်သူပါ ဆရာကြီး၊ အခု သူ ပျက်ကွက်တာတွေကလည်း ကျွန်တော်တို့ မင်္ဂလာဆောင် နီးလို့ လိုက်လုပ်တာကလေးတွေ များနေလို့ ဆရာကြီးကို လာတင်ပြတာပါ'

သက်ပြင်းသာ ချမိသည်။

'ငါက သူ့ခေါ်တာကွ၊ ကဲကဲ ဒါဆိုလည်း မင်း သူ့ကိုပြော၊ လက်ထပ်ခွင့် တင်လိုက်လို့ ပြီးရင် တစ်နှစ်ပြီးမှ အဲသည့်ရက် ပြန်လာဆင်း၊ ရှင်းပြီလား၊ ကဲ မင်းပြန်တော့'

'ဟုတ် ဟုတ်ကဲ့'

လူငယ်ကလေး နေရာမှ ထထွက်သွားတော့ ဒေါက်တာ ယဉ်နွယ်အေး ရယ်ကျဲကျဲနှင့် ခေါင်းကုတ်ရင်း ဝင်လာသည်။ ဒေါက်တာမြတ်ထွန်းက လက်သီးဆုပ်၍ ထောင်ပြတော့ ဇက်ပုပြသည်။

'ဆရာ ဆရာဝန်ကလေး သုံးယောက်လည်း လာတယ်'

'မေးမထားပြန်ဘူး မဟုတ်လား'

'ဆရာကလဲ၊ ဒီတစ်ခါတော့ မေးထားပါတယ်၊ အလုပ်သင် ဆရာဝန်ပြီးလို့ လက်ထောက် ဆရာဝန် လျှောက်ထားတဲ့ သူတွေပါတဲ့။ ပို့စတင် မခေါ်သေးခင် စာတွေ အဆက်ပြတ်မှာစိုးလို့ ဆရာ့ '*ရောင်း*'တွေ လိုက်ချင်လို့ပါတဲ့'

ဒေါက်တာမြတ်ထွန်း ခေါင်းညိတ်ပြသည်။

'ပညာလိုလားတဲ့ ကလေးတွေကိုတော့ အမြဲတမ်း ကြိုဆိုလျက်ပါလို့၊ ဒီနေ့တော့ ညနေလေးနာရီလည်း ထိုးနေပြီ၊ ဆရာလည်း ညနေ *ရောင်း* ပြီးနေပြီလို့၊ မနက်ဖြန် မနက်မှ လာခဲ့ပါလို့ ပြောလိုက်'

'ဟုတ်'

ဒေါက်တာယဉ်နွယ်အေး ပြန်ထွက်သွားသည်။

ဆေးခန်းထဲသို့ ဒေါက်တာမြတ်ထွန်း ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာသည်ကို တွေ့သည်နှင့် တာဝန်ကျစားပွဲမှ ဆရာမတစ်ဦး အပြေးတစ်ပိုင်းထွက်လာ၍ ဒေါက်တာမြတ်ထွန်း လက်မှ အိတ်ကို ယူသည်။

'နှစ်ထပ်မှာ တစ်ယောက်ပဲ ရှိတော့တယ် မဟုတ်လား'

ဆရာမက လက်ထဲက စာရင်းစာအုပ်ကို ကမန်းကတမ်း လှန်လှောကြည့်၍ ဟုတ်ပါတယ်၊ ဆရာကြီး၊ ကျန်တဲ့ တစ်ယောက်က မနေ့က ဆရာကြီး ဆေးရုံဆင်းပေးလိုက်ပါပြီဟု ရခိုင်သံဝဲဝဲဖြင့် ဖြေသည်။

တာဝန်ကျ စားပွဲဘက်သို့ လှမ်းကြည့်လိုက်တော့ ဂျူတီကုတ် အဖြူကလေး ဝတ်ထားသည့် ဆရာဝန်မကလေးတစ်ဦး ထိုင်နေသည်ကို ဘေးတိုက် မြင်ရသည်။

ဟိုင်းလိုက် ဖောက်ထားသော ဆံပင် အနီရောင်တို့ကို ဖြောင့်စင်းစွာ ချထားသည့်ကြားက နားတွင် သီချင်းနားထောင်သော နားကျပ်ကလေး တပ်ထားသည်ကို တွေ့ရသည်။ လက်ထဲမှာလဲ 'အိုင်ပေါ့' ဟုထင်သည်။ ခေါင်းက လှုပ်စိလှုပ်စိ။ အသစ်ထင်သည်။ တော်တော်ငယ်သည်။ သူ့ကို ဒေါက်တာမြတ်ထွန်း တစ်ခါမှ မမြင်ဘူး။

'ဘာလို့ ဆရာဝန်ကို မခေါ်ခဲ့လဲ၊ ဟိုမှာ သီချင်းလေး တအေးအေးနဲ့'

'သူက ဒီလိုပါပဲ ဆရာကြီး၊ သူ့ကို ကျွန်မတို့ မခေါ်ရဲပါ၊ ကြောက်ပါတယ်'

'သြော် ငါတော့ မကြောက်ဘူးပေါ့၊ တယ်လေ သွားခေါ်'

လေသံမာမာနှင့် ဟောက်တော့မှ ဆရာမက ဆရာဝန်မကလေးဆီ ပြေးခေါ်သည်။ ဆရာဝန်မကလေးက နားကျပ်ကို နားမှ ဖြုတ်၍ ဒေါက်တာမြတ်ထွန်းဘက် လှည့်ကြည့်လိုက်၊ ဆရာမ ပြောတာ နားထောင်လိုက် လုပ်ပြီး ခပ်အေးအေးပင် ထလာသည်။

'မင်းက ဆရာဝန် အသစ်လား'

'နှစ်ပါတ်ပဲ ရှိသေးတယ်ဆိုတော့ ဟုတ်ကဲ့၊ အသစ်ပါ'

ဆရာဝန်မကလေးက ခပ်အေးအေးပင် ဖြေသည်။

'ငါ *ရောင်း* မလို့ ဝင်လာတာ မမြင်ဘူးလား'

'မြင်တော့ မြင်ပါတယ်၊ ဆရာ *ရှောင်း* မလို့ လာတယ် မထင်လိုက်လို့ပါ '

'ဒီနေ့ ဒီအချိန် ငါထိုင်တာမှ မဟုတ်တာ၊ *ရှောင်း* မလို့ လာတာမဟုတ်လို့ ငါကဘာလာလုပ်ရမှာလဲ'

ဒေါက်တာမြတ်ထွန်းက လေသံမာနှင့် ပြောသော်လည်း ဆရာဝန်မကလေးက ခပ်အေးအေးပင်။

'မသိဘူးလေ၊ ဧည့်သည်ကလည်း စောင့်နေတော့'

ဒေါက်တာမြတ်ထွန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဧည့်သည်'

'ဟုတ်တယ်လေ၊ ဟိုမှာ လာနေပြီ'

ဆရာဝန်မကလေး ညွှန်ပြရာ လှမ်းကြည့်တော့ လူနာများ စောင့်ဆိုင်းခန်းဘက်က လမ်းလျှောက်လာနေသော မကြောဖြူကို တွေ့ရသည်။

ဘလောက်စ် အကျီအဖြူရောင်၊ ဘောင်းဘီရှည် အသားရောင်ကလေးနှင့် လူအများအလယ်မှာ ထင်းနေသည်။ မျက်နှာမှာလည်း အပြုံးကလေးနှင့်။

ဆရာဝန်မကလေးကလည်း ပြုံးစိစိ။

(၄)

'ကြာဖြူ ဘာလာလုပ်တာလဲ'

'ဆေးခန်း လာပြတာပါ'

'ဘယ်သူ့ကိုလဲ'

မကြောဖြူက တိုးတိုးရယ်သည်။

'ကိုယ့်ကိုယ်ကိုယ်ပေါ့၊ ဆရာနဲ့ လာပြတာ၊ ဆရာဒီနေ့ မထိုင်မှန်းတော့ သိတယ်၊ ဒီအချိန်လာ *ရှောင်း* နေကျမှန်း သိလို့ စောင့်နေတာ၊ ကြည့်ပေးမယ် မဟုတ်လား'

သက်ပြင်းသာ ချမိသည်။

'ကြာဖြူက ဘာဖြစ်လို့လဲ'

ပခုံးတွန့်ပြသည်။

'တစ်ချက် တစ်ချက် မောသလိုပဲ၊ အလုပ်ရှုပ်တာ ၊ အိပ်ပျက်တာတော့လည်း ရှိတာပေါ့လေ၊ ဒါပေမယ့် နလုံးတို့ ဘာတို့ ဖြစ်မှာစိုးလို့'

ဘုရားရေ။ နလုံး စမ်းပေးရမတဲ့။

လှည့်ကြည့်တော့ သူနာပြု ဆရာမကလည်း ပြုံးစိစိ။

'လာ မင်းလိုက်ခဲ့'

သူနာပြု ဆရာမကိုပါ ခေါ်၍ ပြင်ပလူနာ ဌာနဘက် လျှောက်ခဲ့သည်။

(၅)

'နလုံးက ဒီအတိုင်း စမ်းတာတော့ အကောင်းပါပဲ၊ အသံပိုတွေ ဘာတွေလည်းမရှိဘူး၊ နည်းနည်းတော့ မြန်သလိုပဲ၊ ၁၀၀ ကျော်နေတယ်၊ ဓာတ်မှန်လေး အီးစီဂျီလေး သွေးစစ်တာလေး တွေတော့ လုပ်ထားလေ၊ ပြီးရင် ဆရာ့ကိုဘယ်မှာ ပြန်လာပြမလဲ၊ ဆေးရုံမှာ ပြမလား၊ ဆေးခန်း လာမလား'

မေကြာဖြူက အနည်းငယ် နီမြန်းနေသော ပါးပြင်ကို ဒေါက်တာမြတ်ထွန်း မမြင်အောင် တစ်ဖက်သို့ လှည့်၍ ဆရာ ချိန်းလေဟု ဖြေသည်။ သူနာပြု ဆရာမက မေကြာဖြူ၏ ဘလောက်စ် အင်္ကျီ ကြယ်သီးများကို စုံအောင် ကူတပ်ပေးသည်။

'သန်ဘက်ခါ ဆေးရုံလာခဲ့လေ၊ မနက်ပိုင်းလောက်ပေါ့၊ ဒီကအဖြေတွေ ဆရာပဲယူထား လိုက်မယ်'

မေကြာဖြူက သင့်ခ် ဟု တိုးတိုးပြောသည်။

ဒေါက်တာမြတ်ထွန်းက ညှော်ကြို စာရေးမကလေးကို ဓာတ်ခွဲခန်း၊ ဓာတ်မှန်၊ အီးစီဂျီ တောင်းခံလွှာများကို လတ်မှတ်ထိုးပေးပြီး မင်းလိုက်ပို့လိုက်ဟု ပြောသည်။ ပြီးတော့ မေကြာဖြူကို 'လိုက်သွားလိုက်၊ ဆရာ ရောင်း လိုက်ဦးမယ်' ဟု လှည့်ပြောသည်။

မေကြာဖြူနှင့် စာရေးမကလေး ထွက်သွားတော့ ဒေါက်တာမြတ်ထွန်းနှင့် သူနာပြုဆရာမ ကျန်နေခဲ့သည်။

myanmar ONLINE teashop
www.mmteashop.com

'လုလိုက်တာ ဆရာကြီးရယ်၊ မှဲ့တစ်ပေါက်တောင် ထောက်ပြစရာ မရှိဘူး'

သူနာပြု ဆရာမက တိုးတိုးရေရွတ်တော့ ဒေါက်တာမြတ်ထွန်းက မျက်စောင်းခဲပြီး အဲဒါ မင်း စိတ်ဝင်စားစရာလား။ လူနာက လူနာပေါ့ဟု ဟောက်သည်။ ပြီးတော့ စားပွဲပေါ်က နားကျပ်ကို ကောက်ယူ၍ လည်ပင်းမှာ ချိတ်သည်။

တောက်။ အရေးထဲ ဒီလက်တွေက တုန်နေသေး။

(၆)

ဒေါက်တာယဉ်နွယ်အေးက ဆရာဝန်များ နားနေခန်းအတွင်းသို့ ဒီစီအချပ် တစ်ချပ်ကိုင်၍ ဝင်လာပြီး ဒေါက်တာမင်းခန့်ကို ရှာသည်။

ကွန်ပျူတာရှေ့မှာ ဆေးကျောင်းသားများ စာသင်ရန် လက်ချာပါဝါပွိုင့် ရိုက်နေသော ဒေါက်တာမင်းခန့်ကို မြင်တော့မှ ဟဲ့ ဟု လှမ်းခေါ်ကာ ဘေးတွင် ဝင်ထိုင်သည်။

'ဘာလဲ အစ်မ'

'အမ်အာစီပီ နတ်တွေလေ၊ ရန်ကုန်က ပို့ပေးလိုက်တာ၊ နင် ကူးမယ် မဟုတ်လား'

ဒေါက်တာမင်းခန့် ခေါင်းကုတ်သည်။

'လိုတော့ လိုချင်သား အစ်မရဲ့၊ အိမ်မှာက ကွန်ပျူတာ မရှိတော့ ဒီထဲပဲ ထည့်ရမှာပဲ၊ ဆေးရုံ မှာကလည်း စာဖတ်ချိန်က မရ'

'ညည်းမနေပါနဲ့ သူဌေးရယ်၊ ဟဲ့ နင့် ဟို ပပဝတီ ပေးတဲ့ လက်ကိုင်ကွန်ပြူတာကလေးထဲ ထည့်ရင်ကော'

ဒေါက်တာမင်းခန့် ရယ်၍ ခေါင်းကုတ်သည်။

ဆရာရှိန်စတာ သူ့ ပြန်ပြောမိတာတော့ မှားပြီထင်သည်။

'ကျွန်တော့ ပပဝတီ မဟုတ်ရပါဘူး အစ်မရယ်'

'အေး သူကတော့ ဒို့ဆရာရဲ့ ပပဝတီ ဖြစ်ချင်နေပုံပဲ၊ ဒါပေမယ့် တို့ဆရာကလည်း အသက် အရွယ်နဲ့မလိုက်အောင် ချောတော့ မင်းကုသတော့ မဖြစ်နိုင်ဘူး၊ နင်ပဲ ကုသ ဆက်လုပ်'

'တော်ပြီဗျာ၊ အစ်မကလဲ'

'အလကား စတာပါဟယ်၊ ငါပြောတာ လုပ်ကြည့်ပါဦး'

'ဆန့်ပွဲမလား အစ်မရဲ့'

'သရီးဂျစ်(3G)ပဲ ရှိတာဟ၊ နင့်ဟာ သုံးလောက်တော့ လွတ်မှာပေါ့'

ဒေါက်တာမင်းခန့် အိတ်ထဲမှာ လက်ကိုင် ကွန်ပြူတာကလေးကို ထုတ်၍ ဖွင့်ကြည့် စစ်ဆေးသည်။

'မရဘူး အစ်မရဲ့၊ အားလုံးမှ လေး ပဲ ရှိတာ၊ တစ်ခွဲ က သုံးထားတော့ နှစ်ခွဲ ပဲ လွတ်တယ်'

'နင် ဘာတွေ လျှောက်ထည့်ထားလဲ'

'ဘာမှ မထည့်ရပါဘူးဗျာ၊ ရကတည်းက ဒီအတိုင်း သိမ်းထားတာ၊ ဘလင့်ခ်ပဲ၊ ဝင်းဒိုးကိုက စားထားတာ'

ငါလည်း သိပ်တော့ နားမလည်ဘူး၊ ဒါပေမယ့် ဒီအသေးဝင်းဒိုးက အဲဒီလောက် မရှိရဘူး ထင်တယ်၊ ကောင်မလေး ထည့်ထားတာတွေ ရှိလားရှာကြည့်ပါဦး

'မရှိပါဘူး၊ ကျွန်တော် အားလုံး လိုက်ရှာပြီးပြီ၊ ပရိုဂရမ်ဖိုင်တွေက လွဲရင် ဘာမှ မရှိဘူး'

ဒေါက်တာ ယဉ်နွယ်အေးက ပြတင်းပေါက်ဘက် မေးငေါ့ပြ၍

'အေး၊ အဖြေသိချင်ရင်လည်း ကာယကံရှင်သာ မေးပေတော့၊ ဟိုမှာ ကားအဖြူကလေး တော့ ဝင်လာနေပြီ' ဟု ဆိုသည်။

(၇)

'ကြာဖြူ့မှာမောင်နမ ဘယ်နှစ်ယောက် ရှိသလဲ'

ပခုံးကလေး မသိမသာ တွန့်ကနဲ ဖြစ်သွားသလိုလို။

'တစ်ယောက်မှ မရှိပါဘူး ဆရာ၊ ဘာဖြစ်လို့လဲ'

ဒေါက်တာမြတ်ထွန်းက မျက်မှောင်ကြုတ်၍ လက်ထဲက စာရွက်ကို မေကြာဖြူ့ကို လှမ်း ပေးသည်။



 Typing by noel &LICH

'နလုံးက ကောင်းပါတယ်၊ သွေးအားကလေး မဆိုစလောက် နည်းနေလို့၊ အစားပျက်တာ၊ ရာသီလာတာ များတာ အဲဒါတွေလည်းဘာမှ မရှိဘူး ဆိုတော့ မျိုးရိုးထဲမှာ သွေးအားနည်းရောဂါ ရှိလားလို့ပါ'

မေကြာဖြူက အံကလေး မသိမသာ ကြိတ်၍ မရှိပါဘူးဆရာ။ ဆရာပြောတာက သွေးသွင်းဖို့လိုမယ်လို့ ပြောတာလားဟု ပြန်မေးသည်။ ဒေါက်တာမြတ်ထွန်းက ခေါင်းခါပြသည်။

'အဲသလောက်တော့လည်း မနည်းဘူး၊ အဲဒါကြောင့် စဉ်းစားရ ခက်နေတာ၊ အဲသလို ရောဂါတွေဆိုရင်လည်း ငယ်ငယ်ကတည်းက သွေးသွင်းရတတ်တယ်၊ အင်းလေး အိပ်ချ် H ဆိုရင်တော့'

မေကြာဖြူ မျက်လုံးဝိုင်းသွားသည်။ အိတ်ချ် ဟုတ်လားဆရာဟု မေးသည်။

'အိတ်ချ်က ရှားတယ်၊ ဒါပေမယ့် သိပ်မပြင်းထန်ဘူး၊ အကြောင်း တစ်ခုခု ဥပမာ ပင်ပန်းတာ၊ နာတာရှည် ရောဂါဖြစ်တာ၊ မိန်းကလေးဆိုရင် ကိုယ်ဝန်ဆောင်တာ၊ အဲသလို အချိန်မျိုးကျမှ သွေးအား သိသိသာသာ နည်းသွားတာမျိုး၊ သွေးသွင်းရတာမျိုး ရှိတတ်တာ၊ ပုံမှန်အချိန်မှာ အကောင်းပဲ၊ အခု ကြာဖြူ ဖြစ်သလို နည်းနည်းမောတာ နလုံးခုန်မြန်တာလေး ရှိချင်ရှိမယ်။ စိတ်ပူစရာတော့ မရှိပါဘူး။ စစ်ကြည့်ဖို့တော့ ကောင်းတယ်၊ ခက်တာက ဆရာ့သူငယ်ချင်း သွေးရောဂါ ပါမောက္ခကြီးက လောလောဆယ် မကွေးရောက်နေတယ်၊ ရန်ကုန်မှာတော့ ဆရာတို့ရဲ့ ဆရာ ပါမောက္ခကြီး တစ်ယောက်ရှိတယ်၊ ကြာဖြူရောက်ဖြစ်မယ် ဆိုရင်တော့ ဝင်ပြလေ၊ ဆရာ စာရေးပေး လိုက်မယ်၊ မသွားဖြစ်ရင်တော့ ဆရာ ဒီကနေ လှမ်းချိတ်ပြီး သွေးနမူနာ ပို့ပေးလို့ ရတယ်'

မေကြာဖြူက မျက်မှောင်ကလေး ကြုတ်၍ ခေါင်း တဆတ်ဆတ် ညိတ်သည်။

'လတ်တလော ကုသမှုတော့ ဘာမှ မလိုသေးဘူး မဟုတ်လား ဆရာ'

ဒေါက်တာမြတ်ထွန်း ခေါင်းခါသည်။

'ဖောလ်လစ်အက်ဆစ် အားဆေးလေး မှန်မှန် စားထားရုံပါပဲ'

'ဒါဆို ကြာဖြူ နောက်မှ သွားပြပါ့မယ် ဆရာ၊ ရန်ကုန်က ရောက်မှပဲ'

'အိုကေလေ ကြာဖြူ၊ အဲနီးတိုင်မ်း (Anytime) ပါ'

'သင့်န်'

(၈)

မမြင်ချင်ယောင် ဆောင်တာပဲနေမှာပါ။

'ကိုမင်းခန့်'

မေကြာဖြူက လေ့ကားက ဆင်းတော့မည်ဟန် ပြင်နေသည့် ဒေါက်တာမင်းခန့်ကို လှမ်းခေါ်သည်။ ဒေါက်တာ မင်းခန့်က လှည့်ကြည့်၍ အော် . . . ကြာဖြူ ဟုသာ တိုးတိုးနှုတ်ဆက်သည်။

'သတင်းလေး ဘာလေး မေးပါဦး၊ ဒီမှာ ကြာဖြူ နေမကောင်းလို့ ကိုမင်းခန့်တို့ ဆရာနဲ့လာပြရတာ'

ဒေါက်တာမင်းခန့်က မပီမသ ပြုံးသည်။

'ကောင်းတာပေါ့၊ ဆရာက သိပ်တော်တာ'

'ဒါ ရှင် သတင်းမေးတာပေါ့လေ၊ ဟုတ်လား ကိုမင်းခန့်'

'ဟုတ်ပါတယ်၊ ဆရာ ဦးမြတ်ထွန်းက သိပ်တော်တာ၊ ကိုမင်းခန့်တို့ ဆရာကလေ ကိုမင်းခန့်တို့ သိထားတာထက်ကို အများကြီးတော်တယ် သိလား'

ဒေါက်တာမင်းခန့် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိချင် မေကြာဖြူက ဒေါက်တာမင်းခန့်ကို ကျော်၍ လေ့ကားတစ်လျှောက် အမြန်ဆင်းလာခဲ့သည်။

အိတ်ချ် တဲ့လေ။ ဒါကို ရှင် စဉ်းစားသလို စဉ်းစားမိဖို့ အင်္ဂလန်က ဆရာဝန်တွေ လပေါင်းများစွာ ကြာခဲ့ပါတယ် ဆရာ ဦးမြတ်ထွန်း။

✦✦✦✦✦✦✦

## အခန်း(၆)

## ဒီရေညစ်ညူး

(၁)

ဒေါက်တာမြတ်ထွန်း အခန်းဝတွင် ထိုင်နေသော အလုပ်သင် ဆရာဝန်ကလေး ငါးဦးကိုမြင်တော့ ဒေါက်တာမင်းခန့် မျက်လုံးပြူးသွားသည်။

'ဘာလုပ်နေကြတာလဲ မင်းတို့'

'ရီပိုဒ် တင်မလို့လေ ဆရာ'

'ညက မင်းတို့ ဂျူတီကျတာလား'

'ဟုတ်'

'ပီဂျီရော'

ဘွဲ့လွန်ကျောင်းသား ဆရာဝန်မပါ၍ လှမ်းမေးလိုက်သည်။

'အောက်ဆင်းသွားတယ် ဆရာ၊လိုက်ခေါ်ခိုင်းထားတယ်'

'မင်းတို့ကို ငါ မနေ့က မပြန်ခင်ကတည်းက ပြောသားပဲ၊ ဆရာကြီး ဒီနေ့မနက် ၈ နာရီက ၉နာရီ၊ ပတ်တူး ကွန်ဘိုင်းလက်ချာ( နောက်ဆုံးနှစ် အပိုင်း - ခ ကျောင်းသူ ကျောင်းသားများကို စုဝေး သင်ကြားခြင်း) ရှိတယ်။ ၉ နာရီမှ ရီပိုဒ် တင်လို့၊ အခုမှ ၈နာရီခွဲပဲ ရှိသေးတယ်။'

'ရောက်နေပြီ ဆရာခန့်ရဲ့၊ ခုပဲ ဝင်သွားတာမြင်လို့ လိုက်လာတာ၊ မျက်နှာသိပ်မကောင်း ဘူး၊ ပီဂျီဆရာလည်း မရှိသေးတော့ ဝင်သင့် မဝင်သင့် စဉ်းစားနေတာ'

ဘယ်လို ဖြစ်တာပါလိမ့်။ ဆရာ လက်ချာများ မေ့သွားသလား။ ဖြစ်တော့ မဖြစ်နိုင်။ မနေ့ ကပဲ ဘာတွေသင်မည် ဆိုတာ ကွန်ပျူတာ ပါဝါပွိုင့်ပေါ်မှာ စီစဉ်နေတာ တွေ့သေးသည်။

မျက်နှာလည်း မကောင်း ..... တဲ့။

'ကဲ ဒါဆို မင်းတို့ နေဦး၊ ဆရာ အရင် ဝင်လိုက်မယ်'

အခန်းထဲ ဝင်သွားတော့ ဆုံလည် ကုလားထိုင်ပေါ်မှာ ခပ်လျော့လျော့ထိုင်ပြီး ခေါင်းပါ မှီချ ထားသော ဒေါက်တာမြတ်ထွန်းကို တွေ့ရသည်။ မျက်နှာက သိသိသာသာ ညှိုးနွမ်းနေပြီး အနည်းငယ် ပင် နီမြန်းနေသည်။

'ဆရာ နေမကောင်းဘူးလား'

ဒေါက်တာမြတ်ထွန်း ခေါင်းညိတ်ပြသည်။

'ရိတ်တိတ် ရိတ်တိတ်နဲ့ မူးသလိုပဲကွ၊ သွေးများ တိုးနေလား မသိဘူး'

'ကျွန်တော် ချိန်ပေးမယ်နော် ဆရာ'

ဘီရိုပေါ်တွင် တင်ထားသော သွေးချိန် ကိရိယာကို စားပွဲပေါ် ယူတင်၍ ဒေါက်တာမြတ်ထွန်း၏ ညာဘက် လက်မောင်းတွင် ပတ်သည်။ ပခုံးက နားကြပ်ကို ဖြုတ်၍နားမှာ ချိတ်သည်။

နားကြပ်ဖျားကို ဒေါက်တာမြတ်ထွန်း၏ လက်ခေါက်ကွေးပေါ်တင်၍ ရာဘာပူဖောင်းကလေးကို လက်တစ်ဖက်ကညှစ်ပြီး ဒိုင်ခွက်ရှိ ပြဒါး မျက်နှာပြင်ကို မြှင့်တင်လိုက်သည်။

ဘုရား၊ ဘုရား။

'၁၅၀၊ ၁၀၀ ၊ ဆရာ ဆေးမသောက်ခဲ့ဘူးလား'

'သောက်ပါတယ်ကွာ'

'လက်ချာရော သွားနိုင်ပါ့မလား၊ ကျွန်တော် တစ်ယောက်ယောက် ပြောပေးရမလား'

ဒေါက်တာမြတ်ထွန်းက မဲ့ပြုံးပြုံးသည်။

'ရောက်ခဲ့ပြီးပါပြီကွာ၊ အဲဒီမှာ စိတ်တိုပြီး ဖြစ်တာကွ'

ဒေါက်တာမင်းခန့် ရုတ်တရက် နှုတ်ဆွံ့သွားပြီးမှ ပြန်မေးသည်။

'ကလေးတွေ ဘာလုပ်ကြလို့လဲ ဆရာ'

ဒေါက်တာမြတ်ထွန်း သက်ပြင်းချသည်။

'ဘာမှတော့ မလုပ်ပါဘူး၊ ၁၀ ယောက်ပဲလာလို့လေ၊ လာရမှာက ၁၀၀၊ လာတာက ၁၀ ယောက်၊ စိတ်ဆိုးလို့ ဆူရအောင်၊ စာမသင်ဘဲ လှည့်ပြန်ရအောင်ကလည်း လာတဲ့ ကလေးတွေက နဂိုတည်းက ပညာလိုလားလို့ လာတာ၊ ဆူသင့်တဲ့ ကောင်တွေက တစ်ယောက်မှ အခန်းထဲမှာ မရှိ၊ အဲဒါနဲ့ ဒေါသကို အောင့်အည်းပြီး ဆက်သင်နေတာ၊ သင်ရင်းက မူးလာတာနဲ့ ရှိတဲ့ ကလေးတွေ တောင်းပန်ပြီး ပြန်လာတာ'

ဒေါက်တာမင်းခန့် သက်ပြင်းချသည်။

'ကိုယ့်ကျန်းမာရေးတော့ အထိခိုက်မခံပါနဲ့ ဆရာရယ်။ ဒီကလေးတွေ စိတ်ဓာတ်ယိုယွင်းလာအောင် ဆရာ လုပ်တာလည်း မဟုတ်၊ ဆရာ ပြုပြင်နိုင်လည်း အနည်းစုပဲ ရမယ့်ဥစ္စာ'

ဒေါက်တာမြတ်ထွန်းက ရယ်၍ မင်းအခု ဖြေမယ့် အမ်အာရ်စီပီက အောင်ဦးမှာ။ ပြီးရင် ကြီးရင် ဌာနမှူး ဖြစ်ဦးမှာဟု ဆိုသည်။

'ဘာဖြစ်လို့လဲ ဆရာ'

'ခုပဲ ငါ မနေနိုင်လို့ ဌာနမှူးကို ဖုန်းဆက်တိုင်ပြီးပြီ၊ သူက မင်းပြောတဲ့အတိုင်း ချွတ်စွပ် ပြောတာပဲ'

ဒေါက်တာမင်းခန့်ပါ လိုက်ရယ်မိသည်။

'ည ဂျူတီကျတဲ့အုပ်စု စောင့်နေတယ် ဆရာ၊ ဒါပေမယ့် ဆရာ မဖတ်နဲ့တော့လေ၊ ဟိုကောင်တွေ ဂရိုးဂရောင်တွေ ရေးထားပြီး မေးရင် မဖြေနိုင်ရင် ဆရာ သွေးထပ်တိုးနေဦးမယ်၊ ကျွန်တော် မမမြင့်ဘက် ခေါ်သွားလိုက်မယ်'

ဒေါက်တာမြတ်ထွန်း ခဏ တွေဝေ စဉ်းစားနေပြီးမှ ခေါင်းညိတ်ပြသည်။

'အေး မမလည်း ပြောလိုက်ပါ၊ ငါက ရီကွက်စ် (request) လုပ်ပါတယ်လို့'

တွဲဖက်ပါမောက္ခမှာ ဒေါက်တာမြတ်ထွန်းထက် ရာထူးငယ်သော်လည်း အသက်ကြီး၊ အတန်းကြီးသူမို့ ဒေါက်တာမြတ်ထွန်းက မမ ဟု ခေါ်ကာ လေးလေးစားစား ဆက်ဆံလေ့ ရှိပါသည်။

ဒေါက်တာမင်းခန့်က ဟုတ်ကဲ့ပါဆရာဟု ပြော၍ တံခါးလက် လျှောက်လာခဲ့ပြီးမှ တစ်စုံ တစ်ရာကို သတိရပြီး ပြန်လှည့်ကြည့်သည်။

'ဆရာ၊ မမ သွေးစစ်ရမယ့်ရက် ရောက်နေပြီ မဟုတ်လားဆရာ'

ဒေါက်တာမြတ်ထွန်း မျက်နှာက ပိုမို၍ စိတ်ရှုပ်ဟန် ပေါ်လာသည်။

'မစစ်တော့ဘူး၊ မကုတော့ဘူးတဲ့ကွာ၊ ဂျီကျနေပြန်ပြီ၊ တစ်ရက် နှစ်ရက် ထားလိုက်ပါဦး'

'ဟာ မမကလည်း ဒုက္ခပါပဲ'

ဒေါက်တာမြတ်ထွန်းက စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

'သူ မှားတယ်လည်း ပြောရခက်တယ်ကွ၊ သူ့ရောဂါ ရောက်နေတဲ့ အဆင့်နဲ့ဆိုရင် ဆက် ကုမယ်၊ မကုဘူးက သူ့ပဲ ပေးဆုံးဖြတ်ရမှာ၊ တို့တစ်တွေ ဘက်ကလည်း အာမခံချက်က သိပ်ပေးနိုင် တာ မဟုတ်ဘူး၊ ဒါပေမယ့် မကုဘဲ ထားလိုက်တော့လည်း သက်တမ်းရှည်တာ တိုတာက ခဏထား၊ ခံစားနေရတဲ့ ဝေဒနာတွေက မသက်သာဘဲ ရှိမှာလည်း စိုးရိမ်တယ်။'

'မမက တကယ် မကုတော့ဘူးလို့ ဆုံးဖြတ်လိုက်တာမျိုးလား'

ဒေါက်တာမြတ်ထွန်း သက်ပြင်းချသည်။

'သွေးအေးအေးနဲ့စဉ်းစားပြီး ဆုံးဖြတ်လိုက်တာမျိုး ဆိုရင်လည်း သူ့ဆုံးဖြတ်ချက်ကို ငါက လေးစားလိုက်နာရမှာပေါ့။ ခက်တာက သူက ဘိုင်ပိုလာ ဖြစ်နေတယ်၊ စိတ်ကျပြီး ငြိမ်နေလိုက်၊ စိတ်ဆိုးပြီး ဂူးဂူးဝါးဝါး ထသောင်းကျန်းလိုက်၊ ငိုယိုပြီး ငါ့ပြန်တောင်းပန်လိုက်၊ ဒီလို အချိန်မျိုး အခြေအနေမျိုးမှာ သူ့ကိုငါ ဆုံးဖြတ်ပိုင်ခွင့် မပေးသင့်သေးဘူး ထင်တယ်'

ဒေါက်တာမင်းခန့် ရင်ထဲတွင် ခဲဆွဲသလို လေးလံသွားပါသည်။

ဆရာ သနားပါတယ်။ ဒီလောက် စိတ်သောကတွေ များနေတဲ့ကြားက မနက် လက်ချာကို မပျက်မကွက် လာသင်တာ ကျောင်းသားတွေက လေးလေးစားစားလည်း မတက်။

'တစ်ရက်လောက် ပြန်နားလိုက်ပါလား ဆရာရယ်၊ ဆရာပါ လဲသွားမှ'

ဒေါက်တာမြတ်ထွန်းက ရယ်၍ ငါလဲရင် မင်း ကုပေါ့ ဟုဆိုသည်။ အဲသည်အချိန်မှာ စားပွဲပေါ်က ဖုန်းက မြည်လာသည်။

မျက်နှာပျက်ပျက်နှင့် ဟုတ်ကဲ့ပေါင်းများစွာ ပြောပြီး ဖုန်းချသည်။

'နားခွင့် မသာပါဘူးကွာ၊ ပါမောက္ခချုပ်က ခေါ်နေပြီ၊ ပြေးလိုက်ဦးမယ်'

'ဘာဖြစ်လို့လဲ ဆရာ'

'ကျောင်းသားက ဟောက်စ်ဆာဂျင်ကို ထိုးလို့တဲ့၊ ထိုးတဲ့ ကျောင်းသားက ကလေးဆောင်က၊ အထိုးခံရတဲ့ ဟောက်စ်ဆာဂျင်က ငါတို့ဆီက မိုးကိုဦးတဲ့၊ ဒီကောင်က ပါမောက္ခချုပ်ကို သွားတိုင်တာ'

'မိုးကိုဦး ကျွန်တော်သိပါတယ်၊ အေးအေးလေးပါပဲ၊ ဘာလို့ အထိုးခံရတာတဲ့လဲ'

'ဟိုကောင် စာမေးပွဲတုန်းက ဘယ်လူနာ ချထားလဲ ခိုးကြည့်ခိုင်းတာ ကြည့်မပေးလို့ ငြိုးထားတာတဲ့၊ မနေ့က ၂၉လမ်းထောင့်မှာ တွေ့တော့ ကျောင်းသားကလည်း မူးလာသတဲ့၊ မိုးကိုဦးက ရှောင်ထွက်သွားမလို့ လုပ်တုန်း ပြေးထိုးတာတဲ့'

'ဒုက္ခပါပဲ၊ ဘယ်လိုလုပ်မလဲ ဆရာ'

'အဲဒီအတိုင်း ဟုတ်ရင်တော့ ကျောင်းသား ကျောင်းထုတ်ပစ်ရုံ ရှိတာပဲကွာ၊ ဒါ ဆရာဝန် ဖြစ်သင့်တဲ့ စရိုက်မှ မဟုတ်တာ'

ပြောပြောဆိုဆို ဒေါက်တာမြတ်ထွန်း ပစ္စည်းများ ကောက်သိမ်းသည်။ ဒေါက်တာမင်းခန့်က ဒုက္ခပါပဲ။ ဆရာ သွေးတိုးနေရတဲ့ ကြားထဲဟု တိုးတိုးပြော၍ ပစ္စည်းများကို ကူသိမ်းသည်။

(၂)

မိမိရှေ့မှ ဘောင်းဘီတိုဝတ် အသက် ၄၀ခန့် မိန်းမ၀၀ကို ကြည့်ရင်းက ဒေါက်တာမြတ်ထွန်း နားထင်ကြောများ တဒိုင်းဒိုင်း ဆောင့်တိုးနေသည်။

အမေရိကားက ခဏ ပြန်လာတာတဲ့။ ဒီမှာ ရောက်နေတုန်း ဖျား၍ အထူးကုပြသတဲ့။ တစ်ရက်နှင့် အဖျားမကျတော့ နောက်တစ်ယောက် ပြောင်းသတဲ့။ နောက်တစ်ယောက် နောက်တစ်ယောက်။

ဖျားတာ လေးရက်မှာ အထူးကု ဆရာ၀န်က ငါးယောက် ပြောင်းပြီးပြီ။ မိမိက နံပါတ်ခြောက်။

မြန်မာစစ်စစ်က မြန်မာစကားကို အမ်တွေ အင်န်တွေ ထည့်ပြီး စကားလုံး မနည်းရှာပြောနေရတော့ ဒေါက်တာမြတ်ထွန်းလည်း ကောင်းကောင်း နားမလည်ပါ။

သူပြောနေသည့် အထဲတွင် သေချာတာ တစ်ခုကတော့ မြန်တာပြည်က ဆရာ၀န်များ စေ့စေ့စပ်စပ် မရှိကြောင်းနှင့် အမေရိကားနှင့် ကွာကြောင်း ခဏခဏ ပါသည်။

ဆေးခန်းက ဖုန်းဆက်ခေါ်ကတည်းက ဆရာ နေမကောင်းဘူး။ တခြား တစ်ယောက်ယောက်လောက် ခေါ်ပေးလိုက်ဟု ပြောပြီးသားပါ။ ဆရာနဲ့မှ ပြချင်လို့တဲ့။ ပြီးတော့ ဆေးခန်းပိုင်ရှင် မိတ်ဆွေလည်း ဖြစ်နေသတဲ့။ လာခဲ့ပါ ဆရာရယ်ဟု ဆိုကာ ဇွတ်ခေါ်ကြသည်။

လူနာနှင့် စတွေ့ပြီး နှစ်မိနစ်မှာပင် ဒေါက်တာမြတ်ထွန်း ရိပ်မိလိုက်သည်။ သူနှင့်မှ ပြချင်မှာပေါ့။ တခြားပြရမည့် သမားတော် ကျန်မှ မကျန်တော့ပဲ။

'တောင်ဆယ်လိုင်းတစ်စ် ရှိသလား ဆရာ'

'မရှိပါဘူး'

'ဆိုင်နျူးဆိုင်းတစ်ရော'

'ဒါလည်း မတူပါဘူး'

'ချက်စ်' ကော ကောင်းရဲ့လား။

myanmar ONLINE teashop
www.mmteashop.com

'ကောင်းမှကောင်း'

'ရှီးရှီး ဗိုင်းရပ်စ်ပိုးကြောင့် ဖျားတာပါပဲ၊ ခုနစ်ရက် အထိတော့ ကြာတတ်ပါတယ်၊ ကောင်း သွားမှာပါ'

'ဘာလတ်တက်စ်တွေ၊ ဘာတွေ မလိုဘူးလား'

'အရင် ဆရာတွေ လုပ်ထားတာလည်း ကောင်းနေသားပဲ၊ တစ်ရက် နှစ်ရက်နဲ့ ထပ်လုပ်လို့လဲ မထူးပါဘူး'

'ဘာ ဗိုင်းရပ်စ်လဲ'

'အဲဒါတော့ ပြောရခက်ပါတယ်၊ တုပ်ကွေးသဘောမျိုးပါပဲ'

'ဖလူး၊ နိုး အင်မ်ပေ့ါဆေးဘဲလ် ( ဖြစ်နိုင်ဘူး)။ အိုင်ဂေ့ါသည် ဗက်ဆင်း (ငါ ကာကွယ်ဆေး ထိုးထားတယ်)'

'ဟိုက ဖလူးဗက်ဆင်း က ဒီက အကောင်နဲ့ တူမတူ ပြောရခက်ပါတယ်'

နောက်ဆုံးတော့ မျက်စောင်းကလေး ခဲ၍ ငြိမ်သွားသည်။

ဆေးသောက်ရန် အညွှန်းကို ပေးပြီး တံခါးက အထွက်တွင် ကောင်တာ စာရေးမကို တခြား ဖစ်စစ်ရှင်(သမားတော်) ဘယ်သူ ထိုင်သေးလဲဟု မေးတာလည်း တိုးတိုး ကြားမိသေးသည်။

(၃)

ခေါင်းတွေအုံနေတာ သက်သာလို သက်သာငြား နံနက်ထ လမ်းလျှောက်ကြည့်မိသေးသည်။

သည်နေ့ စနေနေ့။ ဆေးရုံလည်း *ဈောင်း* စရာမလို။ ဒေါက်တာမင်းခန့်က သူ *ဈောင်း* ပေးမည်ဟု ပြောထားသည်။

တော်သေးတာပေ့ါ။ မင်းခန့် ရှိပေလို့။

မင်းခန့် လိမ္မာသော်လည်း မင်းခန့်အောက်က လက်ထောက် ဆရာဝန်ကလေးတွေက မလိမ္မာပြန်။ ည ၁၀ နာရီလောက်က မိန်းကလေး တစ်ယောက် သူ့ကို ဖုန်းဆက်သေးသည်။ ခွင့်ကိစ္စ မကျေနပ် ... တဲ့။ လေသံကတော့ ရှိရှိသေသေပါ။ ဒါပေမင့် စကားက ဖြတ်လို့မရ။ ဟိုလိုပြောတော့ ဒီလို ဖြစ်သင့်တာပေ့ါ။ ဟိုလူ့ကျတော့ ... စုံနေရာ။

နောက်ဆုံးမတော့ တနင်္လာနေ့ကျမှ ရှင်းပေးမည်ဟု ပြောပြီး ဖုန်းချလိုက်ရသည်။

နံနက်ထ လမ်းလျှောက်ကြည့်တော့လည်း ခေါင်းအုံတာက သိသိသာသာ လျော့မသွား။ သွေးတိုးလည်း မကျဘူး ထင်သည်။ ကိုယ့်ကိုယ်ကိုယ် ပြန်ချိန်ရမှာကလည်း ပျင်းတော့မချိန်ဖြစ်။ ဒစ်ဂျစ်တယ်ကလည်း သုံးခါချိန်လျှင် သုံးမျိုးထွက်သည်။

စိတ်ညစ်ညူးစွာဖြင့် ကျုံးကို ပတ်လျှောက်နေရာက ပတ်ဝန်းကျင်တွင် ထူးခြားမှုရှိနေကြောင်း သတိထားမိလာသည်။

သူနှင့် မျက်နှာချင်းဆိုင် လျှောက်လာသော ယောကျာ်းကလေးတွေ သူ့နားရောက်လျှင် သူ့နောက်ဘက်ဆီသို့ လှမ်းကြည့်ကြည့်နေကြခြင်းပင် ဖြစ်သည်။ တချို့လည်း ပြုံးစေ့စေ့ဖြင့် အချင်းချင်း တီးတိုးစကား ဆိုကြသည်။

ဘာများပါလိမ့်။

လျှောက်နေသော ခြေလှမ်းကို ရပ်၍ နောက်ဘက်လှည့်ကြည့်တော့ နံနက် ဝေလီဝေလင်း နင်းကွဲစ နံနက်ခါင်း လူအုပ်ကြီးထဲတွင်ပင် ထင်းနေသည့် ဖြူဝင်းလှပသော အသားအရည် ပိုင်ရှင်က သူ့နောက် ခြောက်လှမ်းအကွာလောက်က ပြုံးပြုံးလေး လမ်းလျှောက် လိုက်လာနေသည်။

အားကစား ဘောင်းဘီရှည် မီးခိုးရောင်၊ တီရှပ် ချိုင်းပြတ် အဖြူရောင်၊ နဖူးစည်းမီးခိုးရောင်။ အားလုံး Nike တံဆိပ်ချည်းပါပဲ။

အပြုံးကလေးကတော့ မြန်မာစစ်စစ်။

'မေကြာဖြူ'

သူ့နှုတ်ခမ်းက ပွင့်ထွက်သွားသည်။

(၄)

မင်းသီဟ တွင် ထိုင်ဖြစ်ကြသည်။

'ဆရာတော့ ရှမ်းခေါက်ဆွဲ အရည်နဲ့ စားမယ်၊ ကြာဖြူရော'

မေကြာဖြူက သွားတက်ကလေးများ ပေါ်အောင်ရယ်သည်။

myanmar ONLINE teashop
www.mmteashop.com

'သွေးတိုးနေတာ ရှမ်းခေါက်ဆွဲ မစားရဘူးလေ ဒေါက်တာရဲ့၊ မလိုင်နံပြား စားပါလား၊ ကြာဖြူလည်း စားမှာ'

'ပြီးရော'

စားစရာ မှာပြီး စောင့်နေရင်းက ဆရာ သွေးတိုးနေတာ ကြာဖြူ ဘယ်လိုလုပ် သိသလဲဟု မေးမိသည်။ မေကြာဖြူက ရယ်ပြန်သည်။

'သတင်းထောက်တွေ အများကြီးကို အုပ်ချုပ်နေတာလေ၊ မေ့နေပြီလား'

သည်တခါတော့ ဒေါက်တာမြတ်ထွန်းကပါ လိုက်ရယ်မိသည်။

'ဆရာ့နောက်က လမ်းလျှောက် လိုက်နေတာရော၊ ဘယ်လောက် ကြာပြီလဲ'

'၇၈ လမ်းထောင့်ကတည်းက'

'ဘာလို့ မခေါ်သလဲ'

မေကြာဖြူ မျက်နှာကလေး အပြုံးလျော့သွားသည်။

'စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်စရာတွေ များပြီး သွေးတွေ တိုးနေတယ်လို့ ကြားကတည်းက လာတွေ့ချင်တာ၊ စိတ်ပြေလက်ပျောက်လည်း တစ်နေရာရာကို ခေါ်သွားပေးချင်တယ်၊ ဒါပေမယ့် ကြာဖြူနဲ့ တွေ့ရင် စိတ်က နည်းနည်း အေးချမ်းသွားမှာလား၊ ပိုရှုပ်သွားမှာလား၊ မသေချာတော့ မလာရဲဘူး၊ အခု မမျှော်လင့်ဘဲ လှမ်းတွေ့တော့လည်း အဲဒါပဲ စဉ်းစားနေပြီး မခေါ်ဖြစ်သေးတာ'

ဒေါက်တာမြတ်ထွန်း အားတုံ့အားနာ ဖြစ်သွားသည်။

'ကြာဖြူနဲ့တွေ့လို့ ဆရာ စိတ်မရှုပ်ပါဘူး'

မေကြာဖြူက ချစ်စဖွယ်ရယ်၍ ဒေါက်တာမြတ်ထွန်း၏ မျက်လုံးကို လက်ချောင်းဖြူဖြူ ကလေး တစ်ချောင်းနှင့် ညွှန်ပြသည်။

'ဒီ မျက်လုံးထဲကို ကြည့်လိုက်ရင် ဟိုး ရင်ထဲထိ မြင်တယ် သိလား၊ ညာဖို့ မကြိုးစားနဲ့'

ဘုရားရေ။ သည်စကား တစ်ခွန်းနှင့် ရင်ထဲက ဘာကြောင့်နွေးကနဲ ဖြစ်သွားရပါသနည်း။

ခေါင်းကရော ဘာကြောင့် အေးချမ်း သွားရပါသနည်း



 Typing by noel &LICH

(၅)

'ဆရာ ဒီနေ့ ဘာအစီအစဉ် ရှိသလဲ'

'ဆေးခန်းတွေ ဖျက်ထားတယ်၊ နားမလားလို့ပဲ'

မေကြာဖြူက နုတ်ခမ်းကလေးကို ကိုက်၍ ခဏ စဉ်းစားနေသည်။ ပြီးမှ

'ကြာဖြူ ပြင်ဦးလွင် သွားမလို့၊ ဟိုမှာအဘွား ရှိတယ်လေ၊ အဘွားကို တစ်လတစ်ခါ သွားပြီး ချက်ကပ် လုပ်ပေးတာ၊ ပြင်ဦးလွင်က ဖက်စစ်ရှင်နဲ့ပါပဲ၊ အဘွားအိမ်က လှတယ်၊ ခြံလည်း အကျယ်ကြီးပဲ၊ အဲဒီရောက်ရင် ကြာဖြူတော့ စိတ်ရောလူပါ လမ်းသွားတာပဲ၊ ဆရာမလိုက်ချင်ဘူးလား'

သိပ်လှသည့်မြို့က သိပ်လှသည့် ခြံဝင်းထဲရှိ သိပ်လှသော အိမ်ကလေးကို သွားလည်ကြမည်ဆိုပါလား။ သိပ်လှသည့် မိန်းကလေး တစ်ဦးနှင့်လေ။

ခက်တာက မိမိကိုယ်တိုင်က သိပ်မလှတော့သော အရွယ်မှာ သိပ်မလှတော့သော ဘဝ တစ်ခုနှင့်။

မေကြာဖြူက ပြုံးသည်။

'စိတ်ချမ်းသာစေချင်လို့ ခေါ်သွားချင်တာနော်၊ ငြင်းရ ခက်နေလို့ စိတ်ပိုရှုပ်နေရင်တော့ ဘာမှ အားမနာနဲ့ ငြင်းသာ ငြင်းလိုက်၊ ပြီးတော့ ဆရာ့ အမျိုးသမီးလည်း လေကောင်းလေသန့် ကလေး ဘာလေး ရစေချင်ရင် ခေါ်ခဲ့ပေါ့၊ ဒီ ဆလွန်းနဲ့ သွားမှာမဟုတ်ဘူး၊ လင်ခရူဇာဝက်ဂွန်နဲ့ သွားမှာ၊ သက်သက်သာသာ ပါပဲ'

ဘာလို့များ အဲသလောက် ကျုပ် စိတ်မကြည်လင်မှာ ပူပေးနေရသလဲ မိန်းကလေးရယ်။ ကျုပ် စိတ်ချမ်းသာတာ၊ မချမ်းသာတာ ဂရုမစိုက်ချင်တဲ့ တစ်လောကလုံးကြီးထဲမှာ မင်းက တစ်ယောက်တည်း။ ပတ်ဝန်းကျင်က အနက်ရောင်ဆိုရင် မင်းက တစ်စက်တည်းသော အဖြူရောင်။

အဲသလောက် ထူးခြားလွန်းလှျင် အဖြူရောင်ကလည်း ကြောက်စရာ ကောင်းနေသယောင်ယောင် ဒေါက်တာမြတ်ထွန်း တွေဝေနေတာပါ။

'အေးလေ၊ လိုက်ခဲ့တာပေါ့၊ အမျိုးသမီးကတော့ အပြင်မထွက်တာ ကြာပြီဆိုတော့ လိုက်မှာ မဟုတ်ဘူး၊ ပြင်ဦးလွင်က ဖစ်စစ်ရှင်လည်း မခေါ်နဲ့တော့လေ၊ ဆရာပဲ ကြည့်ပေးပါမယ်၊ လိုရင်လည်း ဆက်ကြည့်ပေးဖို့ အပ်ခဲ့တာပေါ့၊ အဲဒီကောင်က ဆရာ့ သူငယ်ချင်းပဲလေ'

မေကြာဖြူက လက်မနှစ်ချောင်း ထောင်ပြ၍ ပြုံးပြသည်။

(၆)

မေကြာဖြူ ကားမောင်းတာ မြင်ဖူးနေကျပေမင့် ကာအကြီးကြီးကို တောင်တက် လမ်းကွေ့များအတိုင်း ကျင်လည်စွာ မောင်းနေတာကိုတော့ အံ့ဩမိသည်။ တောင်စတက်ပြီးသည်နှင့် ကားလေအေးစက်ကို ပိတ်ပြီး မှန်များကို ဖွင့်သည်။ အဲယားကွန်းက နိုင်ပါတယ်။ ဆရာ့ကို ဒီလေကလေး ပေးရှူချင်လို့ဟု ပြောသေးသည်။

ပိုလာရွိုက် မေကာမျက်မှန် အကြီးကို တပ်ပြီး ရှေ့တူရူကိုသာ စူးစူးစိုက်စိုက်ကြည့်၍ မောင်းနေသဖြင့် ဖြူဝင်းမွတ်သော ပါးပြင်ကလေး တစ်ဖက်ကိုသာ မြင်နေရသည်။

'ဘွားဘွားက ဘာရောဂါ ရှိသလဲ'

ပခုံးတွန့်ပြသည်။

'ထွေထွေထူးထူး မရှိပါဘူး၊ အသက်က ၈၀ ကျော်၊ အဘိုးက ဆုံးပြီ၊ သားတွေ သမီးတွေက နိုင်ငံခြားမှာ ဆိုတော့ စိတ်ကျ လူကျပေါ့။ ကြာဖြူ ဖတ်ဖူးတဲ့ မြန်မာဝတ္ထုတစ်ခု ထဲကလိုဆိုရင် ဒီရေ ကျချိန်ပေါ့'

ပြောရင်း ဖွဖွရယ်သည်။သူက စာဖတ် သိပ်မသန်ပေမင့် အဲသည် ဝတ္ထုကိုတော့ဖတ်ဖူး သည်။ မိတ်ဆွေ ဆရာဝန် စာရေးဆရာတစ်ဦး ရေးတာကိုး။

'ဒီရေက မကျခင် နောက်သေးတာ ကြာဖြူရဲ့'

'ဘယ်လိုနောက်တာလဲ'

'နောက်ကျိသွားတာလေ၊ တစ်သက်လုံး ကြိုးစားရုန်းကန်ပြီး အောင်မြင်မှု နောက်ကို လိုက်ခဲ့ကြတာ၊ အောင်မြင်မှုတွေ ရပြီးရင် ပျော်စရာကောင်းမယ် ထင်ခဲ့မိတာ၊ တကယ်လည်း ဒီရေ တက်သလို တရိပ်ရိပ် အောင်မြင်မှုတွေ ရပြီးရော၊ အဲဒီ့ရေက ရေနောက်ကြီး၊ စိတ်ညစ်ညူးစရာကြီးလို့ ရိပ်မိတာ၊ ဒီရေနောက်ချိန်လို့ ခေါ်တယ်၊ ဆရာတို့ အရွယ်ပေါ့'

မေကြာဖြူ ပြုံးစူစူကလေး လုပ်၍ 'ဒီနေ့အဖို့ စိတ်ညစ်စရာတွေ မတွေးကြေး၊ မပြော ကြေးနော်' ဟု ဆိုသည်။

✦✦✦✦✦✦✦

## အခန်း - ၇

## ရွှေပင့်ကူကလေးနှင့် စစ်သူကြီး

(၁)

တုန်လှုပ်စရာ ကောင်းလောက်အောင် ပြီးပြည့်စုံသည့် ငြိမ်းချမ်းလှပမှု၊ ကိုယ့်ကိုယ်ကိုယ် ကိုယ်နှင့် မသက်ဆိုင်သည့် တခြား ကမ္ဘာ တစ်ခုမှာ ရောက်နေသယောင် ဒေါက်တာမြတ်ထွန်း ခံစားနေရသည်။ ကိုယ်လိုနီ အငွေ့အသက် ထုံမွှန်းထားသော်လည်း သန့်ရှင်းလှပနေသည့် အမိုးချွန်ချွန်အိမ်ကလေး ရှေ့က စိမ်းလန်းသော မြက်ခင်းပြင်ကလေးပေါ်ရှိ ပလတ်စတစ် ဆက်တီ အတွင်းက ခုံမှာ သူ ထိုင်နေသည်။

သူ့ရှေ့မှာ အလွန်လှပသော သစ်ခွခြံတစ်ခြံ ရှိနေသည်။ အဲသည့် သစ်ခွခြံ အလွန်တွင် တောင်ကုန်းက စိုက်ဆင်းသွားသည်။ ဟိုးဝေးဝေးက တောင်ယာခင်းများနှင့် တောင်တန်းများကို ကြည်လင်လှပသော ကောင်းကင်ပြကြီးနှင့် ကြွရွနေသော တိမ်သားများ နောက်ခံနှင့် မြင်နေရသည်။

နေခြည်က ဖျော့ဖျော့ကလေးနှင့် အချမ်းပြေရုံကလေး။

နတ်သမီး တစ်ယောက်လို နုပျို လှပသော မိန်းကလေးသည် မကြာခင် အိမ်ကလေးထဲက ထွက်လာတော့မည်။

ဒါတွေ ငါနဲ့ ဘာဆိုင်လို့လဲ။

ငါ့ ဘဝက နေဝင်အိပ်တန်းတက်ချိန်မှာ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေ ဗရပွနဲ့ ညစ်ညူး နေရမှာလေ။ ဒီအချိန်ကလေးက ဒီလောက် လှနေရင် ဒါ အိပ်မက်ပဲ ဖြစ်ရတော့မှာပေါ့။

အိပ်မက် လှလှကလေး။

အိမ်မက် လှလှကလေး မက်နေပြီး အိပ်မက် မက်နေမှန်းလည်း ကိုယ့်ကိုယ်ကိုယ် သိနေသူ တစ်ဦးက အဲသည် အိပ်မက်ထဲမှာနှစ်၍ ကြည်နူးနေရမှာမှ မဟုတ်တာ။ အိမ်မက်က လန့်နိုးဖြစ်အောင် နိုးဦးမည်ဆိုတာ သေချာနေတာပဲ။ နိုးလာ၍ သည်အိပ်မက်ထဲက အလှတရားတွေ ရုတ်တရက် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတာကို ဘယ်လို ရင်ဆိုင်ရမှာလဲဆိုတာ ကြိုတင် တွေးပြီး ပြင်ဆင်ထားရမှာလေ။

မလှပသည့် အမှန်တရားဆိုတာ ဘွားခနဲ ပေါ်လာမှ ရင်ဆိုင်ရမှာမှ မဟုတ်တာ။

ဒေါက်တာမြတ်ထွန်း သက်ပြင်းတစ်ချက်ကို လေးကန်စွာ ချမိသည်။

(၂)

'ဘွားဘွား မေးခွန်းတွေ ဖြေရလို့ မောနေပြီလား'

မကြော့ဖြူက သွားတက်ကလေး ပေါ်အောင်ပြုံး၍ မေးသည်။

ပြုံး၍ အသာ ခေါင်းခါပြလိုက်သည်။

'ကြီးကြီးက သတိ အကောင်းအတိုင်းပဲနော်'

'ဘိုးဘိုးလည်း အဲ့လိုပဲ၊ ဆုံးတဲ့အထိ သတိကောင်းတာ'

'ကြီးကြီးက ကျန်းမာပါတယ်'

မကြော့ဖြူက ခေါင်းကလေး ညိတ်ပြသည်။

'ဘွားဘွားက ပျော်နေတာ၊ သူက ရှေ့မီနောက်မီလည်း ဖြစ်၊ စာကလည်း သိပ်ဖတ်တော့ သူပြောတာတွေကို ဒီခေတ်လူတွေက လက်ခံဆွေးနွေးနိုင်တာ နည်းတယ်၊ ဒီကြားထဲ အင်္ဂလိပ်လိုက လည်း ပြောချင်သေးတယ်၊ ဆရာနဲ့ကျတော့ ဆရာက သူမေးတာတွေ အကုန် သိတော့ ပျော်နေတာ ပေါ့'

'ဆရာလည်း ကြီးကြီးနဲ့ စကားပြောရတာ ပျော်ပါတယ်'

အမှန်ပါပဲ။

ဖော်ရွေသလောက် အသိဉာဏ် မြင့်မားမှုန်း သိသာလှသော အမျိုးအမီးကြီး တစ်ဦးပါ။ ယခုပဲ ဘုရားခန်း ဝင်သွားပြီး ဆရာနဲ့သမီး ခြံထဲမှာ နားကြဦးလေ ဟု နှုတ်ဆက်သွားသည်။

အံ့သြစရာကောင်းတာက သူ့မှာ သည်မျှ လှပ၍ အထက်တန်းကျလှသော မြေးအပျိုမတစ် ယောက် ရှိနေပါလျက်က ထိုမြေး အပျိုမ မောင်းသောကားနှင့် တစ်ဦးတည်း ပါလာသည့် အရွယ် ရှိသေးသော ယောက်ျားကြီး တစ်ယောက်ကို စိတ်ပူစွာ စပ်စုတတ်တာမျိုးမျက်နှာ အမူအရာနှင့် တောင် မလုပ်တာပါ။

အနောက်တိုင်းများ ဆန်လွန်းတာလား

ဒါမှမဟုတ် အိပ်မက်တို့ ထုံးစံအတိုင်း မက်နေသူက ဖြစ်စေချင်သလို အထူးအဆန်းတွေ ချည်း လျှောက်ဖြစ်နေတာလား။

မေကြာဖြူဘက်ကို မျက်လုံးဝင့်ကြည့်မိသည်။

အမြဲတမ်း လှနေသည့် မိန်းကလေးက ယခုပဲ ရေဝင်ချိုး၍ ကြည်လင် သန့်စင်သော ကိုယ်ကလေးပေါ်တွင် ဖြူလွလွ ကော်လာ လည်ခေါင်းတုံး ဘလောက်စ် အကျႌ နှင့် မြန်မာလုံချည် ကလေး တစ်ထည် ဝတ်ထားသည်။ သည့်ပြင် မိန်းကလေး တစ်ယောက်အတွက်ဆိုလျှင် အနည်းငယ် ယောက်ျားလေးဆန်သည့် ဒီဇိုင်း ဖြစ်ကောင်းဖြစ်မည် ဖြစ်သော်လည်း လှလွန်းသည့် မိန်းကလေး တစ်ယောက် အတွက်တော့ အလှအပကို အမြင်ဆန်းရုံကလေး ဆန်းအောင် လုပ်ပေးနိုင်ရုံသာ ရှိသည်။

အင်း၊ အိပ်မက်မဟုတ်ပါဘူး။ တကယ့် အလှတရား သက်သက်ပါ။

(၃)

မေကြာဖြူက သူ့ဘေးမှာ ခုံပုကလေး တစ်လုံးချ၍ ကလပ်ပုံ ဖန်ခွက်ကလေး တစ်ခုပါသော ယွန်း လင်ပန်းကို တင်သည်။

အိမ်ဖော် မိန်းကလေးက ပုလင်းရှည်တစ်လုံးနှင့် ငါးမုန့်ကြော်များ ပါသော လင်ပန်းကို ဆက်တီ စားပွဲပေါ်ချ၍ ဖောက်လိုက်ရမလား မမဖြူ ဟု မေးသည်။

'ရက်ဒ်ဝိုင်လေ၊ ဒီခြံက ထွက်တာ၊ အိစ်ပိုဒ့်လုပ်တာ'

ခေါင်းခါ၍ လက်ကာပြလိုက်သည်။

'အအေး တစ်ခုခုပဲ လုပ်ပါလား'

'ဒါ အအေးလောက်ပဲ ရှိတာပါ ဆရာရယ်၊ လုပ်ပါ အပန်းပြေပေါ့'

'ငယ်ငယ်က သောက်ပါတယ်၊ အခုက ဘုရားမှာ သစ္စာဆိုထားတာ ဖြစ်နေလို့ပါ'

မေကြာဖြူ ပါးစပ်ကလေး အဝိုင်းသား ဖြစ်သွားသည်။

'အဲဒါ ကြာဖြူ သိပ်နားမလည်ဘူး'

'ဒီလိုလေ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က ယူကေကို ရောက်တယ်၊ အမ်အာရ်စီပီ ဖြေဖို့ပေါ့၊ ပထမ တစ်ခါ ဖြေတော့ ကျရော၊ ကျတော့ စဉ်းစားကြည့်တယ်၊ ငါ ကြိုးစားမှုလည်း လုံလုံ လောက်လောက် ရှိပါရဲ့၊ ဉာဏ်လည်း ပျမ်းမျှအထက်တော့ ရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံတယ် လေ၊ ဒီကြားထဲကျတော့ ငါ ကံမကောင်းသေးလို့ပေါ့၊ ကံမြင့်လာအောင် ကံတက်လာအောင် ယတြာ

ချေတာတို့ ဘာတို့တော့ ကိုယ်လည်း သိပ်အယုံအကြည် မရှိ၊ ဘုရား မကြိုက်တာ၊ ငါးပါးသီလထဲက မမြဲတာ ကိုယ့်မှာ ဘာရှိသလဲ စဉ်းစားကြည့်တော့ အဲသည် တစ်ပါးပဲ၊ သူရာမေယျရ။ ရုံဖန်ရုံခါလေးနဲ့ ကျိုးကျိုးနေတာ၊ ဒါပဲ ဖြတ်ပစ်မှပဲ ဆိုပြီး ဘုရားမှာ သစ္စာဆိုပြီး ဖြတ်ပစ်လိုက်တာ။ ဒီတော့ ဝိုင်၊ ဘီယာ မပြောနဲ့ ရှန်တီတောင် သောက်လို့ မရတော့ဘူး'

မေကြာဖြူက ခေါင်းကို ဆတ်ကနဲ ညိတ်သည်။ အိမ်ဖော်မကလေးကို ကုတ်ယူခဲ့ဟု တိုးတိုး ပြောတော့ အိမ်ဖော်မကလေး ခေါင်းညိတ် ထွက်သွားသည်။

(၄)

'ငါးပါးသီလ လုံဖို့က ဆရာက ဘာလို့ ဒီလောက် ကြိုးစားအားစိုက် နေရတာလဲ'

ငါးမုန့်ကြော် တစ်ချပ်ကို ကောက်ကိုင်ရင်းက ခေါင်းမော့မကြည့်ဘဲ ပြုံးပြုံးကလေး မေးသည်။ ထိတ်ခနဲ။

သည်ကလေးမ ငါ့ကို နလုံးရောဂါရအောင် လုပ်ပြန်ပြီ။

အိန္ဒြေဆည်၍ ပြုံးရင်း ကြာဖြူက ဗုဒ္ဓဘာသာ မဟုတ်ဘူးလားဟု ပြန်မေးလိုက်သည်။ မေကြာဖြူက သွားတက်ကလေး ပေါ်ရုံမျှ ရယ်သည်။

'မိရိုးဖလာလောက်တော့ ဟုတ်ပါတယ်၊ သိပ် မလေ့လာမိဘူး၊ ဟိုမှာကြီးတော့ ဟိုက ဆိုင်ယင်တိုလောဂျစ် (scientologist) (သိပ္ပံဘာသာကို ဘာသာရေးတစ်ခုလို ကိုးကွယ်ယုံကြည်သူများ) တွေနဲ့ ပေါင်းမိတော့ ဘာသာရေးနဲ့ ဝေးနေတယ်၊ ဆရာ့အတွက် ငါးပါးသီလ လုံဖို့ ဘာလို့ ဒီလောက် အရေးကြီးတာလဲ၊ အဲဒါ သံသရာတွေ နောင်ဘဝတွေ မပါဘဲ ကြာဖြူ့ကို နည်းနည်း ရှင်းပြပါလား'

ဒေါက်တာမြတ်ထွန်း ခေါင်းတညိတ်ညိတ်နှင့် အနည်းငယ် စဉ်းစားနေပြီးမှ

'လူဆိုတာ ဆိုရှယ်အဲနီးမဲလ် (social animal) လူမှုဆက်ဆံရေး သတ္တဝါ၊ အဲဒါတော့ ကြာဖြူ လက်ခံပြီးသား၊ ဟုတ်တယ် မဟုတ်လား'

မေကြာဖြူက ခေါင်းညိတ်ပြသည်။

'လက်ခံတယ်လေ၊ လူက တစ်ယောက်တည်း နေလို့မှ မရတာ၊ ပတ်ဝန်းကျင်နဲ့ နေရတာ၊ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ဖို့ လိုတာပေါ့'

'ငါးပါးသီလထဲက မကျူးလွန်ဖို့ တားထားတဲ့ အချက်တွေက ကျူးလွန်မိရင် အဲဒီ ဆိုရှယ်လိုက်ဖ် (social life) ကို အနည်းနဲ့အများ သွားထိခိုက်တယ်၊ နောင်တရစရာတွေ ပေါ်ပေါ်လာ တယ်၊ ဆရာက မှားပြီး နောင်တ မရချင်ဘူး'

မေကြာဖြူက ခေါင်းညိတ်၍ ဖဲအီနပ်(လက်ခံနိုင်ပါတယ်) ဟု ဖြေသည်။

ပြီးတော့မှ

'အရက်က နည်းနည်းလေး သောက်ရင် ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ဆရာတို့ဆရာဝန် တွေပဲပြောတာပဲ၊ သွေးတိုး နည်းနည်းကျတယ် မဟုတ်လား'

ဒေါက်တာမြတ်ထွန်း ရယ်သည်။

'အရက်က သွေးကြောတွေကို ကျယ်အောင် လုပ်တာ၊ ဆရာ အခုသောက်နေတဲ့ ဆေးတွေ နဲ့ သဘောသဘာဝချင်း အတူတူပဲ၊ ကွာတာက အရက်က တခြား ပြဿနာတွေ ပါလာတယ်၊ အနည်း အများချိန်ဆရ ခက်တယ်၊ ည သောက်ပြီးရင် မနက်မှာ သွေးပြန် တက်တတ်တယ်၊ ဆရာ့ ဆေးတွေ က အဲသလို မဖြစ်ဘူး၊ အဲဒီတော့ သွေးတိုးကျချင်ရင် ဆေးပဲ သောက်တော့မှာပေ့ါ ကြာဖြူရယ်'

မေကြာဖြူက မျက်လုံးကလေး ပိတ်အောင် ရယ်၍ ဆရာက ပြောတတ်တယ် ဟုဆိုသည်။

'ဆရာက စကားနိုင်လုပြောတာ မဟုတ်ပါဘူး၊ ဆရာ ထင်တာတော့ သီလလုံရင် နောင်တ ရစရာ နည်းတယ်၊ နောင်တ ရစရာ နည်းရင် စိတ်ဖိစီးမှု သက်သာတယ်၊ စိတ်ဖိစီးမှု သက်သာရင် ကျန်းမာပြီး အသက်ရှည်မှာပဲ၊ အခု ဆရာတို့ မြန်မာပြည်မှာ အသက် ရှည်ရှည်နေရပြီး အကျန်းမာဆုံး သူတွေဟာ ဘယ်သူတွေလဲ၊ ကြာဖြူသိလား'

'ဟုတ်တယ်နော်၊ ဆရာတော်ကြီးတွေပဲ'

မေကြာဖြူက ခဏ ငြိမ်စဉ်းစားနေပြီးမှ ရယ်သည်။

'ဒါဆို ကြာဖြူက ကျန်းမာမှာ မဟုတ်ဘူး၊ ကြာဖြူက သီလ မလုံဘူး'

'ကြာဖြူကလည်း'

'အကောင်းပြောတာ၊ ကြာဖြူက ခဏခဏ လိမ်ပြောတတ်တယ်'

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။ နောက်မှ ရယ်၍ လိမ်ပြောတတ်တဲ့ လူက ကိုယ့်ကိုယ် ကိုယ် လိမ်ပြောတတ်ပါတယ်လို့ ဝန်ခံပါသလား ဟု ပြောလိုက်သည်။

myanmar ONLINE teashop
www.mmteashop.com

'တကယ်ပြောတာ၊ နောက်တစ်ခုက ကာမေသု'

ဘုရားရေ။

'ကြာဖြူ ဘာပြောတာလဲ'

'ကာမေသုအကြောင်း စဉ်းစားနေတာလေ၊ ဆရာ ဦးသုခရဲ့ တစ်ပါးသီလ ဒီက ပို့ပေးလို့ ဟိုမှာ ကြာဖြူ ကြည့်ဖူးတယ်၊ တစ်ပါးတည်း ထိန်းရမယ်ဆိုရင် အဲဒါတော့ ထိန်းမယ်ဆိုတာလေ၊ ကြာဖြူတို့ မြန်မာလူမျိုးတွေက ဒီသီလကို တန်ဖိုးထားကြတယ်၊ ပျက်ရင် အထင်သေး နှာခေါင်းရှုံ့ ကြတယ်၊ ဟိုမှာတော့ ဒီလိုမဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ပေါင်းနေကြရတာ၊ တစ်ယောက် ယောက်အတွက် ဒါမှမဟုတ် နှစ်ယောက်စလုံးအတွက် ပျော်စရာ မဟုတ်တော့ဘူး ဆိုရင် ဘိုင့်ဘိုင် ပဲ၊ မပျော်နေတာကြီးကို အောင့်အည်း သည်းညည်းခံ မနေတတ်ကြဘူး၊ ဆရာလည်း ဟိုကို ရောက်ခဲ့ ဖူးတာပဲ၊ ဆရာက အဲဒါ ဘယ်လို သဘောရလဲ'

လာပြီ။

မဖြေချင်သည့် မေးခွန်းကတော့ လာပြီ။

'ဘဝဆိုတာ တိုတိုကလေး ဆိုတော့ နေရသလောက်မှာ ပျော်စရာနောက်ကို လိုက်တာ ဆရာ အပြစ်မမြင်ပါဘူး၊ ဒါပေမဲ့ ကိုယ်အတွက် ပျော်စရာက တခြားလူတစ်ယောက်၊ ဒါမှမဟုတ် အများအတွက် စိတ်ညစ်စရာ ဖြစ်မယ်ဆိုတာ သိနေရင်တော့ ဆရာဆိုရင် ပျော်မှာ မဟုတ်ဘူး'

မကြာဖြူက ရယ်သည်။ ပြီးတော မချိုမချဉ် မျက်နှာထားနှင့် မေးသည်။

'ဆရာ့ကို ခင်လို့ရင်းရင်းနှီးနှီး မေးတာနော်၊ စိတ်မဆိုးနဲ့၊ ဆရာက ပညာလည်း တတ်တယ်၊ ရုပ်လည်း ချောတယ်၊ ဆရာ့ဇနီးကလည်း လူမမာဆိုတာ လူတိုင်း သိတယ်၊ ဆရာ့ကို စိတ်ဝင်စားတဲ့ မိန်းကလေးတွေ ရှိမှာပဲ၊ ဆရာ တစ်ခါမှ မတွေ့ဖူးဘူးလား'

ထင်သည်။

ဇာတ်လမ်းက သည်ကို ရောက်တော့မည်။ ပခုံးသာ တွန့်ပြလိုက်သည်။

'မသိဘူးလေ၊ ဆရာ့ကိုတော့ ဘယ်သူကမှ အဲသလို လာမပြောကြပါဘူး'

မကြာဖြူက ရယ်၍ ဆရာ့ကို ကြောက်လို့ နေမှာပေါ့ဟု ပြောသည်။ ပြီးတော့မှ

'အဲသည်လိုမျိုး မိန်းကလေး ရှိရင် ကြာဖြူထင်တယ်၊ အဲဒါ ကာမေသု မဖောက်ဘူးလို့'



 Typing by noel &LICH

'ဘယ်လို'

'ဟုတ်တယ်လေ၊ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက်ကို သူ့ယောကျ်ားက ပိုင်တယ်၊ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်ကို သူ့မိန်းမ ပိုင်လို့လား၊ ဥပဒေမှာတောင် မယားခိုးမှုပဲ တရားစွဲလို့ ရတယ်၊ လင်ခိုးမှုလို့ တရားစွဲလို့မှ မရတာ'

ဘုရားရေ၊ မြန်မာပြည်မှာ မကြီးပြင်းခဲ့လို့သာ တော်တော့သည်။ လေ့လာထားလိုက်သည့် မြန်မာမှုကလည်း အပြည့်အစုံပါလား။

'အဲဒါတော့ ဆရာ မပြောတတ်ဘူး၊ ဒါပေမဲ့ အဲဒီ မိန်းကလေးကို ဆရာက စိတ်ဝင်စား ရင်တော့ ဆရာက ကာမေသုနဲ့ ငြိတယ်'

မေကြာဖြူ မျက်မှောင်ကြုတ်သွားသည်။

'ဆရာကလည်း မဖြစ်နိုင်ပါဘူး၊ အဲဒီ့ မိန်းကလေးက အပျိုလေ၊ အိမ်ထောင်မှ မရှိတာ'

ခေါင်းခါပြလိုက်သည်။

'တကယ်တမ်းက အိမ်ထောင်ရှိတဲ့ မိန်းကလေးကိုမှ ရှောင်ရမှာ မဟုတ်ဘူး၊ အုပ်ထိန်းခြင်း မကင်းတဲ့ မိန်းကလေးကို ရှောင်ရမှာ၊ တစ်ပါးသီလထဲမှာ ဆရာကြီးဦးသုခ ရှင်းပြခဲ့တာပဲ၊ ဖခင် အုပ်ထိန်းသော မိန်းမ၊ မိခင် အုပ်ထိန်းသော မိန်းမ စသည်ဖြင့် အုပ်ထိန်းခြင်း မကင်းတဲ့ မိန်းမက အမျိုးနှစ်ဆယ်တောင် ရှိသတဲ့၊ လူပျို လူလွတ်ကလေး တစ်ယောက်က မိဘ အုပ်ထိန်းတဲ့ မိန်းမပျိုကလေး တစ်ယောက်ကို စိတ်ဝင်စားတာ သဘာဝကျပေမယ့် အိမ်ထောင်သည် ယောကျ်ားတစ်ယောက်၊ တစ်နည်းအားဖြင့် မိန်းကလေး မိဘဘက်က ဘယ်လိုမှ လက်ခံနိုင်ဖွယ်ရာ မရှိတဲ့ အနေအထားမှာ သူများ သမီးပျိုကို သွားကြိုက်ရင် အဲဒါ ကျူးလွန်တာပဲ၊ ကာမေသု မြောက်တယ်'

မေကြာဖြူက အသံတိတ်၍ ခေါင်းကလေး ငုံ့နေသည်။

ပြီးမှ တိုးတိုး၊ ဆရာ့ စိတ်ဓာတ်မျိုး ယောကျ်ားတိုင်းမှာ ရှိရင် ကောင်းမယ်နော် ဆရာဟု ပြောသည်။

ထိုစဉ်မှာပင် ခြံဝမှ ကားဟွန်းတီးသံ ကြားရသည်။

'ဟယ် ဟုတ်ပါရဲ့၊ ဆရာဦးနဲ့ တူတယ်၊ ဘွားဘွားကို ဆေးလာစစ်ပေးတာ နေမှာ၊ သူက သည်ရက် လာနေကျ၊ ဆရာ ပါလာမှန်း ဘယ်သိမလဲ၊ အားနာလိုက်တာ၊ ဘယ်လိုလုပ်ရမလဲ မသိဘူး'

မေကြာဖြူက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

အိမ်ဖော်ကောင်မလေးက ခြံဝသို့ သော့ဖွင့်ရန် ထွက်သွားသည်။

'ကိစ္စမရှိပါဘူး၊ ဆရာတို့က ငယ်သူငယ်ချင်းတွေပါ၊ ဆရာ့ဘာသာ ဆရာ လာရင်တောင် သူက လာတွေ့ဦးမှာ၊ အားနာစရာ မလိုပါဘူး'

အိမ်ကလေးကို ပတ်လျှောက်လာသည့် ပြင်ဦးလွင် ဆေးရုံမှ သမားတော်ကြီးက ထိုင်နေသော ဒေါက်တာမြတ်ထွန်းကို ကြည့်၍ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဟာ ငမြတ် မင်းရောက်နေတာလား'

'အေး ငဦး၊ လာကွာ'

(၅)

မြတ်ထွန်းကြီးကို ဆေးရုံ ခဏ ခေါ်သွားချင်လို့ ငှားလိုက်စမ်းပါဟု ပြော၍ သူငယ်ချင်း ဆရာဝန်ကြီးက ဒေါက်တာမြတ်ထွန်းကို မေကြာဖြို့အိမ်မှ ခေါ်လာခဲ့သည်။

လမ်းတွင် ကားကို ဆေးရုံဘက်သို့ မကွေ့ဘဲ ခြံဝင်းထဲတွင် ဆိတ်ငြိမ်စွာ ဆောက်လုပ်ထားသော ဥရောပပုံစံ စားသောက်ဆိုင်ထဲ ကွေ့ဝင်ခဲ့တော့ ဒေါက်တာမြတ်ထွန်း မအံ့သြမိ။

ဆိုင် အပြင်ဘက် လသာဆောင်ရှိ စားပွဲကလေးတွင် ထိုင်၊ စားစရာ သောက်စရာတွေ မှာပြီးသည်နှင့် သူငယ်ချင်း တဲ့တိုးပင် မေးလေသည်။

'မွန္တလေးသတင်းတွေ ကြားနေရတုန်းက ငါ မယုံဘူး၊ မြတ်ထွန်းက အဲသလိုကောင် မဟုတ်ဘူးလို့ အမြဲ ငြင်းခဲ့တာ အခု ပက်ပင်းတိုးနေပြီ၊ အေးလေ ငါလည်း မင်းကို အပြစ်မတင်ပါဘူး၊ မင်း လက်ရှိဖြစ်နေတဲ့ အနေအထားက စိတ်ချမ်းသာစရာ မရှိတာလည်း ငါသိတယ်၊ ကောင်မလေး ကလည်း လှလွန်းရုံတင် မကဘူး၊ ပြည့်စုံလွန်းတယ်၊ အော်လ်မို့စ်ပါဖက်စ် (almost perfect) ငါ့ကို ဘာကြောင့် ဆိုတာ ရှင်းပြစရာ မလိုဘူး၊ ဘယ်အဆင့် ရောက်နေသလဲသာ ပြော၊ ဖုံးမယ်၊ ကွယ်မယ် တော့ မစဉ်းစားနဲ့၊ ငါ မင်းရဲ့ လုပ်ဖော်ကိုင်ဖက်လောက် အဆင့် မဟုတ်ဘူးနော်၊ သေဖော်သေဖက် ငယ်သူငယ်ချင်း'

တရပ်စပ် ပြောနေသော သူငယ်ချင်း ဒေါက်တာမြတ်ထွန်း လက်သာ ကာပြမိသည်။

'ဟိုးထား သူငယ်ချင်း၊ မင်း ကောက်ချက်တွေ စောနေပြီ၊ သိချင်ရင် ငါ အစ အဆုံး အမှန် အတိုင်း ပြောပြမယ်၊ သူနဲ့ ငါ ဘာမှ မဟုတ်တာတော့ အမှန်'

ဒေါက်တာမြတ်ထွန်းက မေကြာဖြူ သူနှင့်ဂျာနယ်ကိစ္စ လာတွေ့သည်မှ အစပြု၍ စောစောကတင် ခြံထဲတွင် ဆွေးနွေးခဲ့သော အကြောင်းအရာများအထိ အသေးစိတ် ပြန်ပြောပြလိုက်သည်။

သူငယ်ချင်း ဆရာဝန်ကြီးက ပါးစပ် အဟောင်းသားနှင့် ကြားအဖြတ်ပဲ အစအဆုံးလိုက်နားထောင်နေသည်။

'ဒါပဲကွာ၊ ငါတို့ ဘာမှ မဖြစ်သေးဘူး၊ ဖြစ်လည်း ဖြစ်လာမှာ မဟုတ်ဘူး၊ ပြောစရာလိုဖြစ်နေတယ် ဆိုတာတော့ ငါ ရိပ်မိတယ်၊ ဒါကလည်း သူက သိပ်လှနေလို့ နာမည်ကြီးနေတဲ့ သဘောပဲ၊ လိုက်ရှင်းပြနေဖို့တော့ ခက်သားပဲ'

သူငယ်ချင်းက အတန်ကြာ တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ ခေါင်း တဆတ်ဆတ်ညိတ်သည်။

'ရွှေပင့်ကူမလေးကွ၊ ရွှေပင့်ကူအိမ်နဲ့ ဖမ်းမှာ၊ လွတ်ဖို့တော့ မလွယ်ဘူး မောင်'

'ဘာလဲကွ သူများ သားသမီး စွပ်စွပ်စွဲစွဲ'

'စွပ်စွဲတာ မဟုတ်ဘူး မောင်၊ ငါတို့ ငယ်ငယ်တုန်းက သင်ရတဲ့ စစ်ရှုံးလာတဲ့ စစ်သူကြီး ကျောက်ဂူထဲ ဝင်ခိုတော့ ပင့်ကူကလေး ပင့်ကူအိမ်က ပြုတ်ကျနေရာက ပင့်ကူကြိုးမျှင်ကလေးနဲ့ တွယ်တက်လိုက်၊ ပြန်ပြုတ်ကျလိုက်၊ ပြန်တွယ်တက်လိုက် ဖြစ်နေတာ မြင်ပြီး ဇွဲ မလျော့ဖို့ ဆုံးဖြတ်လိုက်တဲ့ ဇာတ်လမ်း မင်း မမှတ်မိဘူးလား'

'ဘာဆိုင်လို့လဲကွ၊ ဟိုဟာက လုံ့လကို ကိုယ်စားပြုတဲ့ ပင့်ကူ'

'မှန်ပါတယ်၊ မင်း ကောင်မလေး မင်းဆီကို အတင်းဝင် ချဉ်းကပ်နေတဲ့ ဇာတ်လမ်း ငါ နားထောင်ကြည့်ရတာ အဲဒီ ပင့်ကူကလေးလိုပဲ မောင်၊ ပြုတ်ကျလိုက်၊ ပြန်တက်လိုက် တော်တော်နဲ့တော့ ဇွဲလျော့မယ့်ပုံ မပေါ်ဘူး'

ဒေါက်တာမြတ်ထွန်း ရင်ဘတ်ထဲ ကျောက်စိုက် ကျောက်ခဲ ထည့်လိုက်သလို လေးလံသွားရပါသည်။

(၆)

ဒေါက်တာ မြတ်ထွန်း စကားမဆက်နိုင်ဘဲ ငေးငေးငိုင်ငိုင်နှင့် ကော်ဖီ သောက်နေသည်ကို သူငယ်ချင်းက ပြုံးစိစိနှင့် ကြည့်နေခိုက် ဒေါက်တာ မြတ်ထွန်း၏ လက်ကိုင်ဖုန်းက မြည်လာသည်။

'ရွှေပင့်ကူမ ကလေးကတော့ ပြန်ခေါ်ပြီပေ့'

'ဌာနမှူးဖုန်းပါကွာ၊ မင်းကလည်း'

ဒေါက်တာမြတ်ထွန်း ဝရန်တာနား သွားကပ်၍ ဖုန်းပြောသည်။ ခဏနေမှ မျက်စိ မျက်နှာ ပျက်ပျက်နှင့် ပြန်လာသည်။

'ဘာတဲ့လဲ'

'ငါ့ကို မန္တလေးမှာ မှတ်ပြီး ဆက်တာ၊ ဒီနေ့ ပြင်ဦးလွင် တက်ရမယ်တဲ့၊ မင်းတို့ ဆေးရုံမှာ နေရမယ်၊ တစ်ပါတ်လောက် ကြာမယ်တဲ့'

သူငယ်ချင်းက ခေါင်းညိတ်ပြသည်။

'ငါ သိသားပဲ၊ စာရောက်နေပြီ၊ ဆရာဟန်ကြီးပဲ လာမယ်ထင်လို့ မပြောတာ ခါတိုင်း ဆရာဟန် လာနေကျဆိုတော့'

'မရှိဘူးကွ၊ နိုင်ငံခြား သွားနေတယ်'

သူငယ်ချင်းက ရယ်၍ သူ့ပခုံးကို ပုတ်သည်။

'ကောင်းတာပေါ့ကွ၊ ရောက်မှတော့ အေးအေး ဆေးဆေး အနားယူပေါ့၊ အလုပ်လည်း သိပ်မရှိပါဘူး၊ ငါ့ဆေးရုံမှာလည်း စီစဉ်ထားတယ်၊ ငါ့အိမ်လိုက်နေလည်း ရတယ်၊ မင်း ရွှေပင့်ကူမ ကလေး သိရင်လည်း သူပါ ပြန်မှာ မဟုတ်ဘူး၊ မင်း သူ့အိမ် ခေါ်ထားမှာ'

'တော်စမ်းပါကွာ၊ သစ္စာက ဆေးကု မခံတော့ဘူး ပြောတာ စည်းရုံးနေရတဲ့ အထဲထားခဲ့ ရမယ်ဆိုတော့ ပြဿနာပေါ့'

သူငယ်ချင်း မျက်နှာ တည်သွားသည်။

'အေး ဟုတ်သားပဲ၊ မင်း ဌာနမှူး မပြောဘူးလား'

'ပြောလို့ ဘယ်ကောင်းမလဲကွ၊ ဆရာဟန်မရှိတာလည်း သိနေတာပဲ၊ ပြီးတော့ သူ နေ့တိုင်း သွားကြည့်ပေးပါ့မယ်တဲ့၊ ငါက ရပါတယ်၊ မင်းခန့် သွားကြည့်ပေးပါလိမ့်မယ်လို့ ပြောလိုက်တယ်'

သူငယ်ချင်းက ပိုက်ဆံအိတ် ကောက်ကိုင်သည်။

'ကဲ ဒါဆိုလည်း သွားစို့၊ မင်း သစ္စာကိုလည်း ဖုန်းဆက်ရဦးမယ်၊ ဟိုကောင်မလေး အိမ်လည်း မင်းမပြန်ဖြစ်တဲ့ အကြောင်း အကျိုးအကြောင်း သွားပြောရဦးမယ်၊ အဝတ်အစား ဘာညာ လိုတာ ငါ့ဆီက ယူ၊ ဟုတ်ပြီလား'

ဒေါက်တာမြတ်ထွန်း သက်ပြင်းတစ်ချက် ချ၍ ခေါင်းကို လေးကန်စွာ ညိတ်သည်။

(၇)

ကားကလေးက ပြင်ဦးလွင် ဆေးရုံ ညှော်ဆောင်ရှေ့ ရပ်လိုက်သည်။

'ငါဆို ... နေတယ်ကွာ'

သူငယ်ချင်းက နောက်တောက်တောက် ပြောတော့ ဒေါက်တာမြတ်ထွန်း မျက်စောင်းထိုးသည်။ သူငယ်ချင်းက ဟက်ဟက်ပက်ပက် ရယ်သည်။

'ဟုတ်တယ်လေကွာ၊ ဒီလောက် ခေါ်နေတာ၊ ပြီးတော့ အလုပ်ကိစ္စလည်း မနက်တိုင်း ဒီက ကားနဲ့ လာကြိုမယ့်ဟာပဲ ၊ ဆရာ နေမယ်ဆို ကြာဖြူလည်း မပြန်သေးဘူးတဲ့၊ ကိုင်း'

'အဲဒါကို ကြောက်တာဟ'

သူငယ်ချင်းက မရိုမချဉ် ပြုံးသည်။

'နေပါဦး၊ တကယ် မကြိုက်ဘူးလား'

'ဟကောင်၊ အိမ်ထောင်သည်ကို အဲသလို မေးရလား'

သူငယ်ချင်းက ရယ်သည်။

'ကျင့်ဝတ်တွေ၊ စည်းကမ်းတွေ မင်း တန်ဖိုးထားမှန်း ငါသိပါတယ်၊ ငါ ပြောတာက မင်း မသာယာဘူးလားလို့ မေးတာ၊ အမှန်အတိုင်း ပြော'

ဒေါက်တာမြတ်ထွန်း သက်ပြင်းချသည်။

'သာယာနေမိလို့ ထွက်ပြေးလာတာပေါ့ကွ'

'ဘယ်လို'

'လှတာကလည်း မင်း မြင်တဲ့အတိုင်း ငါ ဘာလို့သလဲ၊ ငါဘာ ခံစားနေရသလဲ အရိပ်လို ကြည့်ပြီး ဂရုစိုက်တတ်တာကလည်း ကြည်နူးစရာ၊ ပြောလိုက်တဲ့ စကားလုံးတွေကလည်း သူ့အရွယ်၊ သူ့အတွေ့အကြုံနဲ့ မမျှ။ ငါတို့လောက် ကီးကို လာကိုက်နေတာ၊ အဲသလောက် ဉာဏ်ရည် မြင့်တာ၊ နီးနီးနေရင် ဒီထက် သာယာနေမိမှာ စိုးလို့ ထွက်ပြေးလာတာပေါ့'

သူငယ်ချင်းက မျက်ခုံးပင့်ပြသည်။

'ဆိုလိုတာက မင်းက သာယာတော့ သာယာတယ်၊ သာယာတာကို မှားတယ်လို့ ယူဆ တယ်ပေါ့ ဟုတ်လား'

'မှားတာပေါ့ကွ'

သူငယ်ချင်းက ခေါင်းခါသည်။

'နော်မယ် ရီအက်ရှင်(normal reaction) သဘာဝကျတဲ့ ခံစားချက်တွေပါကွာ၊ လှတာမြင်ရင် ကြိုက်မယ်၊ ဂရုစိုက်တာတွေရင် ကြည်နူးမယ်၊ အဲဒါ ထွက်ပြေးရလောက်အောင် ကြောက်စရာ အကြောင်း မရှိပါဘူး။'

ဒေါက်တာမြတ်ထွန်းက ကားရှေ့မှန်ကို ငေးကြည့်နေရင်းက တိုးတိုးဖြေသည်။

'နော်မယ် ရီအက်ရှင် ဆိုပေမယ့် အဲနီးမဲအင့်စတင့်တွေ (Animal Instinct) ကွ၊ လှတာ မြင်ရင် ကြိုက်တာ၊ သာယာတာ၊ ကောင်းတာလေးတွေပဲ ရွေးခံစားချင်တာ၊ မရရင် ဒေါသထွက်တာ၊ အဲဒါတွေ အကုန်လုံးက ဟောမိုနယ် ဒရိုက်ဗ် (Hormonal Drive) သွေးသားက ထွက်လာတဲ့ ဆန္ဒတွေ၊ လူဆိုတာက ဟိုက်ယား အဲနီးမဲ (Higher Animal) အဆင့်မြင့် သတ္တဝါတွေ၊ ဦးနှောက်က လာတဲ့ ဆင်ခြင်တုံ တရားနောက်ကိုပဲ လိုက်ရမယ်၊ ဆန္ဒတွေ နောက်ကို မလိုက်ရဘူး၊ အထူးသဖြင့် ငါတို့ မင်းတို့အရွယ်၊ အတွေ့အကြုံ ပညာအရည်အချင်းနဲ့ ဆန္ဒကို ဦးစားပေးတတ်တဲ့လူ ဖြစ်ရမှာ ရှက်စရာကြီး'

'စောင့်ကြည့်သေးတာပေါ့ကွာ၊ ငါကောင် ဘယ်လောက် တောင့်ခံနိုင်မလဲလို့၊ ကောင်မလေး က အခုတောင် ဒီည မပြန်သေးဘူးတဲ့၊ ဆေးရုံလိုက်လာပြီး ဆရာ လိုတာတွေ စီစဉ်ပေးမလို့တဲ့၊ ကဲ'

ဒေါက်တာမြတ်ထွန်းက ဖွဖွ ပြုံးသည်။

'ငါလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု သိပ်မရှိပါဘူးကွာ၊ ဒါပေမယ့် ငါက မင်းပြောခဲ့တဲ့ ပုံပြင်ထဲက စစ်ရှုံး စစ်သူကြီးတော့ မဖြစ်သင့်ဘူး၊ ရာဇဝင်မှာ တကယ် ရှိခဲ့ဖူးတဲ့ အကြီးဆုံး စစ်ပွဲကို အောင်နိုင်တဲ့ စစ်သူကြီးပဲ ဖြစ်ချင်တာ'

'ဘာ အကြီးမားဆုံး စစ်ပွဲလဲ'

'မင်း ကြားဖူးမှာပေါ့၊ စစ်နိုင်တဲ့ စစ်သူကြီး အိမ်ပြန်ရောက်တော့ မယား ဖောက်ပြန်နေတာ တွေ့တာလေ၊ ဒေါသနဲ့ နှစ်ယောက်စလုံး ဓားနဲ့ပိုင်းမယ် လုပ်ပြီးမှ စိတ်လျှော့ပြီး ခွင့်လွှတ်ပေးစားလိုက်တာ၊ ကိုယ့်ကိုယ်ကိုယ်ထဲက ရုတ်တရက် ဆူပွက်လာတဲ့ ဆန္ဒကို နိုင်အောင် နှိမ်နင်းလိုက်နိုင်လို့ သူနိုင်ခဲ့သမျှ စစ်ပွဲတွေထဲမှာ အဲသည့် စစ်ပွဲက အမြတ်ဆုံးလို့ ချီးမွမ်းကြသတဲ့'

သူငယ်ချင်းက ရယ်သည်။

'ငါ့သူငယ်ချင်း နိုင်ပါစေကွာ၊ နိုင်ဖို့ မလွယ်မှန်း သိပေမယ့် ငါ ဆုတောင်းပေးပါတယ်'

ဒေါက်တာမြတ်ထွန်း စကား မပြန်နိုင်ပါ။

✦✦✦✦✦✦✦

## အခန်း - ၈

## သူယောင် ........ ပဋ္ဌလက်

(၁)

ဒေါ်သစ္စာ တယ်လီဖုန်းကို ညင်သာစွာ ပုခက်ပေါ် ပြန်တင်သည်။

ဘေးက စောင့်၍ ဒေါ်သစ္စာ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေသော ဝမ်းကွဲညီမဖြစ်သူက ပြန်မလာဘူးတဲ့လားဟု မေးတော့ ခေါင်းညိတ်ပြသည်။

'တစ်ပတ်လောက် ကြာမယ်တဲ့၊ မယ်ဒီကယ် ကာဗာ ရှိတယ်တဲ့'

ညီမက ဒုက္ခပါပဲဟု ညည်းတွားသည်။

'ရပါတယ်ဟယ်၊ ငါ အခု နေကောင်းနေတာပဲ၊ မောင်မင်းခန့် နေ့တိုင်းလာကြည့်ပေးမယ်တဲ့'

'အဲ့ဒါကို ပြောတာ မဟုတ်ဘူး မမရယ်၊ ဘယ်သူနဲ့ သွားတယ်ဆိုတာလည်း သိသားနဲ့'

ဒေါ်သစ္စာက ယဲ့ယဲ့ပြုံးသည်။

'မယ်ဒီကယ် ကာဗာက တကယ်ပေါ်လာတာပါ၊ စောစောကပဲ ဌာနမှူး သူ့ကို မဆက်ခင် ဒီကို အရင်ဆက် ပြောတာပဲ'

ညီမက သက်ပြင်းချ၍ တိုက်ဆိုင်လွန်းတာပဲ ဟု ဆိုသည်။ အဲသည့်အချိန်မှာ ဖုန်းက ထပ်မြည်လာသည်။

'ဟဲလို'

'. . .'

သေချာပြီ။ သားဖုန်းပါပဲ။ အသံ စပေါ်အောင် တော်တော်စောင့်နေရသည်။

(၂)

'ဖေဖေကလည်း ငြင်းလိုက်တာ မဟုတ်ဘူး'

သားက မကျေမနပ်သံဖြင့် ဆိုသည်။ ဒေါ်သစ္စာက ဖွဖွ ရယ်သည်။

'ခု မေမေ နေကောင်းနေတာပဲကွယ်၊ ပြီးတော့ သူလည်း တာဝန်တွေရော၊ အမေ့ကိစ္စရော၊ သူ့ သွေးတိုးရောဂါနဲ့ စိတ်ညစ်နေရတာက ကြာပြီ၊ ဟိုမှာက လေကောင်းလေသန့် လည်းရ၊ စာသင်လည်း မရှိ၊ တာဝန်လည်း ပေါ့ပါးတော့ သူ့အတွက် အပန်းဖြေခရီး ဖြစ်တာပေါ့ကွယ့်'

သားက အတန်ကြာအောင် တိတ်ဆိတ်နေသည်။ ပြီးမှ

'မေမေ၊ ဖေဖေ့ကို နည်းနည်းတော့ သတိပေးဦးနော်'

ဒေါ်သစ္စာ ပြုံးသည်။

'သားက ကြားလို့လား'

သား အသံ တိတ်ဆိတ်သွားပြန်သည်။ ပြီးမှ

'ဒါဆို မေမေ သိတယ်ပေါ့'

'အင်း၊ သား နိုင်ငံခြားက လူတောင် ကြားသေးတာပဲ'

'ဒါနဲ့များ မေမေရယ်'

ဒေါ်သစ္စာ သက်ပြင်းချသည်။

'မေမေတော့ မမြင်ဖူးပါဘူး၊ သိပ်လှတယ်တဲ့၊ မွန်လေးမှာ သူ အလှဆုံးလို့ ပြောရင်တောင် မမှားလောက်ဘူးတဲ့၊ ပြီးတော့ သိပ်ချမ်းသာတယ်၊ အသက်ကလည်း သားထက် နည်းနည်းပဲ ကြီးတယ်၊ သားဖေဖေကတော့ ရှောင်ဖို့ကြိုးစားနေတဲ့ ပုံမျိုးပါပဲ၊ ကောင်မလေးကတော့ သွားလေရာ လိုက်နေသတဲ့၊ ထူးတော့ထူးဆန်းတယ်၊ သားဖေဖေကို ငွေမက်လို့ ဂုဏ်မက်လို့ လိုက်ပတ်သက်နေတာမျိုးတော့လည်း မဟုတ်ဘူး၊ မေမေ ကြားရ သလောက်တော့ မေမေတို့ထက် လူနေမှု အဆင့် အများကြီး မြင့်တဲ့ ကလေးပဲ၊ ပညာ အရှိန်အဝါကို လေးစားပြီး စွဲနေတာမျိုး ဖြစ်ရအောင်လည်း ဒီအသိုင်းအဝိုင်းထဲက မဟုတ်ဘဲ ရုတ်တရက် နိုင်ငံခြားက ပြန်ရောက်ပြီး ပေါ်လာတာမျိုး'

'နိုင်ငံခြားက ... ဟုတ်လား'

'ဟုတ်တယ်၊ သားတို့ဆီက၊ အဲဒီမှာပဲ ကြီးပြီး အဲဒီမှာပဲ ဘွဲ့ရခဲ့တာတဲ့'

သည်တစ်ခါ သားက သက်ပြင်းချသည်။

'မေမေ အားလုံး သိနေတယ်ဆိုတာ ဖေဖေ သိသလား'

'မပြောပါဘူး သားရယ်၊ သူ့စိတ်ဓာတ် မေမေ သိနေတာပဲ၊ သူ ရှောင်ဖို့ ကြိုးစားတယ်ဆိုတာ ဟုတ်မှာပါ။'

သားက ကျေနပ်ဟန် မတူ။

'ယောကျ်ားပဲ မေမေရယ်၊ ယောကျ်ားတိုင်းမှာ ပျော့ကွက်ရှိတယ်၊ ဖေဖေလည်း ရဟန္တာမှ မဟုတ်တာ၊ ပြီးတော့ သိပ်လှတယ်ဆို'

ဒေါ်သစ္စာက ဖွဖွရယ်သည်။

'မေမေက ဘယ်လောက် နေရမှာလည်း သားရယ်၊ ပြီးတော့ သားအဖေက အရွယ်လည်း တင်၊ ရုပ်ကလည်းချော၊ တစ်ယောက်မဟုတ် တစ်ယောက်နဲ့တော့ တွေ့ဦးမှာပဲ၊ သိုက်တူးချင်တဲ့ မိန်းကလေးမျိုးနဲ့ တွေ့တာထက် စာရင် ဒါမျိုးလေးက တော်သေး မဟုတ်လား'

'မေမေကလည်း'

သား အတော်ကြာအောင် တိတ်ဆိတ်သွားသည်။ ပြီးမှ

'ဒီမှာ နေသွားတယ်ဆိုတာ ဘယ်မှာလဲ သိလား မေမေ'

'ဘယ်သိမှာလဲ သားရယ်၊ သားက သိမယ်ထင်လို့လား၊ ယူကေက အကျယ်ကြီး ဥစ္စာ'

'မြန်မာတွေက ဒီမှာ အချင်းချင်း သိကြတယ် မေမေရဲ့၊ သိပ်လှတယ်ဆိုရင် ပိုတောင် သိနိုင်သေးတယ်၊ နာမည်ကရော'

'မေကြာဖြူ တဲ့'

'မေ . . . ကြာ . . . ဖြူ'

သား အသံ လုံးဝ တိတ်ဆိတ်သွားပါသည်။

(၃)

'သား သိနေတယ်ပေါ့လေ'

'ဆုံတော့ မဆုံဖူးပါဘူး၊ ကြားဖူးတာပေါ့လေ၊ ဒီက မြန်မာတွေ သူ့တော့ သိကြတာများပါ တယ်'

သားက ခပ်ဆိုင်းဆိုင်း ဖြေသည်။

'လှလို့လား'

'လူကို တစ်ခါမှ အပြင်မှာ မမြင်ဖူးတော့ သူ လှ၊မလှ သား မသိဘူး၊ သိပ်လှတယ်လို့တော့ မပြောကြပါဘူး'

အဆန်းပါလား။ မွန္တလေးရောက်မှ လှသွားတာတော့ မဖြစ်နိုင်။ အဲသည် အလှမျိုးကို နိုင်ငံခြားသားတွေက လှသည် မထင်၍ပဲ ဖြစ်မည်။

'ဒါဆို ဘာလို့ သိကြတာလဲ'

'သူ့ မိဘတွေက ဒီမှာတောင် လူကုံတံ အသိုင်းအဝိုင်း ဝင်ဆံ့ကြတယ်၊ သူကလည်း ထက်တယ်၊ ပညာတော်တယ်ပေါ့လေ၊ သားတော့ တော်တော် ထူးဆန်းနေတယ် ထင်တာပဲ'

'ဘာကိုလဲ'

'သား သိတဲ့ မေကြာဖြူက ဒီက စာအုပ်ထုတ်ဝေရေး ကုမ္ပဏီကြီးတစ်ခုမှာ လုပ်နေတာ၊ သူ ဘာလို့ ထွက်သွားပြီး မြန်မာပြည် ပြန်သွားရတာလဲ၊ စဉ်းစားလို့ မရဘူး'

ဒေါ်သစ္စာ ဇဝေဇဝါ ဖြစ်သွားသည်။

'သူက နာမည်ကြီးတယ်ဆို၊ သူ့ အကျင့် စာရိတ္တပိုင်းရော ဘာ နာမည်ပျက် ရှိသလဲကွယ့်'

'မရှိပါဘူး မေမေ၊ ဘယ်လို အကျင့်စာရိတ္တပိုင်းမျိုးကို ပြောတာလဲ'

'ဟိုကွယ် ယောကျ်ားလေးတွေ ထည်လဲတွဲတာမျိုး၊ အိမ်ထောင် ရှိတဲ့ ယောကျ်ားတွေနဲ့ ပက်သက်တာမျိုးပေါ့'

သားက တိုးတိုးရယ်သည်။

'အဲ့ဒါ အဆန်းဆုံး ကိစ္စပေါ့ မေမေ၊ ဘာမှ မရှိဘူး၊ ရှိစရာလည်း အကြောင်း မရှိဘူး၊ သူ့ကို ဒီမှာ လှတယ်လို့ ဘယ်သူမှ မပြောကြတာလည်း အဲ့ဒါကြောင့်ပဲ'

'ဘာကိုပြောတာလဲ'

'သူ ဖေဖေ့ကိုသာ ဘာ စိတ်ဝင်စားပြီး မိန်းကလေးတစ်ယောက်လို လှလှပပ ပြင်ဆင်နေတာလဲတော့ မသိဘူး မေမေ၊ သား သိသလောက်၊ ဒီက လူတိုင်း သိသလောက်တော့ မေကြာဖြူ ဆိုတာ တွမ်ဘွိုင်း( ယောကျ်ားလေးစိတ် ပေါက်နေသော မိန်းကလေး) ပဲ'

ဒေါ်သစ္စာ ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၄)

'ဆရာဝန် ကျင့်ဝတ်ပိုင်းနှင့် ပတ်သက်လို့ ကျွန်တော် လေ့လာထားသလောက် တင်ပြချင်တာကတော့ ဒီလောက်ပါပဲ၊ အားလုံးပဲ မေးမြန်းဆွေးနွေးချင်တာရှိရင် ဖိတ်ခေါ်ပါတယ်၊ သင့်ခ်ယူပါ'

အစည်းအဝေးခန်း အပြည့်ထိုင်နေသော ဆရာဝန် ၄၀ ခန့် အားလုံးပြိုင်တူ လက်ခုပ်တီးကြသည်။

ပြင်ဦးလွင် ဆေးရုံမှ သူငယ်ချင်း သမားတော်ကြီးက သူ့ထုံးစံအတိုင်း ရယ်ကျဲကျဲကလေးနှင့် ထလာ၍ စကားပြောစင်မှာ သူနှင့်အတူ လာရပ်သည်။

'ကျွန်တော့်သူငယ်ချင်း ဒေါက်တာမြတ်ထွန်းက မန္တလေးမှာလည်း စာသင်တာ သိပ်တော်တယ်လို့ နာမည်ကြီးတဲ့ ပါမောက္ခကြီး တစ်ယောက်ပါ။ အခု ပြင်ဦးလွင်ကို တာဝန်နဲ့ခဏ ရောက်နေပြီး ဒီနေ့လည်း အလုပ်ကလေး နားရတုန်းမှာ ကျွန်တော်က ပြင်ဦးလွင်ဆရာဝန်များအသင်းကိုယ်စား မင်းမနားနဲ့၊ ငါတို့ ဒီမြို့ပေါ်က ဆရာဝန်တွေကို ဟောပြောပွဲကလေး လုပ်ပေးပါဦး ဆိုပြီး နားပူနားဆာလုပ်ထားတာပါ။ ပြီးတော့ သူက ဟိုက်ပါတင်းရှင်းပြောမယ်၊ ငါလည်း သွေးတိုးသမား ဆိုတော့ ဆိုပြီး ရွေးထားတာ၊ ကျွန်တော်က အကြံသစ် ပြော၊ ခုတလော ဒီဆရာဝန်ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြဿနာကလေးတွေ ခဏခဏ ကြားနေရတယ်၊ ပြီးတော့ ဒီဆေးရုံမှာလည်း လူငယ် ဆရာဝန်အသစ်ကလေးတွေ အများကြီး ခန့်ထားတယ်၊ သူတို့ သိသင့်တဲ့ လက်တွေ့ကျကျ အပိုင်းကလေးတွေ ပြောပေးပါလို့ တောင်းဆိုလို့ သူ့ တော့ပစ်မဟုတ်ဘဲ ပြောရရှာတာပါ၊ ညကတော့ ကျွန်တော့်အခန်းမှာ လာပြီး အင်တာနက် မွှေနှောက်နေတာ တွေ့ပါတယ်၊ သူမပြောရသေးတာတွေ အများကြီး ရှိဦးမှာပါ၊ မေးကြပါ'

အလယ်တန်းဘက်က သက်လတ်ပိုင်း ဆရာဝန်တစ်ဦး မတ်တတ်ရပ်၍ လက်ထောင်သည်။ သူငယ်ချင်း သမားတော်ကြီးက သူ့နားနားကပ်၍ အေအကဲစ်ပဲဟု ပြောပြသည်။

'ဟုတ်ကဲ့ ဆရာ၊ မေးပါ'

'ဒီလိုပါ ဆရာကြီး၊ စောစောက ဆရာကြီး ပြောတဲ့ နက်ဂလစ်ဂျင့်စ်၊ တာဝန်မဲ့ ပြုမူမှု၊ အဲသလို ပြန်သွားတယ်၊ အဲဒီ တာဝန်မဲ့တယ်ဆိုတဲ့ အပိုင်းမှာပဲ လူနာ၊ လူနာရှင်၊ ဆရာဝန် အငြင်းပွားစရာတွေ ခဏ ခဏ ဖြစ်တယ်၊ တစ်ခါတလေ ဂျာနယ်လစ်တွေ ပါလာရင် ပိုဆိုးတယ်၊ ကျွန်တော်ထင်တာက ဉပမာပါ့လေ၊ ခွဲစိတ်ဆရာဝန်ကြီးက အရေးကြီးတဲ့ ခွဲစိတ်မှုကို အဲဒါမျိုး တစ်ခါမှ မခွဲဖူးတဲ့ ဆရာဝန်အငယ်ကို သူတောင်ဘေးက မကြီးကြပ်ဘဲနဲ့ ခွဲခိုင်းတယ်၊ သေတော့ လူနာက တိုင်တယ်၊ ဒါဆို တာဝန်မဲ့တယ် ပြောလို့ ရတာပေါ့၊ ရှင်းတယ်၊ အဲဒီအချိန်မှာ ကိုယ်တိုင် လာမခွဲရတဲ့ အကြောင်းရင်းက ဆရာကြီးအနေနဲ့ အလားတူပဲ အရေးကြီးတဲ့ ခွဲစိတ်မှုတစ်ခုကို ပြိုင်တူ လုပ်နေရတယ်၊ နှစ်ခုစလုံးက ခုလပ်မှ လူနာအသက်ကို ကယ်နိုင်မှာဖြစ်တယ်၊ ဆရာကြီးက ပိုခက်မယ်ထင်တာကို သူလုပ်တယ်၊ နည်းနည်း လွယ်တာကို မလွှဲမရှောင်သာဘဲ ဟို ဆရာဝန်ကလေးကို ခွဲခိုင်းတယ်၊ ကံမကောင်းတော့ ဆရာဝန်ကလေး ခွဲတဲ့သူက သေတယ်၊ လူနာရှင်ထင်တာက ဆရာဝန်ကြီးက သူပိုက်ဆံယူထားတဲ လူနာကို သူကိုယ်တိုင် ခွဲတာ၊ ဒါ နည်းနည်း ရှင်းရခက်မယ်'

ဟုတ်တယ် . . . စသဖြင့် တီးတိုးအသံများ ဆူညံစွာထွက်လာသဖြင့် ပြင်ဦးလွင်ဆေးရုံ သမားတော်ကြီးက လက်ကာပြရသည်။

'ဒီထက် ပိုဆိုးတာက ဆရာကြီးတို့လို ဖက်ဆစ်ရှင်တွေ၊ သမားတော်တွေ ပေါ့နော်။ ညပိုင်းမှာ လူနာက အမောဖောက်ပြီး ရောက်လာတယ်၊ တာဝန်ကျတဲ့ဆရာဝန်က နည်းနည်းအတွေ့

အကြံ့ ရှိတဲ့သူ ဆိုပါတော့၊ သူ စမ်းသပ်ကြည့်ပြီး ဆရာ့ကို ဖုန်းဆက်တယ်၊ အချက်အလက်တွေ ပြောပြတယ်၊ အဲဒီ ဆရာဝန်ကလေးကလည်း ယုံကြည်စိတ်ချရလောက်တဲ့ သူလို့ သူသိထားတော့ ဘာလုပ်သင့်တယ် ဆိုတာ ဖုန်းထဲကနေ ညွှန်ကြားတယ်၊ လူနာရှင်တွေကတော့ ဆရာကြီးကိုယ်တိုင် လာကြည့်စေချင်တယ်၊ မလာဘူး၊ လူနာ သေသွားတယ်၊ တိုင်တယ်ပေါ့နော်၊ အဲဒါမျိုးကိုရော တာဝန်မဲ့တယ်လို့ ဆိုနိုင်မလား၊ ကျွန်တော်တော့ မထင်ဘူး’

ဆူဆူညံညံ အသံတွေ ဟိုတစ်စ၊ သည်တစ်စ ထွက်ပေါ်လာကြပြန်သည်။ သည်တစ်ခါ တော့ ဒေါက်တာမြတ်ထွန်းပဲ လက်ကာပြလိုက်ရသည်။

‘ကျေးဇူးတင်ပါတယ် ဆရာ၊ သိပ် နူးညံ့သိမ်မွေ့တဲ့ မေးခွန်းပါပဲ၊ ကျွန်တော့်အယူအဆကို ပြောပြရမယ်ဆိုရင်တော့ ကျွန်တော်တို့ တတွေဟာ *ရိုက်*၊ အခွင့်အရေးဆိုတဲ့ စကားလုံးကိုပဲ ပရင်စီပယ်၊ ကျောရိုးအနေနဲ့ အမြဲ ပြန်သုံးသပ်ရမှာ ဖြစ်ပါတယ်’

အားလုံး စိတ်ဝင်စားစွာ တိတ်ဆိတ်သွားကြသည်။ ‘

*ရိုက်* ဆိုတာ စကားလုံးက တစ်လုံးတည်း၊ တော်တော်သိမ်မွေ့ပါတယ်၊ လူနာရဲ့ *ရိုက်*၊ လူနာ့ အခွင့်အရေး၊ ဒါတွေကို သည်ဘက်ပိုင်းမှာ တော်တော်စောင်းပေး ဆွေးနွေးလာကြတယ်၊ ဆရာ ပြောသလို ဂျာနယ်အချို့ကလည်း ဝင်ဖွ ကြတာပေါ့လေ၊ ကျွန်တော်တို့ သတိလစ်နေတဲ့ အချက်က နှစ်ခု၊ တစ်ခုက *ရိုက်* ဆိုတာ ဘိုင်လက်ထရယ် အော်နာ လုပ်ရပါတယ်၊ နှစ်ဖက်စလုံးမှာ *ရိုက်* ရှိတယ်၊ လူနာ့ အခွင့်အရေး၊ ဆရာဝန် အခွင့်အရေး နှစ်ဖက်ရှိတယ်’

တိုးတိုး တိုးတိုး ဆွေးနွေးသံများ ထွက်ပေါ်လာပြန်သည်။

‘ဆရာ ပြောတာတွေ ကျွန်တော်လည်း ဖတ်ဖူးပါတယ်၊ နိုင်ငံခြားမှာဆိုရင် ဆိုတဲ့ ဟာမျိုး တွေပေါ့လေ၊ ကျွန်တော်လည်း နိုင်ငံခြားမှာ နှစ်နှစ်လောက် လုပ်လာတာပဲ၊ ဟိုမှာ လူနာက အခွင့် အရေးတောင်းပိုင်ခွင့် ရှိတယ်၊ ဥပမာ ဆရာ စောစောက ပြောတဲ့ ကေ့စ်မျိုးမှာ လူနာက ဆရာဝန်ကြီးကိုယ်တိုင် လာကြည့်ပါလို့ ပြောရင် လာရမှာပဲ၊ တာဝန်ကျ ဆရာဝန်က ဘယ်လောက် တတ်တတ်’

အသံတွေ ကျယ်လာသည်။ ဒေါက်တာမြတ်ထွန်း လက်ထောင်ပြလိုက်သည်။

‘အဲသလို လာနိုင်ဖို့အတွက် ဆရာဝန်ဘက်ကလည်း သူ့*ရိုက်*ကို သူတောင်းထားတာပဲ၊ ဥပမာ ကျွန်တော် အလုပ်လုပ်ခဲ့တဲ့ ဆေးရုံမှာ ဆရာဝန်ကြီးက ခုနစ်ရက် တစ်ခါပဲ အဲသလို အွန်ကောလ်ယူတယ်၊ အများဆုံးက လေးရက်တစ်ခါ၊ ဒီထက်တော့ ပိုဆင်းခိုင်းလို့ မရဘူး၊ ဒီမှာတော့ အခြေအနေအရ ကျွန်တော်တို့ အများစုက နေ့တိုင်း ကာဗာလုပ်နေရတာပဲ’

အားလုံး ရယ်ကြသည်။ သူငယ်ချင်း သမားတော်ကြီးကပါ ဟုတ်ပဟု တိုးတိုးထောက်ခံသည်။

'ကျွန်တော်တို့ရဲ့ လက်ရှိ အနေအထားအရ ဒါ ကျွန်တော်တို့ လုပ်မပေးလို့ မရဘူး၊ နေ့တိုင်း ဂျူတီ တစ်ပါတ်၊ ခေါ်တိုင်းလာဖို့ လွယ်တယ်၊ တစ်လ၊ နည်းနည်း ခက်လာပြီ၊ တစ်နှစ်၊ မဖြစ်နိုင်တော့ သလောက်ပဲ၊ ဒါတွေတို့ လူနာတွေဘက်က ကိုယ်ချင်းစာကြည့်ပါလို့တော့ ပြောဖို့ ခက်တယ်၊ ကိုယ့်အဖေ၊ ကိုယ့်ဇနီး နေမကောင်းဘူး၊ ဆေးရုံသွားတယ်၊ ဆရာကြီးကိုယ်တိုင် လာမကြည့်ဘူး၊ ဖုန်းနဲ့ ညွှန်ကြားတယ်၊ မရဘူး၊ ဆရာကြီးက အဲသည် အချိန်မှာ အဲသည်နည်းနဲ့ လူနာပေါင်း ၉၉ ယောက်ရဲ့ အသက်ကို ကယ်ထားပြီးပြီ ဆိုပါစို့၊ ဆရာကြီးအတွက်တော့ ၁ ရာခိုင်နှုန်း ဆုံးရှုံးမှုပါပဲ၊ ဒါပေမယ့် လူနာဘက်က ကြည့်တော့ ဒီအဖေ တစ်ယောက်တည်း ရှိတာ၊ ဒီအဖေ ဆုံးရှုံးရရင် ၁၀၀ ရာခိုင်နှုန်း ဆုံးရှုံးတာပဲ၊ သူ ကျေနပ်မှာ မဟုတ်ဘူး'

စောစောက မေးခွန်းမေးသည့် ဆရာဝန်က ပြန်ထသည်။

'အဲဒါပဲ ဆရာ၊ အဲဒါ ကျွန်တော်မေးချင်တဲ့ မေးခွန်းပါပဲ၊ ဆရာ ရှင်းပြမှ ပိုပီပြင်သွားတယ်၊ စာအုပ်တွေ ရေးတဲ့ အနောက်တိုင်းနဲ့ ကျွန်တော်တို့ကြားမှာ အခြေအနေ အဟ ကလေးက ရှိနေတယ်၊ အဲဒါ ဆရာတို့ ဘယ်လို ဖြေရှင်းသလဲလို့ပါ'

'ကျွန်တော်ပြောချင်တဲ့ နှစ်အချက်က အဲဒါပါပဲ၊ ဟူးမင်း တပ်၍ ပါ၊ ကျွန်တော်တို့က ရိုက်တွေ အကြောင်းပဲ အမြဲစဉ်းစားနေတာ၊ ကျွန်တော်တို့ အစကတည်းက ဘာလို့ ဆရာဝန် လုပ်ကြသလဲဆိုတာကို မေ့နေကြပါတယ်၊ ဟူးမင်းတပ်၍ လူသားစိတ်ကလေးပေါ့၊ သူတစ်ပါးက အသက်ဘေးနဲ့ ရင်ဆိုင်နေရချိန်မှာ ကိုယ့်ကို လာအားကိုးတာ ခံရတယ်ဆိုတာ ဂုဏ်ယူစရာပါ၊ ကိုယ် ကူညီခွင့် ရလိုက်တယ်ဆိုတာလည်း ကြည်နူးစရာပါ၊ နိုင်ရင် လုပ်ပေးလိုက်ကြပါ။ ဒါပေမယ့် ကျွန်တော်တို့ အားလုံးဟာ အိုဗာဝေါ့ အလုပ်တွေ ပိနေကြပါတယ်၊ အမြဲတမ်းလည်း အဲသလို လုပ်မပေးနိုင်ကြပါဘူး၊ လုပ်မပေးနိုင်ခဲ့တဲ့ အခေါက်တွေကို တတ်နိုင်သလောက် မေ့မဖွပျောက်ပျောက်ပဲ ထားလိုက်ပြီး လုပ်ပေးနိုင်တဲ့ အခေါက်တွေမှာ လုပ်ပေးလိုက်တာ ကောင်းပါတယ်၊ မလုပ်ပေးနိုင်တာကို မကျေနပ်တဲ့သူလည်း တွေ့မှာပါပဲ၊ ဒါကိုလည်း ခွင့်လွှတ်ခြင်းနဲ့ပဲ ရင်ဆိုင်လိုက်ရတော့မှာပါပဲ'

မေးခွန်းရှင် ဆရာဝန် ရုတ်တရက် ဘာပြန်ပြောရမည် မသိ။ နောက်မှ

'သိပ်ကောင်းပါတယ် ဆရာကြီးခင်ဗျား၊ ဆရာကြီးရော အဲသလိုပဲ အမြဲ လုပ်ပေးလေ့ရှိပါသလား'

ဒေါက်တာမြတ်ထွန်း ပြုံး၍ ခေါင်းကို ညင်သာစွာ ယမ်းသည်။

'မလုပ်ပေးနိုင်တဲ့ အခါတွေလည်း ရှိခဲ့ပါတယ်၊ အထူးသဖြင့် ဒီနှစ်ပိုင်းအတွင်းမှာ ကျွန်တော့် ဇနီးကလည်း မမာဖြစ်နေတော့ လုပ်ပေးချင်လျက် ပျက်ကွက်ခဲ့တာတွေလည်း ရှိပါတယ်၊ အဲဒါတွေ ပြန်ပြန်တွေးနေရင်တော့ စိတ်မကောင်းစရာတွေနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် အဖော်ပေးရမလို ဖြစ်နေတော့ တတ်နိုင်သလောက် မေ့ထားပါတယ်၊ ကျွန်တော် ထင်တာတော့ နလုံးသားမှာ ဒဏ်ရာဒဏ်ချက် အများဆုံးလူတွေဟာ ဆရာဝန်တွေပါပဲ၊ ကိုယ့်ကိုယ့်ကိုယ် အတွက်လည်း စိတ်မကောင်းဖြစ်ရ၊ လူနာ တွေ၊ လူနာရှင်တွေ အတွက်လည်း စိတ်မကောင်း ဖြစ်ရ၊ ဒါကြောင့်ပဲ ဆရာဝန်တွေ ပိုနလုံးရောဂါ ရကြတာ ထင်ပါရဲ့'

ပရိတ်သတ် ဆရာဝန်အားလုံး ရယ်ကြသည်။

သူငယ်ချင်း သမားတော်ကြီးက ဝင်ပြောသည်။

'သူငယ်ချင်း ပြောတာ မှန်ပါတယ် ခင်ဗျာ၊ သူငယ်ချင်းရဲ့ ဇနီးက တော်တော် နေမကောင်း ဖြစ်နေတာပါ၊ ဒီကြားထဲက တာဝန်ကို မငြင်းပဲနဲ့ ကျွန်တော်တို့ ပြင်ဦးလွင်အထိ ရောက်လာတဲ့အပြင် အနား မနေဘဲ ဟောပြောနေတာ အားလုံး အသိပါပဲ၊ ကျွန်တော့် သူငယ်ချင်းကို ကျေးဇူးတင်စွာ ဂုဏ်ပြုကြပါစို့'

သူကစ၍ တစ်ခန်းလုံး ဟိန်းသွားညံသွားအောင် လက်ခုပ်သံများ ပေါ်ထွက်လာလေသည်။

(၅)

ခန်းမထဲမှ အထွက် လှေကားထစ်ပေါ်တွင် မမျှော်လင့်ထားသော မျှော်လင့်ထားသူကို တွေ့ရသည်။

ပုံမှန်အားဖြင့်တော့ သက်လတ်ပိုင်း သို့မဟုတ် အဲသည့်ထက် နည်းနည်းကြီးသည့် အရွယ်၊ ဆရာဝန် ဆရာမတွေချည်းသာ ထွက်လာကြသည့် လူအုပ်ကြီး။ အဲသည့် လူအုပ်ကြီး ထွက်လာရာ လမ်းတွင် မိမိကိုယ် မိမိ ယုံကြည်မှုအပြည့် ရှိသည့် ဟန်ပန်မျိုးဖြင့် ရပ်နေသည့် မိန်းမလှကလေး တစ်ဦး။

ဝတ်စားထားပုံက ခေတ်မဆန်ပေမယ့် ဆရာဝန်မတွေနှင့်တော့ အတော်ကြီးကို ကွာခြားနေ သည်။

အနောက်တိုင်းဆန်ဆန် အေးစိမ့်သော မြို့မို့ လူတိုင်း အနောက်တိုင်းဆန်ဆန် ဝတ်စား ထားလေ့ ရှိသော ပတ်ဝန်းကျင်မှာ ဒီဇိုင်နာ နှင့် ချုပ်ထားသည်ဟု ယူဆရသော အလွန်သပ်ရပ် လှပ သည့် မြန်မာဝတ်စုံကို ဝတ်ပြီး သိုးမွေးခြုံထည်ကလေး လွှမ်းထားသည်ကိုက အသက်ကြီးချင်ယောင် ဆောင်ထားသလို ရှိသော်လည်း ဖုံးမရ ဖိမရသည့် ပျိုမြစ် လှပမှုက မျက်နှာကလေးမှာရော ကိုယ်ဟန် မှာပါ ထင်းနေသည်။

ပုံမှန်အားဖြင့်တော့ သူ့ကို လူတိုင်း လှည့်ကြည့်သွားကြဖို့ ကောင်းသည်။ ယခုတော့ ဆရာဝန်တွေရော၊ ဆရာဝန်မတွေရော သူ့ကို မသိကျိုးကျွံ ရှောင်တိမ်း၍ ဆင်းသွားကြသည်။

ဒါကို စိတ်သက်သာစရာ တစ်ခုဟု ဒေါက်တာမြတ်ထွန်း မမြင်။ သူ့ ဦးလေး အရွယ် လောက်ရှိသော ဒေါက်တာမြတ်ထွန်း နှင့် အတူ တွေ့နေပါလျက်နှင့် တခုတ်တရ မစပ်စုကြသည်မှာ သူ ဘယ်သူ ဆိုသည်ကို လူတိုင်း သိပြီးသားဟု အဓိပ္ပာယ် သက်ရောက်နေသည်။

ဘုရားရေ။ ပြင်ဦးလွင်က လူတွေပါ မေကြာဖြူကို သိနေကြပြီလား။

'ကြာဖြူ မပြန်သေးတာလား'

သွားတက်ကလေး ပေါ်အောင် ပြုံးပြသည်။

'တိုက်က အဲသလောက် ထားခဲ့လို့ မရတာနဲ့ တစ်ခေါက် ပြန်သွားလိုက်သေးတယ်၊ ဆရာ ဒီနေ့ အလုပ် နည်းနည်းပါးလို့ ဟောပြောပွဲ လုပ်မယ်ကြားတာနဲ့ ပြန်တက်လာတာ'

ပြီးတော့ သူ့မျက်နှာကို မချိုမချဉ် ကြည့်၍ ရယ်သည်။

'သိလှချည့်လားလို့ မပြောနဲ့နော်၊ သတင်းထောက်တွေ အများကြီးကို အုပ်ချုပ်နေတာ မမေ့နဲ့ဦး'

သက်ပြင်းသာ ချမိသည်။

'စောစောက နားထောင်နေတာလား'

အပြုံးကလေး မသိမသာ လွင့်ပြယ်သွားသည်။

'ဆရာဝန်မှ မဟုတ်တာ၊ ဟောပြောပွဲ အစကို မီအောင် မလာပါဘူး၊ စောစောက ဆရာဝန် မေးခွန်းထမေးတဲ့ အချိန်လောက် ရောက်ပြီး နောက်နားမှာရပ်နေတာ၊ ဒါပေမယ့် ဆရာ ဖြေတာ သိပ် စိတ်ဝင်စားဖို့ ကောင်းပါတယ်'

'အခုက'

'အခုက ဆရာ့ကို ထမင်းစား လာခေါ်တာလေ၊အဘွားကလည်း ရအောင် ခေါ်ခဲ့တဲ့၊ အိမ်မှာ အားလုံးပြင်ဆင် ထားပြီးပြီ'

ဒေါက်တာမြတ်ထွန်း တော်တော် စိတ်အိုက်သွားသည်။

myanmar teashop www.mmteashop.com

'ဒီက ဆရာဝန်အသင်းက ဆရာဝန်တွေက မြို့ထဲမှာ လိုက်စားဖို့ ခေါ်ထားတာ ခေါင်းညိတ်ထားပြီးနေပြီ'

အပြုံးကလေး ပြန်ပေါ်လာသည်။

'ရပါတယ်၊ အားနာရင် လိုက်သွားပေါ့၊ ကြာဖြူ ညစာကျမှ လာခေါ်မှာပေါ့'

'ဘာလဲဟေ့၊ ကြာဖြူ တို့တော့ မခေါ်ဘူးလား'

သူငယ်ချင်း သမားတော်ကြီးက ဝင်လာ၍ နောက်သည်။

'ဆရာ့ နေနေသာသာ ဆရာ့ သူငယ်ချင်းတောင် ခေါ်လို့ မရဘူး၊ ကဲပါ၊ အေးအေးဆေးဆေး သွားစားကြ၊ ကြာဖြူ ညနေ ၅ နာရီ လောက်မှ လာခဲ့မယ်'

ကားသော့ကလေး ဝှေ့ယမ်း၍ လေ့ကားထစ် များအတိုင်း ဆင်းသွားသည်။

သူငယ်ချင်းက ပြုံးကြည့်သည်။

'မင်းက ဘယ်သူနဲ့ သွားစားမလို့တုံး'

'မင်းလေ၊ ဘာလဲ မင်းက မကျွေးဘူးလား'

'ခက်တဲ့ အကောင်ပဲ၊ အဘိုးကြီး အဘိုးကြီးချင်း စားရတာ ဘာ အရသာ ရှိလို့လဲ၊ ရွှေပင့်ကူကလေးကမှ . . '

'ရပ်၊ ရပ်၊ ဟိုမှာ ပြန်လှည့်လာနေပြီ'

လှပလွန်းသော အပြုံးကလေး သူတို့နှစ်ယောက်ဘေး ပြန်ရောက်လာသည်။

လက်ညှိုးတစ်ချောင်းကလည်း ထောင်ထားသေးသည်။

'အိမ်မှာ ပြင်ဆင်ထားပြီးသား ဖြစ်နေပြီ ပြောထားမိလို့ ဘာမှ စနိုးစနော့် မဖြစ်စေနဲ့နော်၊ ဒီက ဆရာဝန်ကြီးတွေက တစ်ခါတလေ ဆုံရတာ၊ ကြာဖြူ့ကို ဘာမှ အားနာစရာ မရှိဘူး၊ စိတ်ထဲမှာ မထားနဲ့၊ သိလား'

ပြုံးပြုံးကလေး ပြောပြီး ပြန်လှည့်ဆင်းသွားတော့ သူငယ်ချင်းက ပါးစပ် အဟောင်းသား ဖြစ်ကျန်ခဲ့သည်။





Typing by noel &LICH

ကားကလေး ကွေ့ထွက်သွားသည်အထိ ပါးစပ်အဟောင်းသား လုပ်ပြနေသော သူငယ်ချင်းပခုံးကို မနာအောင် ရိုက်လိုက်ရသည်။

သူငယ်ချင်းက ရယ်သည်။

'တကယ့် အိမ်ရှင်မ ကောင်းကလေးကွာ၊ အိမ်ရှင်မ မဟုတ်တာလေးပဲ ရှိတယ်'

'ဟုတ် စရာလားကွ၊ သမီးလောက် ရှိတယ်'

သူငယ်ချင်းက ခေါင်းတဆတ်ဆတ် ညိတ်၍ ကြံ့ကြံ့ခံဖို့တော့ တော်တော် ခက်လိမ့်မယ်ကွ၊ ကြာလေ ခက်လေ ဖြစ်နေပြီဟု ပြောသည်။

ဒေါက်တာမြတ်ထွန်း ရင်ထဲ လေးလံသွားပါသည်။

✦✦✦✦✦✦✦

## အခန်း(၉)

## ဒေဝတာ တံတိုင်း

(၁)

သည်ခေါင်းက ဘာလို့ ညိတ်လိုက်မိပါသနည်း။

ငါ ဟုတ်ကော ဟုတ်သေးရဲ့လား။

ကိုယ်ကျင့်တရားကိုပဲ ဦးထိပ်ထားမည်။ ရသ အာရုံတွေ၌ တွယ်ငြိ သာယာချင်သောစိတ်ကိုချိုးနှိမ်မည်။ ပါးစပ်က ဘယ်လိုပင် စကားလုံး ကြီးကြီးတွေ ပြောပြော၊ လုတာတွေ၊ သာယာစရာတွေမှာစိတ်က ညွှတ်နေတုန်းပဲဟု ထင်သည်။

ဘုရား၊ ရဟန္တာမှ မဟုတ်တာ။ သည်လိုလည်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြေပေးတတ်နေပြန်သည်။

'မှောင်သွားတာလည်း စောလိုက်တာ၊ ဆေးရုံမှာလည်း ဘာမှ ထွေထွေထူးထူး ကိစ္စမှမရှိတာ၊ ဒီမှာပဲ အိပ်လိုက်တော့၊ အပေါ်မှာ အခန်းတစ်ခု လွတ်နေတာပဲ၊ ကြာဖြူ ပထမ တစ်ခေါက်တည်းက လိုရမည်ရ ဆရာ့အတွက် အမြဲတမ်း ပြင်ခိုင်းထားတာ'

myanmar teashop www.mmteashop.com

အဲသည် စကားကို ပြောသူသည် သိပ်လှသော မိန်းကလေးတစ်ဦး ဖြစ်နေရုံနှင့်တော့ သူ့နှုတ်တို့ အာစေး မမိသင့်ဟု ထင်သည်။

လက်ညှိုးတစ်ချောင်းက ထောင်ပြန်သည်။

'ငြင်းမနေပါနဲ့ ဆရာရယ်၊ အဲသလောက် မှောင်ရင် ကြာဖြူလည်း ကားမမောင်းရဲဘူး၊ ဆရာလည်း ဖုန်းပါလာတာပဲ ဥစ္စာ၊ ဆရာ့အဖွဲ့တွေ လိုရင် ဆရာ့ကို ဆက်လိမ့်မပေါ့၊ ကြာဖြူလည်း ဆရာ့ကို ကိုက်မစားပါဘူး'

'ဟာ ကြာဖြူကလည်း'

သွားတက်ကလေး ပေါ်အောင် ရယ်ပြန်သည်။

'ကန်တော့နော်၊ ခင်လို့ စတာ အရှိအသေ တန်သလိုများ ဖြစ်သွားလား မသိဘူး၊ ကဲ လာလာ ဆရာ့အခန်း ကြာဖြူ လိုက်ပြမယ်'

ပြောပြောဆိုဆို နေရာမှ ထ၍ အိမ်ထဲ ဝင်သွားသည်။

နေဦး။

ငါ ခေါင်းကော ညိတ်လိုက်မိလို့လား။

အို ဘာထူးလဲ၊ အမှန်က အပြတ်ငြင်းလိုက်ရမှာ။ ဆေးရုံမှာလည်း မန္တလေးဆေးရုံကြီးက လာထိုးထားတဲ့ ကားရှော၊ ဒရိုင်ဘာရော အဆင်သင့်ရှိနေတာ၊ အချိန်မရွေး ဖုန်းဆက်ခေါ်လို့ ရနေတာ၊ ညစာ စားဖို့ ခေါ်ကတည်းက ကြာဖြူ လာမကြိုနဲ့၊ ဒီက ကားနဲ့ လာခဲ့မယ်ဆိုပြီး ခေါ်လာလည်းရနေတာ။

စတီယာရင်ပေါ် တင်ထားသည့် ဖြူလွလွ လက်သွယ်သွယ် ကလေးဆီက လွင့်ပျံ့လာတတ်သော သင်းပျံ့ပျံ့ ရနံ့။

ယခု ထထွက်အသွားမှာ မျက်နှာဆီ ဝေ့ဝဲရိုက်ခတ်လာသော တုန်လှုပ်ဖွယ် မွှေးပျံ့မှု။

ဒါတွေကို အကုန် လိုက်သာယာနေတာ။

သာယာနေလို့ ခေါင်းမခါဖြစ်လိုက်တာ၊ ဒါ ခေါင်းညိတ်လိုက်တာပဲပေါ့။ ဘာထူးလို့လဲ။

ဘုရား ရဟန္တာမှ မဟုတ်ပဲ။ စိတ်ထဲက ဆင်ခြေတက်မိပြန်သည်။



 Typing by noel &LICH

မဟုတ်သေးဘူးလေ။

ဘုရား၊ ရဟန္တာ မဟုတ်လို့ မနေသင့်တာပေါ့။ သည် ပုထုဇဉ်ကိုယ်ထဲက ရသာရုံတို့မှာ သာယာတတ်သည့် စိတ်ကို ချိုးနှိမ်နိုင်စွမ်းက အကန့်အသတ် ရှိသည်။ အဲသည့် အကန့်အသတ်ကို စိန်ခေါ်လာခဲ့လျှင် ဘယ် အတိုင်းအတာထိများ ကြံ့ကြံ့ခံနိုင်မှာမို့တဲ့လဲ။

'လာလေ၊ ဆရာ'

အပြုံးကလေးနှင့် လှည့်ခေါ်တော့ ခေါင်းက တကယ် ညိတ်ဖြစ်သွားသည်။

(၂)

အခန်းက အမိုးချွန်ချွန်ကလေး၏ အောက်တည့်တည့် ဘယ်ဘက်တွင်ရှိသည်။ ညာဘက်မှာလည်း တစ်ခန်းဖြစ်မှာပေါ့။

ခန်းလုံးပြည့်ကော်ဇော် ခင်းထားပြီး သပ်ရပ်စွာ ပြင်ဆင်ထားသော အခန်းကလေးက ယူကေနိုင်ငံက အခန်းတစ်ခန်းနှင့် ပို၍တူနေသည်။

'ဒါ ကြာဖြူ တည်းနေကျ အခန်းလား'

မကြာဖြူက ဖွဖွကလေးသာ ပြုံးသည်။

'ဆရာ့အတွက် ပြင်ချင်လို့ ဖွင့်လိုက်တာပါ၊ ကြာဖြူ့အခန်းက ဟိုဘက် ကပ်လျက်မှာ၊ ဝရန်တာက တစ်ဆက်တည်းပေါ့၊ ဒီအပေါ်ထပ်မှာ ဒီနှစ်ခန်းပဲ ရှိတာ၊ ဘွားဘွားက လှေကား မတက်နိုင်တော့ အောက်မှာပဲ နေတယ်'

မကြာဖြူက ဝရန်တာဘက် ထွက်သွားတော့ ခန်းဆီးကလေးက လှုပ်ခတ်၍ ကျန်ခဲ့သည်။ ဒေါက်တာမြတ်ထွန်းသည် သူ့နောက်က လိုက်၍ ဝရန်တာဘက် ထွက်လာခဲ့သည်။

သိပ်လှသည့် ရှုခင်းကလေးက သူ့မေးဖျားအောက်မှသည် မျက်စိတစ်ဆုံးအထိ ကျယ်ဝန်း နေသည်။ ဒါပေမယ့် ဒါပေမယ့် မှောင်ပျပျ။

သိပ်လှသည့် မိန်းကလေးက ဘေးမှာ။

'ဆရာ ချမ်းသလား'

ခေါင်းခါပြလိုက်သည်။

'ဆရာက အချမ်း မကြောက်ပါဘူး'

မောကြာဖြူက ရယ်၍ ဟိုဘက် ကပ်လျက် တံခါးပေါက်ကို ပြသည်။

'အချမ်း မကြောက်ရင် ဒီတံခါး ဖွင့်ထားရင် ဝင်လာတဲ့ လေကလေးက သိပ်ရှူလို့ကောင်းတယ်၊ အိပ်ရင်တော့ ပိတ်ပေါ့၊ သန်းခေါင်ကျော် မနက်ပိုင်းကျတော့ တအား အေးတာ၊ နွေဆိုရင်တော့ ကြာဖြူတို့ အဲဒီတံခါး ဖွင့်အိပ်နေကျ'

'သူခိုး ဓားပြ မကြောက်ဘူးလား'

ရယ်၍ ခေါင်းခါသည်။

'ဟိုတုန်းက ဒိုဘာမင် ခွေးကြီးတွေ ညဆို ခြံထဲမှာ ရှိတယ်၊ ဒီပတ်ဝန်းကျင်က လူတွေက ဒီခြံကို ခွေးဆိုးကြီးတွေနဲ့ ခြံလို့တောင် ခေါ်ကြတာ၊ ဘယ်သူမှ မကပ်ရဲကြဘူး၊ အခုတော့ မရှိတော့ပါဘူး၊ ကိုက်တတ်တာဆိုလို့ ဟိုဘက်ခန်းက ခွေးမကလေး တစ်ကောင်ပဲ ကျန်တော့တယ်၊ ဆရာ မကြောက်ရင်တော့ တံခါး ဖွင့်ထားပေါ'

'ခွေးမကလေး ဟုတ်လား'

'ဟုတ်တယ်၊ ခွေးဖြူမကလေး၊ ကိုက်ရုံတင်မဟုတ်ဘူး၊ စားပါ စားတာ၊ မောကြာဖြူ တဲ့'

လုပ်ပြန်ပြီ။

နလုံးခုန်သံ တစ်ချက်ရပ်ပြီးမှ ပြန်ခုန်သွားသည်ကို စိတ်က သိဖြစ်အောင် သိလိုက်သေးသည်။

(၃)

မျက်နှာကြက် မရှိသဖြင့် အုပ်ကြွပ်အမိုး နီနီကို မြင်နေရသည်။ ဟိုဘက်ခန်းနှင့် သည်ဘက်ခန်း ကြားထဲက နံရံနှင့် ခေါင်မိုး အဆက်ဟနေသည့် နေရာကလေးကိုလည်း မြင်နေရသည်။

မီးရောင်ကလေး ဟပ်နေသဖြင့် မောကြာဖြူ မအိပ်သေးဘူးဆိုတာ သိနေရသည်။ တယော ထိုးသံကို အဓိကထားသည့် ဆင်ဖိုနီ တီးဝိုင်းသံကလေးကလည်း သဲ့သဲ့ကလေး ကြားနေရသည်။

သီချင်း နားထောင်နေတုန်းပဲလား ဒါမှမဟုတ် သီချင်း မပိတ်၊ မီးမပိတ်ပဲ အိပ်ပျော်သွားခဲ့တာလား။

အို ငါနဲ့ ဘာဆိုင်လို့လဲ။

လှပလွန်းသော မိန်းမပျိုကလေး တစ်ဦးနှင့် တစ်မိုးအောက်မှာ နှစ်ယောက်တွဲ အိပ်နေရုံကလေးနှင့် ကိုယ်က ယောကျ်ားပျိုကလေး ဖြစ်သွားတာမှ မဟုတ်တာ။

အရွယ် လွန်ပြီးသား ယောကျ်ားကြီးက အရွယ်လွန်ပြီးသား ယောကျ်ားကြီးပါပဲ။

သည်အရွယ်ပေမင့် လောဘကင်းနိုင်ရန် လူအများစုအတွက် ခက်နေဦးမည် ဆိုသော်လည်း ထားသင့်သည့် လောဘတွေထဲမှာ 'ဒါလေး' မပါတာတော့ သိပ် သေချာသည်။

အာရုံ မလွင့်စေရန် စာပဲ ဖတ်တော့မည်ဟု စိတ်ကူးတော့ ဖတ်လက်စ အရှင်ဇနကာဘိဝံသ၏ 'ကိုယ်ကျင့် အဘိဓမ္မာ' စာအုပ်က ဆေးရုံမှာ ကျန်ခဲ့ပြီ။

ခုတင်ဘေးက စားပွဲပေါ်မှာတော့ စာအုပ်တစ်အုပ် ရှိနေသည်။ 'ကိန်း' နှင့် 'အေဘယ်' တဲ့။ 'ဂျက်ဖရီ အာရှာ' ပေါ့။ စာအုပ် အဟောင်းကြီးပဲ။ ဖတ်လည်း ဖတ်ပြီးနေပြီ။

နည်းနည်းတော့ ထူးဆန်းသည်။ 'ဂျက်ဖရီ အာရှာ' က အင်္ဂလန်နွယ်ဖွား လွှတ်တော်အမတ်၊ စာရေးဆရာဆိုတော့ အင်္ဂလန်နှင့် အဆက်အသွယ်များသည့် သည်အိမ်မှာ တွေ့တာတော့ အဆန်းမဟုတ်၊ ဒါပေမင့် သူ သိသလောက်တော့ ဂျက်ဖရီအာရှာကို ယောကျ်ား စာဖတ်ပရိသတ်တွေက ပိုကြိုက်ကြသည်။ ကြီးကြီးနှင့် ကြာဖြူ မည်သူမျှ ဖတ်မည်မထင်။

စာအုပ်ကို အမှတ်တမဲ့ ကောက်ကိုင်၍ လှန်ဖွင့်ကြည့်မိသည်။

'ဖိုးခွား' . . . တဲ့။

အင်္ဂလိပ်လို ပိုင်ရှင်အမည်ကို ထိုးထားသည်။

ဘယ်သူပါလိမ့်။ ကြာဖြူကလည်း ကရင်သွေး ပါသည်ဟု တစ်ခါမှ မကြားခဲ့ဖူးပါ။ ပြီးတော့ သူ သည်နာမည်ကို အလွန် ကြားဖူးသလို ခံစားနေရသည်။ ဒါကကော ဘာဆန်းလို့လဲ။ တစ်နိုင်ငံလုံး ဖိုးခွားတွေမှ အများကြီး။

အိပ်ယာဘေးတွင် ချထားသော သူ့ လက်ကိုင်ဖုန်းကလေး မော်နီတာ လင်းလာသည်။ ဂီတသံကလေး မြည်လာသည်။

'မေကြာဖြူ' တဲ့။

နလုံးခုန် တစ်ချက် ထပ်ရပ်သည်။

(၄)

'ဆရာလား'

'အေး၊ မအိပ်သေးဘူးလား'

သူ့အသံ မသိမသာ တုန်ခါသွားသည်။ မေကြာဖြူ့ဘက်က ညည်းသံသဲ့သဲ့ ပေါ်လာသည်။

'ဗိုက် တအားအောင့်နေတယ် ဆရာရယ်၊ အားနာပါတယ်၊ ကြာဖြူ့ကို တစ်ချက် လာကြည့်ပေးပါဦးနော်၊ ဝရန်တာ ဘက်က တံခါး ဖွင့်ထားပါတယ်'

ဖုန်း ပြန်ချသွားသည်။

ကိုင်း၊ ကိုယ်စောင့်နတ်ရေ ဒီတစ်ခါတော့ ခင်ဗျား နေခဲ့လို့တော့ မဖြစ်ဘူးနဲ့ တူတယ်။

(၅)

အခန်းထဲတွင် အလင်းရောင် ထိန်နေသဖြင့် မီးမှိန်မှိန်ကလေးသာ ထွန်းထားလိမ့်မည်ဟု ထင်ထားခဲ့သော ဒေါက်တာမြတ်ထွန်း အံ့အားသင့်သွားသည်။

အိပ်ယာပေါ်တွင်တော့ ဖြူလွလွ ကိုယ်လုံးကလေး။

အသား ဖြူဖြူကလေးပေါ်တွင် အဖြူရောင် ညဝတ် အင်္ကျီ ရှည်ဝတ်ထားသည်။ လုံလုံခြုံခြုံ ပါပဲ။ ဝတ်စုံက ခြေသလုံး တစ်ဝက်အထိ ရှည်သည်။

မေကြာဖြူက ကြိုးစား၍ ထိုင်ဟန်ပြင်သည်။

'ကြာဖြူ မထနဲ့လေ၊ လှဲနေပါ၊ ရတယ်'

'ကန်တော့ပါ ဆရာရယ်၊ ကြာဖြူ တကယ့်ကို မခံနိုင်လို့ပါ'

ဖြစ်တော့ ဖြစ်နိုင်သည်။

နားသယ်စပ် ဆံနွယ်စကလေးတွေမှာ ချွေး စိုစွတ်နေသည်။

အိပ်ရာဘေးက ခွေးခြေကလေးတွင် ဝင်ထိုင်၍ မကြောဖြူ၏ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ သွေးခုန်နှုန်းက နည်းနည်း မြန်နေသော်လည်း အင်အား ပြည့်ဝသည်။

'အရင် အောင့်ဖူးလို့လား'

'အောင့်ဖူးတယ်၊ ဆရာ့ကိုတောင် ပြောပြဖူးသေးတာပဲ၊ ဒါပေမယ့် ခါတိုင်းအောင့်ရင် ရင်ညွန့်နားက၊ အခုက ချက်အောက်ပိုင်းကလိုပဲ၊ ပြီးတော့ တအား ညှစ်ထားသလိုပဲ'

အစာအိမ်နှင့်တော့ မတူ။

'ရာသီရော မှန်ရဲ့လား'

'မှန်ပါတယ်၊ ခုတော့ နီးနေပြီပေါ့နော်၊ မလာသေးဘူး၊ ဒါပေမယ့် ခါတိုင်း တစ်ခါမှ မကိုက်မခဲတတ်ဘူး'

ဒုက္ခပဲ။

မီးယပ်သားဖွား ဆရာဝန် ပြရမည့် ပြဿနာလား မသိ။

'ဆရာ စမ်းမှာလား'

လူနာက စတောင်းဆိုရသည်။ ဆရာဝန်က စမ်းဖို့ လက်တွန့်နေတာ ရိပ်မိ၍ပင် ဖြစ်သည်။ ယောင်ချာချာနှင့် အင်းလေ ဟု ဖြေတော့ မကြောဖြူက ကြိုးစားထပြီး ခြေရင်းမှ စောင်အပါးကလေးကို လှမ်းယူ၍ ပေါင်ရင်းအထိ လွှမ်းခြုံလိုက်သည်။

ပြီးတော့ ရုက်ရယ် ရယ်၍ ဆောရီးနော်၊ ကြာဖြူက ညအိပ်ရင် အတွင်းခံတွေ ချွတ်ထားတတ်လို့ ဟု ပြောသည်။

တောက် ဒီနလုံးက ရပ်ရပြန်ပြီ။

(၆)

အသား ဖြူလွန်းသဖြင့် မွေးညင်းစိမ်းစိမ်းကလေးများ ထင်းနေသော ဗိုက်သားပြင်ကလေးကို ကြာကြာ စိုက်မကြည့်ရဲ။

အရေးအစင်း တစ်စက်မှ မရှိ၊ အနာရွတ် မရှိ၊ အဆီပြင် မရှိသော သည်အသားပြင်ကလေး ဘေးနစ်ဖက် ကောက်ကြောင်းတို့ စောင်ပါးကလေးအောက် ဝင်သွားသော နယ်စပ်ကို မျက်စိရောက် သွားလျှင် သည်နှလုံးက ထပ်၍ အခုန်ရပ်သွားနိုင်သည်။

အဲသည် ဗိုက်သားပြင်ကလေးပေါ် လက်တင်လိုက်သော တခဏမှာတော့ ယောက်ျားကြီး ဦးမြတ်ထွန်းဘဝကနေ ဒေါက်တာမြတ်ထွန်းဘဝသို့ ရာနှုန်းပြည့် ပြန်ရောက်သွားသည်။ လှပသော ဝမ်းဗိုက်ကလေးဟု မမြင်တော့ဘဲ သူ ရှာဖွေဖော်ထုတ်ရမည့် ရောဂါလက္ခဏာတစ်ခုကို သိမ်းဆည်း ထားရာ စာအုပ်တစ်အုပ်ဟုသာ မြင်တော့သည်။

တစ်ခုခု အရေးပေါ် ခွဲစိတ်ရမယ့် ကိစ္စမျိုးတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ကြာဖြူ့ဗိုက်က ပျော့ပျော့ကလေးပဲ ရှိတာပဲ၊ ဖြစ်ဖို့ အများဆုံးကတော့ ရာသီပေါ်ခါနီးမှာ သားအိမ်နေရာက ကိုက်တာ ပဲ ဖြစ်မယ်၊ အိုဂျီတော့ ပြထားသင့်တာပေါ့လေ၊ ဒီညတော့ ဆရာ့မှာ နော်ဂျက်ဆစ် ပါတယ်၊ အဲဒါပဲ သောက်ပြီး အိပ်လိုက်ပါလား၊ အခု ဆေးရုံမှာ မန္တလေးက ရောက်နေတဲ့ အဖွဲ့ထဲက အိုဂျီက ဆရာ့ သူငယ်ချင်းပဲ၊ မနက်ဖြန် ပြပေးမယ်လေ

အံကလေး ကြိတ်၍ ခေါင်းညိတ်ပြသည်။

'အခုတောင် နည်းနည်း လျော့သွားပြီ၊ ဆရာ့လက်နဲ့ ထိလိုက်လို့လား မသိဘူး'

'မဟုတ်တာ'

မေကြာဖြူက ညဝတ်စုံကို စောင်ပါးကလေး အောက်ထဲ ဝင်သွားသည်အထိ ဆွဲချပြီး စောင်ပါးကလေးကို ဖယ်ရှားသည်။

'ကြာဖြူလိုက်ယူပွဲမယ်၊ အခု လမ်းလျှောက်လို့ ရပါပြီ'

'လှဲနေပါကွယ်၊ ဆရာ့ကို အားနာစရာ မရှိပါဘူး'

ပြောပြောဆိုဆိုပင် ဒေါက်တာမြတ်ထွန်း နေရာမှ ထ၍ ဝရန်တာဘက် လှမ်း၍ထွက်ခဲ့ သည်။

သည်စာအုပ်က မိန်းမလှကလေး အသွင် ပြန်ပြောင်းနေပြီလေ။

(၇)

ဆေးကတ်ကလေးကို အိတ်ထဲမှာ နှိုက်အယူတွင် နောက်ကခြေသံဖွဖွကို ကြားရသည်။ လှည့်ကြည့် တော့ နွမ်းလျလျ အပြုံးလှလှကို တွေ့ရသည်။

သည်ကလေးမ။ လုံနေပါ ပြောလျက်နဲ့။

အို . . . ။

မေကြာဖြူကပဲ သူ့ရင်ခွင်ထဲ ပြေးဝင်လိုက်တာလား။ မေကြာဖြူ ယိုင်လဲသွား၍ သူကပဲ ထွေးပွေ့ ကူတွဲလိုက်တာလား။

သိပ် မသေချာခင်မှာပင် သူ မေကြာဖြူကို ပွေ့ဖက်လျက်သား နောက်ပြန် လဲကျသွားသည်။ နောက်က သူ့အိပ်ယာပေါ်ကိုပါ။

မြတ်ထွန်း။

ဘယ်သူ ခေါ်လိုက်တာလဲ။ သည် အသက်အရွယ်မှာ သူ့ကို မြတ်ထွန်းဟု ခေါ်မည့်သူ မရှိသလောက် ဖြစ်နေပြီလေ။

မေကြာဖြူက သူ့ကို မလွှတ်၊ ဆက် ဖက်ထားရင်းကသူ့ရင်ခွင်ထဲမှာ ခေါင်းကလေးကို မှီချထားသည်။

မြတ်ထွန်း။

ဘာလဲ။ ဘယ်သူလဲ။

အသံရှင်နှင့် သူ အပြန်အလှန်အော်နေကြသော်လည်း မေကြာဖြူက စိုးစဉ်းမျှ ကြားပုံမပေါ်။ သူ့ကို ပို၍ပင် တင်းတင်း ဖက်လိုက်သေးသည်။

အဲသည့်အချိန်မှာ မေကြာဖြူ၏ ညအိပ်ဝတ်စုံမှာ လုံခြုံသော်လည်း အသားနုနုညှံ့ ပါးလွှာသည်ကို သတိပြုဖြစ်အောင် ပြုမိနေသေးသည်။ သူ့ရင်က တလုပ်လုပ်။ ဟင် မေကြာဖြူ့ရင်ကလည်း တထပ်ထပ် ခုန်နေပါလား။

သိသည်။

မေကြာဖြူ ရင်ခုန်မြန်နေသည်ကိုလည်း သူ သိသည်။ အသက်ရှူ မြန်နေသည်ကိုလည်း သူသိသည်။ သူနှင့် ထိနေသော ရင်က နိမ့်ချည်မြင့်ချည် မြန်လွန်းလှသည်။

မြတ်ထွန်း။

တော်ပြီ၊ မခေါ်နဲ့။ ငါ သိတယ်။

သူ့ လက်တစ်ဖက်က မေကြာဖြူ့ ခါးကလေးကို မသိမသာ လှမ်းလိုက်သည်။ မိန်းကလေး က ဆတ်ခနဲ တွန့်သွားသည်။ ဖက်ထားသော လက်တို့ ပြေလျော့သွားသည်။ ကျားရဲ မာန်ဖီသည်ကို မြင်လိုက်ရသည့် သမင်ပျိုမ၏ တွန့်ဆုတ်မှုမျိုး။

ဒါ နည်းနည်း ဆန်းမနေဘူးလား။

အဲဒါကိုပင် အခွင့်ကောင်း ယူ၍ မေကြာဖြူ့ကိုယ်ကလေးကို ခါးမှ အသာဖေးမထူ၍ သူ့ကိုယ်နှင့် ခွာထုတ်လိုက်သည်။

မေကြာဖြူက သူ့အိပ်ရာတွင်ပင် တင်ပါးလွှဲထိုင်၍ ခေါင်းငုံ့ထားသည်။ သူလည်း တင်ပျဉ်ခွေ ထိုင်လိုက်သည်။

ခဏ ကြာသွားသည့်တိုင် ဘယ်သူမှ စကား မစမိ။

တိတ်ဆိတ်မှု၏ ဆုံးတွင် ဘာမှမဆိုင်ဟု ယူဆရသော စကားတစ်ခွန်း ဒေါက်တာမြတ်ထွန်း ပါးစပ်ထဲ ရောက်လာသည်။

'သမီး ကြာဖြူ၊ သမီး သိပ်နာနေရင် ဆေးရုံသွားရအောင်လေ၊ ဆရာ လိုက်ပို့ပေးမယ်'

မေကြာဖြူ့ကိုယ်ကလေး တွန့်ခနဲ ဖြစ်သွားသည်။

'ရ ရပါတယ်၊ သမီး ဆေးသောက်ပြီး အိပ်တော့မယ်'

နေရာမှ ထ၍ ဒေါက်တာမြတ်ထွန်း လက်ထဲမှ ဆေးကတ်ကို ယူပြီး လေးကန်သော ခြေလှမ်းများနှင့် ဝရန်တာဘက် ထွက်သွားသည်။

သမီး ဆေးသောက်ပြီး အိပ်တော့မယ်။

သမီး . . . တဲ့။

ဒါက ဘယ်လို ဖြစ်သွားရတာလဲ။

(၈)

ပူလိုက်တာ။

ပြင်ဦးလွင်ဆောင်းက ဘာလို့ ဒီလောက် ပူနေရတာလဲ။

myanmar online teashop
www.mmteashop.com

အော်ဟစ် ညည်းတွားမည် ကြံတော့ အရည်ပူတွေ ပါးစပ်ထဲ ဝင်လာ၍ ကမန်းကတန်း မှုတ်ထုတ်လိုက်ရသည်။

ဘုရားရေ။ ငါ ရေနွေးပူပူကြီးထဲမှာ နစ်နေတာပါလား။

ခြေ လက်တို့ကို ဆန့်ကြည့်တော့ သေချာသွားသည်။ သူ ရေ အနက်ကြီးထဲမှာ။

ကမန်းကတန်း ကြိုးစား ကူးခတ်၍ အပေါ်သို့ တက်ခဲ့သည်။

ကူး . . .

ကူး . . .

ကူး . . .

ဘယ်လောက် ကူးကူး ရေမျက်နှာပြင်သို့ မရောက်နိုင်။ ရေကလည်း ပူလိုက်တာ။ ရေမှ ဟုတ်ရဲ့လား။ ဆီပူတွေ များလား။

ဆက်ကူး . . .

ဆက်ကူး . . .

အဲသည့် အချိန်မှာပင် သာယာနူးညံ့သော ဂီတသံကို ကြားရသည်။

ရေပူထဲမှာလေ။ မဟုတ်ဘူး။ ဒါ ဝို့ဖုန်း မြည်သံပဲ။ ဒါဆို ငါ အိပ်မက် မက်နေတာပေါ့။ အိပ်မက်ဆိုးကြီး။ ထ ထ ရအောင် ထ။

လူးလဲ၍ အိပ်ရာထဲမှ ထထိုင်လိုက်တော့ ဒေါက်တာမြတ်ထွန်း တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသည်။

ဖုန်းက ဆက်မြည်နေသည်။

'မေကြာဖြူ' တဲ့။

နာရီက သန်းခေါင်ကျော် နှစ်နာရီကို ပြနေသည်။ ရင်တုန် ပန်းတုန်နှင့်ပင် ဖုန်းကို ထူးရသည်။

'ကြာဖြူ ပြော'

ဖုန်းတစ်ဖက်မှ ရှိုက်သံ သဲ့သဲ့ကို ကြားရသည်။

'ကြာဖြူ ဘာဖြစ်လို့လဲ'

'ဆေးရုံ ပို့ပေးပါ ဆရာရယ်၊ ကြာဖြူ သွေးတွေ ဆင်းနေတာ အများကြီးပဲ၊ ခေါင်းတွေလည်း တရိပ်ရိပ်နဲ့'

အာရုံတို့ ယခုမှ စ၍ နိုးလာသည်။

ဟုတ်သားပဲ။ ညဦးပိုင်းကတည်းက သူ ကိုက်နေတာပဲ။

'အေး အေး ကြာဖြူ ဆရာ လာခဲ့မယ်၊ ကောင်မလေး တစ်ယောက်လောက်လည်း ခေါ်ခဲ့ရမှာ၊ သူတို့ကို ဘယ်နား သွားနိုးရမလဲ'

မေကြာဖြူ့အသံ ခဏ တိတ်နေပြီးမှ

'ဆရာပဲ လာခဲ့ပါ၊ သူ့ကို ကြာဖြူ့အနားမှာ ခေါ်ထားပြီးပါပြီ' ဟု ဖြေလေသည်။

(၉)

သူငယ်ချင်း အိုဂျီ တွဲဖက် ပါမောက္ခက လူနာ ခုတင်ပေါ်တွင် လှဲနေသော မေကြာဖြူကို စမ်းသပ်ရင်းက မေးခွန်းထုတ်နေသည်ကို ခန်းဆီး အရှင်ကလေး ကာထားသည့် ကြားမှ သူ ကြားနေရသည်။

'တစ်ခါမှ ဒါမျိုး မဖြစ်ဖူးဘူးလား သမီး'

'မဖြစ်ဖူးပါဘူး မမ'

'နောက်ဆုံး ရာသီပေါ်တာရော'

'တစ်လ နည်းနည်းပဲ ကျော်ပါတယ် မမ'

'သမီးက အပျိုနော်'

'ဟုတ်ပါတယ်'

'မမ လိုလို့မေးတာ၊ စိတ်မဆိုးနဲ့နော်၊ ဟို ချစ်သူတွေ ဘာတွေရော'

မေကြာဖြူ အကြာကြီး တိတ်ဆိတ်နေသည်။

အိုဂျီကလည်း အပြင်ထွက် ဒေါက်တာမြတ်ထွန်း ထိုင်နေသည်ကို သတိရဟန် မတူ။ ဒေါက်တာ မြတ်ထွန်း ဆက်ထိုင်နေရ ကောင်းနိုး၊ ထထွက်သွားရ ကောင်းနိုး စဉ်းစားနေချိန်တွင် မေကြာဖြူ၏ တိုးတိုးဖြေသံ ထွက်လာသည်။

'I am a virgin ပါ မမ'

အပျိုစင်ပါတဲ့။

မကြာမီ အသေးစိတ် စမ်းသပ်တော့မည် ဖြစ်၍ ညာ၍မရသော အိုဂျီကို ပြတ်ပြတ်သားသား ဖြေလိုက်သည့် အဖြေ။

စောစောက အတူတူ ဝင်လာသော သူ့ကို တစ်ချိန်လုံး မီးဝင်းဝင်း တောက်နေသော ဒေါသမျက်လုံးနှင့် ကြည့်ခဲ့သည့် သူငယ်ချင်းအိုဂျီ။ သွေးတွေ ဆင်းနေလို့ဟု ပြောတုန်းက အောက်နှုတ်ခမ်းကိုပါ ပြတ်မတတ် ကိုက်ခဲ့သော သူငယ်ချင်း အိုဂျီ။

မျက်နှာတစ်ခုလုံး တင်းထားသမျှ လျော့ရဲ၍ အဖြေရှာမရသော ပုစ္ဆာတစ်ခုနှင့် ရင်ဆိုင်နေရသောသူ အိပ်မက်မှ ယောင်၍ ထလမ်းလျှောက်နေသည့် အမူအရာမျိုးနှင့် ပြန်ထွက်လာပါသည်။

✦✦✦✦✦✦✦

## အခန်း - ၁၀

## နားရွှောင်း၏ ခြေရာ

ဓာတ်မီးတိုင် ဝါကျင့်ကျင့် အလင်းရောင် အောက်တွင် ပြင်ဦးလွင် ညဈေးက စည်ကား၍ နေသည်။

တရုတ်ပြည်ထွက် အနွေးထည် အဝတ်အစားများ ရောင်းနေသည့် ဈေးသည်များကို ငေးကြည့်ရင်းက ဒေါက်တာမြတ်ထွန်း သက်ပြင်း ချလိုက်သည်။ သက်ပြင်းက ပြင်ဦးလွင်ဆောင်းလေထဲသို့ အခိုးအငွေ့များအဖြစ် ဝင်ရောက်သွားသည်။

သူငယ်ချင်း အိုဂျီမမက လှည့်ကြည့်သည်။

'နင် ဘာတွေ လုပ်နေတာလဲ မြတ်ထွန်း'

ဘာမေးမှန်း သိလျက်နှင့် ပခုံးတွန့်ပြလိုက်သည်။

myanmar teashop
www.mmteashop.com

'ငါ ဘာလုပ်လို့လဲ၊ ငါ ဘာမှ မလုပ်နေတာ သေချာပါတယ်'

သူငယ်ချင်းမက ခေါင်းညိတ်ပြသည်။

'ငါ နင့်ကို အထင်မှားမိတယ်ဆိုတာတော့ ငါ ဝန်ခံပါတယ်၊ ဒါပေမယ့် ခက်တာက ငါ နင့်ကို ဘယ်လို အထင်မှန်ရမှန်းကို မသိသေးဘူး'

'ဘာကို ပြောတာလဲ'

'အူကြောင်ကြောင် လုပ်မနေနဲ့ မြတ်ထွန်း၊ နင်နဲ့ ဒီကောင်မလေး တတွဲတွဲ လုပ်နေတာ မန္တလေး တစ်မြို့လုံး အသိ၊ အခု ပြင်ဦးလွင် လာတာတောင် ဒီကောင်မလေး လိုက်လာတာလည်း ငါ အသိ၊ နင် အဲဒီ ကောင်မကလေးအိမ် လိုက်အိပ်တာလည်း ငါ အသိ၊ ပြီးတော့ သန်းခေါင်ကျော်ကြီး အဲဒီ ကောင်မလေး သွေးတွေ ဆင်းနေတာ နင်လိုက်ပို့တယ် ဆိုကတည်းက ငါ နင့်ကို လူယုတ်မာလို့ပဲ ထင်တော့မယ်ဆိုတာလည်း နင် မသိစရာ အကြောင်း မရှိဘူး၊ ကောင်မလေး တကယ့်ကို အပျိုစင် ဖြစ်နေတာ ငါတွေ့ရတော့မှ နင် မယုတ်မာထားဘူးဆိုတာ ငါ သိတော့တာ၊ ငါ မသိတာက ဒီကောင်မလေးနဲ့ နင်နဲ့ တကယ်ဖြစ်နေတာ မဟုတ်ရင် နင် အဲဒီ ကောင်မလေး နားမှာ ဘာသွားလုပ်နေသလဲ ဆိုတာပဲ'

ဘာဖြေရမှန်း မသိ၍ ရုတ်တရက် ငြိမ်နေမိသည်။

'ပြောလေ ဟာ၊ နင့်ကို ချဉ်းကပ်တဲ့ မိန်းကလေးတွေ ငါတို့ ရှေ့မှာ အများကြီး တွေ့ခဲ့ဖူးတာပဲ၊ နင် ဟိုးရှေးရှေးတည်းက ဖြတ်ချနေကျ၊ အခုကျတော့ နင်က ဖြတ်ချတာလည်းမဟုတ်၊ ဖြစ်နေတာလည်း မဟုတ်'

သက်ပြင်း တစ်ချက် ချမိသည်။

'နင်နဲ့ငါ သူငယ်ချင်းတွေပဲ၊ နင့်ကို ငါ ညာမပြောချင်ပါဘူး၊ ဟုတ်တယ်၊ ငါလည်း သူ ငါ့ကို အတင်း လိုက်ချဉ်းကပ်နေသလိုပဲ ခံစားရတယ်၊ ဖြတ်ချပစ်လိုက်ဖို့လည်း အကြိမ်ကြိမ် စဉ်းစားတယ်၊ ပြီးမှ လက်နေး နေးသွားတာ'

'ဘာဖြစ်လို့ လက်နေးရတာလဲ၊ တစ်သက်လုံး နာမည်ကြီးခဲ့တဲ့ နင့်ရဲ့ ကိုယ်ကျင့်သိက္ခာကို မနမြောတတ်တော့လို့လား'

ဒေါက်တာမြတ်ထွန်း အတန်ကြာ တွေဝေစဉ်းစားနေသည်။ ပြီးတော့မှ

'နမြောနေတာဟ'



Typing by noel &LICH

'ဘာပြောတယ်'

(၂)

အဆောင် ပြန်ရောက်သည်အထိ သူငယ်ချင်းမက မကျေနပ်နိုင်သေး။

'လှတာလေး ရတိုင်း လွှတ်လိုက်ရမှာ နမြောတာ ယောက်ျားကောင်း၊ ယောက်ျားမြတ်တွေရဲ့ စိတ်ဓာတ်မဟုတ်ပါဘူးဟာ'

ဒေါက်တာမြတ်ထွန်းက ဖွဖွ ရယ်သည်။

'ငါလည်း တင်းပြည့်ကျပ်ပြည့် ယောက်ျားကောင်း ယောက်ျားမြတ်မှ မဟုတ်တာ၊ ကိုယ့်ဘဝက နေဝင်အိပ်တန်းတက်ချိန် ရောက်နေပြီ၊ ပတ်ပတ်လည်မှာ အလှတရားဆိုတာ ဘာမှ မကျန်တော့ဘူး၊ အဲဒီအချိန်မှာ မှည့်တစ်ပေါက် မပါတဲ့ ခြောက်ပြစ်ကင်း သဲလဲစင် အလှတရားတစ်ခုက ကိုယ့်လက်ခုပ်ထဲ ရောက်လာတာလေ၊ ရုပ်ကိုချည်း ပြောနေတာ မဟုတ်ဘူးနော်၊ အပြောအဆို၊ ငါ့အပေါ် ဂရုစိုက်မှု၊ ပြည့်စုံမှု အားလုံးပဲ၊ အဲသလို အလှတရားတစ်ခု လက်ထဲရောက်လာတာကို ရင်ခွင်ထဲ ဆွဲသွင်းဖို့ ကျတော့လည်း ငါ့သမီးလေးသာဆိုရင် တခြား ဦးလေးအရွယ် လူကြီးနဲ့ ဒီလို ပါသွားတာကို ဘယ်လို ခံစားရမလဲ ဆိုပြီး တွန့်ဆုတ်တယ်၊ သစ္စာက နေဝင်ချိ ရောက်နေပြီဆိုပေမယ့် ရှိနေသေးတာ၊ တစ်သက်လုံး သူ့အပေါ် သစ္စာရှိခဲ့တဲ့ ယောက်ျား သူ့သေခါနီးမှ ဒီလိုပုံစံ မြင်ဖူး မသွားစေချင်ပြန်ဘူး၊ အေး ရင်ခွင်ထဲ ဆွဲမသွင်းရက်ပေမယ့် လွှင့်ပစ်ဖို့ ကျပြန်တော့လည်း နမြောနေပြန်ရော၊ ယောက်ျားကောင်း၊ ယောက်ျားမြတ်စိတ် မမွေးနိုင်ပြန်ဘူး။ အဲဒါနဲ့ ဇာတ်မျော နေတာ၊ ဒါပေမယ့် တကယ် လိုအပ်ချိန်မှာ အပြတ် ဖြတ်ပစ်မယ်လို့ပဲဓာတ္ တွေ အမြဲပဲ စိတ်ကူးခဲ့တာ၊ တကယ်လည်း ငါ ဖြတ်ခဲ့ပါတယ်'

သူငယ်ချင်းမက ခေါင်း တဆတ်ဆတ် ညိတ်သည်။

'မနေ့ မနက်က နင် အဲသလို ပြောရင် ငါယုံမှာ မဟုတ်ဘူး၊ အခုတော့ ငါယုံပါပြီ'

ဒေါက်တာမြတ်ထွန်းက ခြောက်ကပ်ကပ် ရယ်သည်။

'ငါလည်း မနေ့က မနက်အထိ ကိုယ့်ကိုယ်ကိုယ် မယုံသေးပါဘူး၊ အခုမှ တကယ် ယုံတာပါ'

သူငယ်ချင်းမက နားမလည်သလို လှမ်းကြည့်သည်။

'အခု နင် ဘာလုပ်မှာလဲ'

ပခုံးတွန့်ပြသည်။

'အခုတော့ အိပ်မှာပေါ့ဟ၊ ငါ ပင်ပန်းနေပြီ'

သူငယ်ချင်းမ မျက်နှာက စိတ်ပူဟန် ပေါ်လာသည်။

'အေး ဟုတ်တယ်၊ နင် သွေးလည်း လှူထားရတာ၊ ငါတော့ ကောင်မလေး တစ်ချက် သွားကြည့်ဦးမယ်၊ နင် အိပ်နှင့်တော့'

မေကြာဖြူ သွေးအုပ်စုနှင့် ဒေါက်တာမြတ်ထွန်း သွေးအုပ်စုက တူနေသဖြင့် ဒေါက်တာမြတ်ထွန်းသွေးကိုပင် သွင်းခဲ့ရပါသည်း

သူငယ်ချင်း အိုင်ရီက တည်းခိုဆောင်မှ ထွက်ရန် ဟန်ပြင်လိုက်သည်။ ပြီးမှ ခဏရပ်၍ လှည့်ပြောသည်။

'ဟီမိုဂလိုဘင် က ၈ ပဲ ရှိလို့ သွေးသွင်းလိုက်ရတာ၊ ပုံမှန်ဆိုရင်တော့ သူ့ဘာသာသူ ပြန်ပြည့်အောင် ငါ စောင့်ပါတယ်၊ ဒါပေမယ့် သူ့မှာက ဟီမိုဂလိုဗင် အိတ်၍ ရောဂါကလည်း ရှိနေတော့'

ဒေါက်တာမြတ်ထွန်းက ပခုံးတွန့်ပြသည်။

'အဲဒါကလည်း ငါထင်တာပါ၊ ရန်ကုန်ကျရင် ဆရာ ရေးတို့နဲ့ သွားပြဦးလို့တော့ မှာထားတယ်၊ ကွန်ဖန်း ( အတည်ပြု) မလုပ်ရသေးပါဘူး'

အိုင်ရီမမက မဲ့ပြုံးပြုံးသည်။

'အဲဒါကလည်း နင် ထင်နေတာလေ၊ အမှန်က ဒီကောင်မကလေး အပျိုမဖြစ်ခင်ကတည်းက သူ့ကိုယ်သူ ဟီမိုဂလိုဗင် အိတ်၍ ရောဂါသည်မှန်း သိပြီးသား၊ ယူကေမှာ စစ်ထားပြီးသား၊ နင်က သူမသိသေးဘူးလို့ ထင်ရင် နင် အကြောင်းရိုက်ခံရတာပဲ'

အိုင်ရီမမက အဆောင်ရှေ့ နှင်းငွေ့တောထဲ ဝင်ရောက်သွားပါသည်။

(၃)

သီးသန့် လူနာခန်းက သူတို့ တည်းသော အဆောင်နှင့် ကျပ်လျက်မို့ နောက်တစ်နေ့ နံနက်စောစောဒေါက်တာမြတ်ထွန်း မေကြာဖြူကို သွားကြည့်ဖြစ်သည်။ အားအင်ဖျော့တော့စွာ လဲလျောင်းနေသော်လည်း ဖြူလွသည့် ခေါင်းအုံးပေါ်မှာ ပြန့်ကျဲနေသည့် ဆံယဉ်နွယ်ကလေးများ ခြံရံထားသည့် မျက်နှာကလေးက လူနာတင်မက နတ်သမီးတမျှ လှပနေဆဲ။

myanmar online teashop www.mmteashop.com

သူငယ်ချင်း အိုဂျီမမ နောက်တွင် ကပ်လျက် ပါလာသော ဒေါက်တာမြတ်ထွန်းကို မြင်သည်နှင့် မေကြာဖြူက လက်အုပ်ကလေး ချီသည်။

'ဆရာ့ကို ကန်တော့ချင်လိုက်တာ ဆရာရယ်'

'မဟုတ်တာကွယ်'

ဒေါက်တာမြတ်ထွန်းက ကြင်နာစွာ ပြုံးပြ၍ အိပ်ယာဘေး ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်သည်။ အိုဂျီမမက ကြာဖြူ့ကို အနည်းငယ် စမ်းသပ်၍ စိတ်ချရပါပြီ သမီးရယ်၊ အားရှိဖို့ပဲ လိုတော့တာဟု ပြောသည်။ ပြီးတော့ မျက်ရိပ်ပြ၍ အခန်းအပြင် ပြန်ထွက်သွားသည်။

မေကြာဖြူကို စောင့်နေသော အဖော် မိန်းကလေးကလည်း ဓာတ်ဘူးကလေး ကိုင်၍ အခန်းထဲမှ ထွက်သွားသည်။

(၄)

'ကြာဖြူ တကယ့်ကို မထင်မိဘူး ဆရာရယ်'

အံကလေး ကြိတ်၍ ပြောသည်။ ဝဲနေသော မျက်ရည်စက်တို့ကိုလည်း တွေ့ရသည်။

'ဘာကိုလဲ ကြာဖြူ'

'ဆရာ့လို ယောကျာ်းမျိုး လောကမှာ တကယ် ရှိနေလိမ့်မယ် လို့ပေါ့'

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။

အဲသည့်အချိန်မှာ လက်ကိုင်ဖုန်းက မြည်လာသည်။ ဒိုင်ခွက်ကို ငုံ့ကြည့်လိုက်တော့ ဌာနမှူး အမည် ပေါ်နေသည်။

'ဟုတ်ကဲ့ ဆရာ'

'ကို မြတ်ထွန်း သစ္စာ ဆေးရုံတင်လိုက်ရတယ်'

'ခင်ဗျာ'

'သိပ် စိတ်မပူပါနဲ့၊ အခြေအနေ မဆိုးပါဘူး၊ နည်းနည်း မောနေလို့ပါ၊ အင်ယူဝမ်း ကျွန်တော့် အဆောင်မှာပဲ၊ ခင်ဗျား ကားတစ်စီး ဆွဲပြီး ဆင်းခဲ့လေ၊ ကိုဟန်ပြန်ရောက်နေပြီ၊ ခင်ဗျားအစား အဲဒီမှာ နေပေးဖို့ ကိုဟန် လာလိမ့်မယ်'

'ဟုတ် ဟုတ်ကဲ့ဆရာ၊ ကျေးဇူးပဲ'

ဖုန်းကို ပိတ်လိုက်တော့ မျက်ရည်ဝိုင်းနေသော မျက်ဝန်းကလေး တစ်စုံနှင့် တွေ့ရသည်။

'ဆရာ အမျိုးသမီးလား ဆရာ'

သက်ပြင်းချရသည်။

'အေးကွယ်၊ နည်းနည်း မောလာလို့တဲ့၊ ဆေးရုံတင်ထားရတယ်၊ ဆရာ လိုက်သွားဦးမယ်'

'သွားပါ ဆရာ၊ ကြာဖြူလည်း သက်သာရင် လိုက်ခဲ့ပြီး ဝင်ကြည့်ပါ့မယ်၊ အန်တီ့ကိုလည်း ကန်တော့ချင်ပါတယ်'

ဒေါက်တာမြတ်ထွန်း ရုတ်တရက် မျက်နှာအထားရ ခက်သွားသည်။

'သူက သမီးကိုမှ မသိတာ'

မကြာဖြူ ယဲ့ယဲ့ပြုံးသည်။

'သိမှာပါ ဆရာ၊ ပြင်ဦးလွင်ကနေ မန္တလေး ခဏပြန်သွားတဲ့ တစ်ခေါက်က သူနဲ့ကြာဖြူ ပိုးထည်တိုက်ထဲမှာ ဆုံဖူးပါတယ်၊ အန်တီ့မျက်နှာက သိနေတဲ့ ပုံမျိုးပါ၊ မသိချင်ယောင် ဆောင်နေတာ နေမှာပါ၊ သူ့မျက်နှာကို မြင်လိုက်တာနဲ့ ကြာဖြူ သိပါတယ်၊ စိတ်ဓာတ်သိပ်ကြီးမြတ်တဲ့ သူရဲ့မျက်နှာ မျိုးပါ၊ မေမေနဲ့လည်း သိပ်တူတာပဲ'

မကြာဖြူ၏ အသံက တုန်ယင် တိမ်ဝင်သွားသည်။

'ကြာဖြူ့မေမေက ယူကေမှာ ရှိတယ် မဟုတ်လား'

ခေါင်းညိတ်ပြသည်။

ပြီးတော့ တိုးတိုးဖြေသည်။

'ကြာဖြူ့ကို သိပ်ချစ်တာ၊ တစ်ချိန်လုံး ပြန်ခေါ်နေတာ'

'ကြာဖြူက ပြန်မှာ မဟုတ်လား'

အကြာကြီး ငြိမ်နေသည်။ ပြီးမှ ခေါင်းညိတ်ပြသည်။

'ပြန်မှာပါ၊ ဒီက ကိစ္စကလေးတွေလည်း ပြီးသွားပါပြီ'

ဒေါက်တာမြတ်ထွန်း နားမလည်စွာဖြင့် နေရာမှ ထမိသည်။

'ကဲ ဆရာ သွားမယ်နော်'

မော့မကြည့်ဘဲ ခေါင်းသာ ညိတ်ပြပါသည်။

(၅)

ကြည့်ရတာတော့ မဆိုး။

ဒေါ်သစ္စာ အိပ်နေပုံမှာ နေမကောင်းနေသည့်ပုံ မပေါက်ဘဲ ငြိမ်းချမ်းစွာ အိပ်ပျော်နေသည့်ပုံ ပေါက်နေသည်။

သူနာပြု ဆရာမကလေးက ထိုင်ရာမှ ထမည့်ဟန် ပြင်လိုက်သဖြင့် ဒေါက်တာမြတ်ထွန်းက လက်ကာပြလိုက်သည်။ ပြီးတော့ ခုတင်ဘေးမှ ကုလားထိုင်တစ်လုံးတွင် ညင်သာစွာ ဝင်ထိုင်လိုက်သည်။

ဌာနမှူးက ဒေါက်တာမြတ်ထွန်းကို မျက်ရိပ်ပြ၍ နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။

သို့သော် ဒေါ်သစ္စာ မျက်လုံး ပွင့်လာသည်။ ဒေါက်တာမြတ်ထွန်းကို မြင်တော့ ပြုံးသည်။

'အစ်ကို ရောက်လာပြီလား'

ခေါင်းညိတ်ပြ၍ ဒေါ်သစ္စာ၏ ဆံပင်စကလေးများကို နဖူးပေါ်မှ ဖယ်ရှားပေးလိုက်သည်။ ဒေါ်သစ္စာက သူနာပြု ဆရာမကလေးကို တိုးတိုးကလေး လူနာမှတ်တမ်းတွေ သွားယူပြလိုက်ပါ သမီးရယ်ဟု ပြောသည်။ သူနာပြု ဆရာမကလေး အခန်းထဲမှ ထွက်သွားသည်။ ဒေါ်သစ္စာက ဒေါက်တာမြတ်ထွန်း လက်ကို သူ့နဖူးပေါ်မှာ ယူ၍ သူ့ရင်ဘတ်ပေါ် တင်ပြီး လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ထားသည်။

ဟုတ်ပါရဲ့။ တလှပ်လှပ်နဲ့။

ငယ်စဉ်က အလှအပကြောင့် ထင်ရှားခဲ့ဖူးသည့် ဇနီးသည်၏ မျက်နှာကို ငုံ့ကြည့်မိသည်။ ဇရာ၏ ဒဏ်၊ ရောဂါ၏ ဒဏ်တို့က အလှူအလဲ ထိုးနှက်ခဲ့ပြီးနှင့် နေလေပြီ။

မေကြာဖြူကို ဖျက်ခနဲ သတိရမိသည်။

သည်လောက် လှပသော မိန်းကလေးလည်း နှစ်ပေါင်းများစွာကြာလျှင် သည်ဘဝပဲရောက်မှာ မြေကြီးလက်ခတ် မလွဲပါပဲလား။ တည်မြဲသော အလှဆိုတာ ဘယ်မှာ ရှိလို့လဲ။

အို ငါနဲ့ ဘာဆိုင်လို့လဲ။ သူ အိုချိန်ဆိုရင် ငါလည်း သေပြီးနေပြီပေါ့။ ငါ့ အသက်က သူ့ထက် အများကြီး ကြီးတာ။

'သူ ဖိုးခွားရဲ့အစ်မ အစ်ကို'

ဒေါ်သစ္စာက မျက်လုံး မဖွင့်ဘဲ တိုးတိုးကလေး ပြောတော့ ဒေါက်တာမြတ်ထွန်း အလန့်တကြား ဖြစ်သွားသည်။

'ဘယ်သူ့ကို ပြောတာလဲ'

'မေကြာဖြူလေ၊ သူက ဖိုးခွားရဲ့အစ်မပေါ့၊ ဖိုးခွားကို အစ်ကို မမှတ်မိဘူးလား၊ အဖျားတွေ အရမ်းကြီးပြီး အစ်ကို့ အဆောင်မှာ ဆေးရုံတက်ပြီး ညတွင်းချင်း ဆုံးသွားတဲ့ လူပျိုပေါက်ကလေးလေ၊ ယူကေက ခဏ ပြန်လာတဲ့ ကလေး ဆိုတာပေါ့၊ သူ့အဖေ ဒေါ်သကြီးကြီးနဲ့ အစ်ကို့ကိုတောင် တိုင်မယ် တောမယ် လုပ်တဲ့ တစ်ယောက်လေ'

ဖိုးခွား။

ဟာ ဟုတ်တာပေါ့။

ပြင်ဦးလွင် အိပ်ခန်းထဲမှ 'ကိန်း နှင့် အေဘယ်' စာအုပ်အဖုံးက ဖိုးခွားဆိုသည့် နာမည်ကို တွေ့တော့ ဘာလို့ သူ တရင်းတနှီး ခံစားရမှန်း မှတ်မိလာသည်။

မိုးသည်းထန်စွာ ရွာနေသော ညတစ်ည။

တဆတ်ဆတ် တုန်နေသော သူ့လက်ထဲမှာ ဇနီးသည်၏ တစ်သျှူးစ အဖြေ။

ဆေးရုံမှ မင်းခန့်၏ ဖုန်းခေါ်သံ။

(၆)

'မကောင်းတာတော့ မကောင်းဘူး ဆရာ၊ ဆက်ပတစ်ဆီးမီးယား ( သွေးပိုးဆိပ် တက်ခြင်း) ပဲ ထင်တယ်၊ သွေးပေါင်လည်း တအား ကျနေတယ်'

'အေး မြို့တော်မှာ ငါ့ကို အရေးပေါ် ခေါ်ပြကတည်းက ကျနေတာ၊ သူက ယူကေက ခဏ ပြန်လာလည်တာ၊ မိဘတွေတောင် ခုမှ လိုက်လာမှာတဲ့၊ ခေါ်လာတဲ့ သူငယ်ချင်းတွေက အပြင်မှာပဲ တက်ချင်တယ် လုပ်နေသေးတယ်၊ ငါက အိုင်စီယူ(အရေးပေါ် ကြပ်မတ် ကုသခန်း) မှာ ထားဖို့လို တယ် ဆိုပြီး ဆေးရုံ လွှတ်လိုက်တာ'

ဒေါက်တာမင်းခန့် သက်ပြင်းချသံ ကြားရသည်။

'ပေးထားတာတွေကလည်း လုံလောက်နေပါပြီ ဆရာရယ်၊ ဒါပေမယ့် အခြေအနေက ရောက်ကတည်းကကို မကောင်းတာ၊ ကျွန်တော်တော့ ရမယ် မထင်ဘူး၊ သူတို့ကလည်း နည်းနည်း တတ်နိုင်တဲ့ လူတွေဆိုတော့ အခြေအနေကို ငါးမိနစ်ခြားလောက်ကို လာမေးနေကြတာ၊ အငယ် တွေနဲ့ ထားရင်လည်း အထူးပေမယ့် ပြဿနာ ပေါ်ရင် မရှင်းနိုင်ကြမှာ စိုးတယ်၊ ကျွန်တော် မပြန် တော့ဘူး၊ ဒီမှာပဲ တစ်ညလုံး စောင့်လိုက်မယ်'

'ငါ လိုက်လာဖို့ လိုသေးလား'

ဒေါက်တာမင်းခန့် အတော်ကြာအောင် တိတ်ဆိတ်စွာ စဉ်းစားနေသည်။

'ဆရာလာလည်း ထူးစရာတော့ မရှိဘူး ဆရာရဲ့၊ ကျွန်တော်လည်း ရှိနေတာပဲ၊ မိုးတွေ လေတွေကလည်း တအားသည်းနေတော့ ဆရာ ကားမောင်းရ ခက်လိမ့်မယ်၊ တစ်ခုတော့ ရှိတာပေါ့ ဆရာရယ်၊ ကလေးတွေကလည်း ယူကေက လာကြတာဆိုတော့ ဆရာ လိုက်တာရမယ် ဆိုတာမျိုး တော့ ပြောကြတာပေါ့'

ဒေါက်တာမင်းခန့်က ဖြေးဖြေးလေး ဖြေသည်။

ဒေါက်တာမြတ်ထွန်း သက်ပြင်းချသည်။

'ဒီမှာလည်းကွာ'

ဒေါက်တာမင်းခန့် သူ့အဆရာ အသံ တုန်ယင်နေသည်ကို ရိပ်မိသွားသည်။

'ဘာလဲ ဆရာ၊ မမလား၊ မမ တစ်သျှူးအဖြေ ရပြီလား'

'အေး'

'မကောင်းဘူးလား ဆရာ'

'အေး'

myanmar ONLINE teashop
www.mmteashop.com

ဒေါက်တာမင်းခန့် အကြာကြီး အသံတိတ်သွားပါသည်။ ပြီးမှ

'ဆရာ နေလိုက်ပါ ဆရာ၊ မမကိုသာ ကြည့်ဖျောင်းဖျထားပါ၊ ဒီဘက်စိတ်မပူပါနဲ့၊ ကျွန်တော် အတတ်နိုင်ဆုံး ပြေလည်အောင် ရှင်းပြပေးပါ့မယ်'

'အေးကွာ ကျေးဇူးပဲ'

(၇)

တကယ်တော့ မပြေလည်ပါ။

ဖိုးခွားက ညတွင်းချင်း ဆုံးသည်။ လိုက်ပို့သော သူငယ်ချင်းတွေက တက်ခေါက်ပြီးမှ ပြန်ကြသည်။

နှစ်ရက်လောက် ကြာတော့ ဖိုးခွား၏ မိဘ ဆိုသူတွေ ရောက်လာသည်။ ဖခင်က ဒေါသကြီးကြီး။ တိုင်မည် တောမည် တကဲကဲ။ မိခင်က သမာသမတ် ရှိဟန်တူသည်။ နောက်ဆုံး ဖခင်ကို ဖျောင်းဖျ၍ ပြန်ခေါ်သွားသည်။

ဟုတ်ပါရဲ့။

ဖိုးခွား၏ မိခင်က သစ္စာရုပ်နှင့် ခပ်ဆင်ဆင်ပဲ။

အဲဒါ မေကြာဖြူ၏ မေမေပဲပေါ့။

'ကောင်မလေးက အဲဒီအချိန်က ကနေဒါ ခဏ ရောက်နေလို့ ပါမလာတာတဲ့၊ သားကို စုံစမ်းခိုင်းလိုက်တော့ ယူကေမှာ နေတုန်းကတော့ ကောင်မလေးက ယောက်ျားလျာလေးတဲ့၊ အဲဒါ မိန်းကလေး ပီပီသသ လှလှပပ ဝတ်စားပြီး မြန်မာပြည် ပြန်လာ၊ အစ်ကို့ကို ဝင်ချဉ်းကပ်တာ ဘယ်လိုမှ မရိုးသားနိုင်ဘူး အစ်ကို၊ စည်းကမ်း သိပ်ကြီးပြီး ဂုဏ်သိက္ခာကို ထိန်းနိုင်တယ်လို့ နာမည်ကြီးတဲ့ အစ်ကို့ကို သူများ ကဲ့ရဲ့စရာဖြစ်အောင် ဖန်တီးပြီး လက်စားချေဖို့ အငြိုးကြီးကြီးနဲ့ လိုက်လာတာ'

ဒေါ်သစ္စာ စကားတွေ အရှည်ကြီးပြောပြီး မောသွားဟန်ဖြင့် မှိန်းနေပါသည်။

ဖြစ်ရလေ ကြာဖြူရယ်၊ ဘာမဟုတ်တဲ့ ကိစ္စနဲ့ ကိုယ့်ကိုယ်ကိုယ်ပါ အနစ်မွန်း ခံတော့မလို့လား။

ဒေါက်တာမြတ်ထွန်း သက်ပြင်းချသည်။





Typing by noel &LICH

'အစ်ကို့ကို ယုံပါ သစ္စာရယ်၊ အစ်ကို အခုအချိန်အထိ စည်းကမ်း ကြီးတတ်၊ သိက္ခာထိန်းတတ် နေတုန်းပါပဲ'

ဒေါ်သစ္စာက မျက်စိမှိတ်ထားရင်းက ပြုံးပြသည်။

'အစ်ကို့ကို သစ္စာ ယုံပါတယ်၊ ယုံလို့လည်း သတင်းတွေ စကြားကတည်းက မသိချင်ယောင်ဆောင် နေခဲ့တာ၊ အခုနောက်ဆက်တွဲ ဒါတွေ ထပ်သိရတော့ ကလေးမကလေး သိပ်အငြိုးကြီးတတ်နေရင် အခက်ဆိုပြီး သတိပေးရတာပါ'

ဒေါက်တာမြတ်ထွန်း သက်ပြင်း ချမိပြန်သည်။

'သူလည်း မကြီးတော့ဘူး ထင်ပါတယ်ကွယ်၊ ပြန်တော့မလို့တဲ့'

ဒေါ်သစ္စာ ပြုံး၍ ခေါင်းညိတ်ပြပါသည်။

(၈)

လက်ထောက် ဆရာဝန်များ အခန်းထဲသို့ ဒေါက်တာမင်းခန့် ဝင်သွားတော့ ကွန်ပျူတာရှေ့တွင် ထိုင်နေသော ဒေါက်တာယဉ်နွယ်အေး တစ်ယောက်တည်းကို တွေ့ရသည်။

'မင်းခန့် နင် ကြားပြီးပြီလား'

'ဘာကိုလဲ . . . အစ်မ'

ဒေါက်တာယဉ်နွယ်အေးက လှည့်ကြည့်၍ နင့် ပပဝတီလေး ပြင်ဦးလွင်မှာ ဆေးရုံတက်ရတာ ပြောတာ ဟု ပြောသည်။

ဒေါက်တာမင်းခန့်က သက်ပြင်းချ၍ ကျွန်တော့် ပပဝတီ မဟုတ်ရပါဘူး အစ်မရယ် ဟုပြောသည်။

'ဟဲ့ အရေးကြီးတာ ငါ သိလာရသေးတယ်၊ မမအိုဂျီနဲ့ ပါသွားတဲ့ သူနာပြု ဆရာမကလေးက ငါ့ဘော်ဒါမို့ ပြန်ပြောပြတာ'

'ဘာလဲ'

'ကောင်မလေးက ဗာဂျင် ( အပျိုစင်) ကလေးတဲ့'

myanmar teashop www.mmteashop.com

ဒေါက်တာမင်းခန့် ရုတ်တရက် အံ့အားသင့်သလို ဖြစ်သွားသည်။ ပြီးမှ အိန္ဒြေဆည်၍ အဲဒါ ကျွန်တော် ဘာလုပ်ရမှာလဲဟု ငေါ်တူးလိုက်သည်။

'နင့်ကို ဘာမှ မလုပ်ခိုင်းဘူး ကြီးကျယ်မနေနဲ့၊ ငါပြောချင်တာက ငါတို့ ဆရာကြီး အများ ထင်သလို ဘာမှ မမှားသေးတာ သေချာတယ်လို့ ပြောတာ'

သည်တော့မှ ဒေါက်တာ မင်းခန့် ခေါင်းတဆတ်ဆတ် ညိတ်၍ ဟုတ်တယ်နော်ဟု တွေး တွေးဆဆ ပြောသည်။

'ဟုတ်တယ်နော် မနေနဲ့၊ ငါ ဒီမှာ လျှို့ဝှက်ချက်တစ်ခုလည်း ထပ်သိလာပြန်ပြီ၊ ဟောက်စ် ဆာဂျင်တွေ ငှါကို သင်ပေးတာ ဒီမှာ ကြည့်စမ်း'

ဒေါက်တာ ယဉ်နွယ်အေးက ကွန်ပျူတာဘက် ပြန်လှည့်၍ ခလုတ်အနည်းငယ်ကို ဆက် တိုက် နှိပ်ချလိုက်သည်။

'တွေ့လား'

'ဘာကို ပြတာလဲ အစ်မ'

'ဟစ်ဒန်းဖိုလ်ဒါ ဆိုတာ မတွေ့ဘူးလား၊ ကွန်ပျူတာထဲမှာ မမြင်စေချင်တဲ့ ဖိုင်တွေကို ဟစ်ဒင်းဖိုင်ဆိုပြီး ဖျောက်ထားလို့ ရတယ်၊ ကွန်ပျူတာရဲ့ ဟတ်ဒ်စ် မင်မိုရီက အများကြီး ပြည်နေမယ်၊ ဘာကြောင့် ပြည့်တယ်ဆိုတာ ရှာလို့မရနိုင်ဘူး၊ အဲဒါကို အခု ငါလုပ်သလို ဖိုလ်ဒါအော်ပ့်ရှင်မှာ ဝင်ပြီး ပြင်လိုက်ရင် ပေါ်လာရော'

ဒေါက်တာမင်းခန့် နားမလည်သေး။

'အဲဒါ ဘာဖြစ်လို့လဲ အစ်မ'

'ဟဲ့ မင်းခန့်ရယ်၊ ဒါတောင် မမှတ်မိဘူးလား၊ နင့် ပပဝတီက ပေးသွားတဲ့ ပမ်လ်းတော့ပ် ကွန်ပျူတာလေးထဲမှာ နင် ဖိုင်ရှာမတွေ့ဘဲ ပြည့်နေတယ်လေ၊ အဲဒါ ကောင်မလေးက နင့်ကို ဖြစ်စေဖြစ်၊ ဆရာကြီးကိုပဲ ဖြစ်ဖြစ် လျှို့ဝှက်သော ဖိုင်တွေ ထည့်ပေးထားလို့ပေါ့၊ အဲဒါ ငါ အခုလုပ်သလို ဝင်ပြင်လိုက်ရင် ပေါ်လာတော့မှာပေါ့၊ ပေးစမ်း ဘယ်မှာလဲ နင့် ကွန်ပျူတာ'

ဒေါက်တာမင်းခန့် သက်ပြင်း တစ်ချက်သာ ချ၍ အိမ်မှာ အစ်မရဲ့ဟု ဖြေလေသည်။

✦✦✦✦✦✦✦

## အခန်း - ၁၁

နေဝင်အိပ်တန်းတက်

(၁)

ဆရာဝန်နှင့် သုသာန်။

သိပ် ဆက်စပ်မှု မရှိလှဟူ၍လည်း ပြောနိုင်သည်။

အနိစ္စ နှင့် ဆရာဝန် သဘောချင်း စပ်ဆက်နေပေမယ့် ဆရာဝန်တို့ သုသာန်ကိုရှောင်လွဲနိုင်သလောက် ရှောင်လွဲတတ်ကြသည်။ လူမှုရေးကိစ္စ ကြုံကြိုက်လျှင်ပင် ဆရာဝန်တို့ မအားမလပ် ရှိတတ်ကြသည်။

ယနေ့တော့ 'တောင်မြင့်' သုသာန်တွင် ဆရာဝန် ကြီးငယ်များ ထူထပ်စွာ ရောက်ရှိနေကြလေသည်။

လူချစ် လူခင် များသော ဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြတ်ထွန်း၏ ဇနီး နာရေးကိစ္စ မဟုတ်ပါလား။

(၂)

'မင်းခန့်၊ မင်း ဆရာ့ကားနဲ့ ပြန်လိုက်မလား'

နှုတ်ဆက်ဝမ်းနည်းစကား ဆိုနေကြသော ဧည့်သည်များကို တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက် ကျေးဇူးတင်စကား ဆိုနေရင်းက ဒေါက်တာမြတ်ထွန်း ဒေါက်တာမင်းခန့်ကို လှမ်းမေးသည်။

ဒေါ်သစ္စာ၏ ရုပ်ကလာပ်က မီးသင်္ဂြိုလ်စက်အတွင်းသို့ ရောက်ရှိသွားခဲ့ပြီ မဟုတ်ပါလား။

ဒေါက်တာမင်းခန့်က ခေါင်းခါပြသည်။

'ဆရာ ပြန်နှင့်ပါ၊ ကျွန်တော် ဒီမှာ နည်းနည်း စီစဉ်စရာ ကလေးတွေ ရှိနေသေးတယ်'

'အေး အေး၊ စောစောတော့ ပြန်နား၊ မင်း ပင်ပန်းနေပြီ'

ဒေါက်တာမြတ်ထွန်း ကားပေါ်တက်သည်။

တချိန်လုံး ငိုထားဟန်ရှိသော ဒေါက်တာမြတ်ထွန်းနှင့် ဒေါ်သစ္စာ၏ မွေးစားသားက ဒေါက်တာမြတ်ထွန်း နှင့် အတူ ကားနောက်ခန်းတွင် ဝင်ထိုင်သည်။ ဒရိုင်ဘာ ထိုင်ခုံတွင် ရှိနေသော ဘွဲ့လွန်ဆေးကျောင်းသား ဆရာဝန်က ကားကို မောင်း၍ ထွက်ခွာသွားသည်။

ဒေါက်တာမင်းခန့် ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ကားကလေး ဘေးမှာ အထက်အောက် အနက်ရောင် ဝတ်ပြီးနေကာမျက်မှန် တပ်ထားသည့် ကားနှင့်ခပ်ကွယ်ကွယ် ရပ်နေသော မိန်းမပျို ဘက်သို့ လှည့်ကြည့်လိုက်သည်။

ရှိနေတုန်းပါပဲ။

တရားဟောတုန်းကလည်း ဝင်မလာ၊ ဒေါက်တာမြတ်ထွန်းကို နှုတ်ဆက်ကြတုန်းကလည်း ဝင်မလာ။ တချိန်လုံး အဲသည့်အတိုင်းသာ ရပ်နေသည်။ စောစောကတော့ လူအုပ်ကြီး ထူထပ်နေတော့ သူ့ကို အမှတ်တမဲ့သာ နေကြလိမ့်မည်။

ယခု လူနည်းနည်း ရှင်းလာတော့ ဖြူနုသော အသား၊ သွယ်လျသော ကိုယ်ဟန်၊ လှပလွန်းသော မျက်နှာတို့က အမင်္ဂလာ သုသာန်မြေနောက်ခံမှာ ထင်ရှားလွန်းနေသည်။

သက်ပြင်းတစ်ချက် ချ၍ ခြေလှမ်းကျဲကျဲနှင့် သူ့ဆီသို့ လျှောက်သွားမိသည်း။

နေကာမျက်မှန် တပ်ထားသော်လည်း စိတ်မကောင်းဟန်က မျက်နှာတွင် ထင်းနေသည်။

'ကြာဖြူ ဘာလို့ အထဲ မလာတာလဲ'

ခြောက်ကပ်ကပ် ရယ်သည်။

'ကြာဖြူ စိတ်ထဲကနေ အန်တီ့ကို ဘောင်းပန်ချင်လို့ လိုက်တာလာ၊ ဒီလိုအချိန်မျိုး ဆရာ့နား ကြာဖြူ သွားလိုက်ရင် ဆရာ့သိက္ခာ ထိခိုက်မှာ စိုးတယ်'

ဒေါက်တာမင်းခန့်က ပခုံးတွန့်ပြသည်။

'ဘာလဲ ကိုမင်းခန့်က ကျွန်မကို တစ်ချိန်တုန်းကတော့ အဲသလို ဖြစ်စေချင်ခဲ့ပြီးတော့လို့ ပြောချင်နေတာ မဟုတ်ဘူးလား'

မကြာဖြူက မဲ့ပြုံးကလေးနှင့် ပြောတော့ ဒေါက်တာမင်းခန့်က လက်ကာပြသည်။

'မဟုတ်ပါဘူး ကြာဖြူရယ်၊ ကြာဖြူ့မှာ အဲ့သည့်စိတ်တွေ မရှိတော့ဘူးဆိုတာ ကျွန်တော် ယုံပါတယ်၊ ဒါပေမယ့် နားမလည်တာ နစ်ခု'

'ပြောလေ'

ဒေါက်တာမင်းခန့်က တုန့်ဆိုင်းဆိုင်းဖြင့် ပြောသည်။

'ဆရာ့ဘဝကို လူတိုင်း သိနေတာပဲ၊ ကြာဖြူ့လို မိန်းကလေးမျိုးနဲ့ ပြိုစွန်းသွားခဲ့ရင်တောင် ဘယ်သူမှ ဆရာ့ကို အပြစ်တင်မှာ မဟုတ်ဘူး၊ ဆရာ့ အခြေအနေမျိုး မဟုတ်ဘဲ ဒီလိုဖြစ်သွားကြတဲ့ ဆရာဝန်ကြီးတွေလည်း အများကြီး ရှိတာပဲ၊ တကယ် နစ်နာရတော့ ကြာဖြူပဲ နစ်နာရမှာမဟုတ်ဘူးလား၊ အဲဒါ ကြာဖြူ တွေးမိမှာပါ'

မကြာဖြူက မဲ့ပြုံးကလေးဖြင့် ခေါင်းညိတ်ပြသည်။

'သိပါတယ်၊ ဒါပေမယ့် လက်စားချေချင်စိတ် ရှူးရှူးမိုက်မိုက်နဲ့တုန်းကတော့ ငါ သူ့ကိုစွဲလန်းအောင် လုပ်ပစ်ပြီးမှ ထားပစ်ခဲ့ရင် သူ ဖရိုဖရဲ အရှုံးတပိုင်း ဖြစ်ကျန်ခဲ့မှာပဲလို့ တွေးထားတာ၊ တကယ်တမ်းကျ ဆရာ့ ဆင်ခြင်တုံတရားနဲ့ ယှဉ်ကြည့်လိုက်ရင် ကြာဖြူတွေးတာ သိပ်ရယ်စရာကောင်းတာပဲ'

ဒေါက်တာမင်းခန့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

'နောက်တစ်ခုကတော့ နောက် ဘယ်လို စိတ်ပြောင်းသွားသလဲ ဆိုတာပါပဲ'

မကြာဖြူက ပခုံးတွန့်ပြသည်။

'သူ့ဘက်က နားလည်ပေးစရာ အကြောင်းတွေကလည်း ပေါ်လာတယ်၊ သူ့သိက္ခာတရားနဲ့ သူများဘက်က ဖေးမတွေးပေးတတ်မှုကလည်း တုန်လှုပ်စရာ ကောင်းလောက်အောင် ကြီးမားနိုင်မှာတယ်၊ အထူးခြားဆုံး အချက်ကတော့ အားလုံး ရိပ်မိသွားတာတောင်မှ ကြာဖြူ့ကို မှားနေတဲ့ သွေးရင်းသားရင်း တူမလေးတစ်ယောက်ကို သနားသလို သနားနေတာ၊ မုန်းလည်း မမုန်းဘူး၊ ကြောက်လည်း မကြောက်ဘူး၊ အထင်လည်း မသေးဘူး၊ သိပ်အံ့သြဖို့ ကောင်းတာပဲ'

'ဆရာနဲ့ တွေ့သေးတယ်ပေါ့၊ ဟုတ်လား'

'တွေ့တယ်၊ အန်တီ မဆုံးခင် သွားကန်တော့တာ၊ အန်တီ့ကိုပါ ကန်တော့ချင်ပေမယ့် ဆုံးခါနီးလူနာ ကိုယ့်မြင်လို့ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့၊ ဆရာကတော့ ပြောပါတယ်၊ အန်တီကလည်း နားလည် ခွင့်လွှတ်ပါတယ်တဲ့၊ နိပါတ်တော်ထဲမှာပါတဲ့ ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်အိုးကြီးကို သူများပေါ် လောင်းချလိုက်တဲ့ မိန်းမယုတ်လိုပါပဲ၊ မေတ္တာနဲ့ ခံယူတဲ့ လူတွေက အေးမြလျက်ပဲ၊ ကိုယ်သာ ပူလောင်ပြီး ကျန်ရစ်ခဲ့တာ'

ပြောရင်းက မကြာဖြူ့အသံများ တုန်အက် တိမ်ဝင်သွားသည်။

ဒေါက်တာမင်းခန့် စိတ်မကောင်းစွာဖြင့် ခေါင်းငုံ့ထားမိသည်။

(၃)

မေကြာဖြူ၏ ကားကလေးက ကတ္တရာ လမ်းမအတိုင်း မန္တလေးမြို့ဘက်သို့ ဦးတည်ပြေးလွှားနေသည်။

ထူးထူးခြားခြား သည်တစ်ခါ သူကိုယ်တိုင် မမောင်းဘဲ ကိုမင်းခန့် မောင်းပေးနော်ဟု ဆိုကာ ဘေးမှာ တိတ်ဆိတ်စွာ ထိုင်လိုက်လာသူကလေးကို ဒေါက်တာမင်းခန့် တစ်ချက် ငဲ့ကြည့်မိသည်။

အနက်ရောင် ဝတ်စုံ ကွပ်ထားသည့် ဖြူဝင်းမွတ်နေသော အလှတရား။

သည်အလှတရား၏ ဖုံးကွယ်မှု အောက်တွင် အလွန်တရာ ကြောက်မက်ဖွယ် ကောင်းသော ရက်စက်မုန်းတီး ရန်လိုမှုတွေ ရှိသည်။

အင်းလေ . . . ရှိခဲ့သည်။

သည်အလှကို မျက်လုံးနှင့် ခံစားကြည့်မိစဉ်မှာပင် အသည်းထဲက စိမ့်၍ အေးစက်ကျဉ်ခဲလာအောင် ကြောက်နေမိသည်။ ခက်တာက နှလုံးသားကတော့ နွေးထွေးနေပြန်သည်။

'ကိုမင်းခန့်ကို ဆရာ ပြောပြတာလား'

မေကြာဖြူက လှည့်မကြည့်ဘဲ တိုးတိုးမေးသည်။ ဒေါက်တာမင်းခန့် ခေါင်းခါသည်။

'ကြာဖြူပဲ ပြောပြတာပါ၊ ကြာဖြူ ပြင်ဦးလွင်ဆေးရုံမှာ တက်နေရတဲ့ အချိန်လောက်ကမှ ကြာဖြူပေးထားတဲ့ လက်ကိုင်ကွန်ပြူတာ ကလေးထဲမှာ ဖျောက်ထားတဲ့ဖိုင်တွေ ရှိတယ်ဆိုတာ ကျွန်တော်ရိပ်မိတယ်၊ ပြန်ဖော်လိုက်တော့ ဓာတ်ပုံတွေ ထွက်တာယ်၊ ကြာဖြူ အင်္ဂလန်မှာ ဖိုးခွားနဲ့ ရိုက်ထားတဲ့ ပုံတွေရော၊ တစ်ယောက်တည်း ရိုက်ထားတဲ့ ပုံတွေရော၊ ဖိုးခွား ဆုံးတဲ့ညက ဖိုးခွားဘေးမှာ ကျွန်တော်တညလုံး ရှိနေခဲ့တာ၊ သူ့ရုပ်ကို ကျွန်တော် ကောင်းကောင်းမှတ်မိတယ်၊ အဲသည်မှာ ကျွန်တော်အားလုံး ဆက်စပ်မိသွားတာ၊ နားမလည်တာက နှစ်ခုပဲ'

မေကြာဖြူက ရယ်၍ လာပြန်ပြီ နှစ်ခုဟု ဆိုသည်။

'တစ်ခုက ဘယ်ပုံကြည့်ကြည့် ကြာဖြူက ယောကျာ်းလေးလိုမျိုး ဝတ်ထားတယ်၊ အခုလို လှလှပပ မဟုတ်ဘူး'

'မအုံ့ညြပါနဲ့၊ ဟိုမှာ နေတုန်းက ကြာဖြူက တွမ်ဘွိုင်းပါ၊ အခုတော့ အဲသည်ဘဝကို ကြာဖြူ အပြီးစွန့်လွှတ်လိုက်ပါပြီ'

'အခုတော့ မိန်းကလေးချင်းတောင် ငေးကြည့်နေရတဲ့ သူဆိုတာအားလုံး သိပါတယ်၊ နားမလည်တာက ကြာဖြူ ဘာဖြစ်လို့ ပြောင်းလဲသွားလဲ ဆိုတာရယ်၊ နောက်တစ်ခုက ကြာဖြူ ဘာလို့ ကျွန်တော့်ကို အဲသည့် ဓာတ်ပုံတွေ ပေးခဲ့တာလဲ ဆိုတာရယ်ပါ'

မေကြာဖြူက ပခုံးတွန့်ပြသည်။

'ကျွန်မပြောခဲ့ဖူးသားပဲ၊ မှားပေးတာပါလို့'

'မညာပါနဲ့ ကြာဖြူ၊ ကြာဖြူဘယ်လို ညာပြောပြော ကြာဖြူ့ စိတ်ရင်းက ညာတတ်တာကို သာယာတဲ့သူ မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဓာတ်ပုံတွေရဲ့ ဖိုင်တွဲ နာမည်မှာ For your eye only Ko Min Khant (ကိုမင်းခန့် တစ်ယောက်တည်း ကြည့်ရန်) လို့ ရေးထားတာ တွေ့ပြီး ကတည်းက ပထမတုန်းက မှားပေးတယ်ပြောတာ ညာတာဆိုတာ ကျွန်တော် သိပြီးပါပြီ'

မေကြာဖြူက တိုးတိုးရယ်၍ ဒေါက်တာမင်းခန့်ကို လှည့်ကြည့်သည်။

'ရှင့်ကို ကျွန်မ ဘယ်အချိန်ကတည်းက သိနေခဲ့တယ်လို့ ထင်လဲ ကိုမင်းခန့်'

ရုတ်တရက် နှုတ်ဆွံ့သွားသည်။ ပြီးမှ ဖြေးဖြေး ဖြေသည်။

'တချိန်လုံး ဆရာနဲ့ပက်သက်ပြီး ကျွန်တော့်ကို သိတာလို့ ထင်နေတာ၊ ဒါဆို တကယ်တော့ ဖိုးခွားကို ကုပေးခဲ့တဲ့ ဆရာဝန်အနေနဲ့ သိနေခဲ့တာပေါ့'

မေကြာဖြူ ခေါင်းညိတ်ပြသည်။

'ယူကေမှာတည်းက ကိုမင်းခန့်အကြောင်းတွေ စုံစမ်းတယ်၊ အဲသည်တုန်းက ဦးမြတ်ထွန်း ကို မုန်းသလောက် ဒေါက်တာမင်းခန့် ဆိုတဲ့လူကို တွေ့ချင်၊ ကျေးဇူးတင် စကားတွေ ပြောချင်နေခဲ့တာ၊ လူချင်းတွေ့တော့ စိတ်ပြောင်းသွားတယ်'

ဒေါက်တာမင်းခန့် မျက်ခုံးပင့်မိသည်။

'ကျွန်တော့်ကို မုန်းသွားတယ် ဟုတ်လား'

မေကြာဖြူက ဟက်ဟက် ပက်ပက် ရယ်သည်။

'ကိုမင်းခန့် တော်တော် အတွေးလမ်းလွဲတာပဲ၊ အင်းလေ ကျွန်မစိတ်ထဲ ရှိတဲ့ အမှန်တရားကလည်း ပြောရင် မယုံတာရယ်၊ အထင်သေးတာရယ်၊ ဒီနှစ်လမ်းပဲ ရှိတာပဲ၊ မပြောတော့ပါဘူး'

စတီယာရင်ကို ဆုပ်ကိုင်ထားသော ဒေါက်တာမင်းခန့်၏ လက်များ အေးစက်သွားသည်။

မေကြာဖြူကတော့ ဒေါက်တာမင်းခန့် မျက်နှာကို ဆွေးဆွေးမြည့်မြည့် ငေးမောကြည့်ရင်းက ဆက်ပြောသည်။

'ကိုမင်းခန့် မျက်လုံးတွေကို ဆုံမိတိုင်း ကျွန်မ စာဖတ်နေခဲ့တာနော်၊ ကိုမင်းခန့်ကတော့ ကျွန်မမျက်လုံးတွေကို မဆိုင်မိအောင် အမြဲတမင် ရှောင်လွှဲနေခဲ့တာလည်း ကျွန်မသိတာပဲ'

ဆရာ

ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ ဆရာ။

(၄)

မေကြာဖြူ ယူကေပြန်သွားခဲ့တာ တစ်နှစ်ခွဲကျော်ကျော် ကာလအတွင်း ဒေါက်တာမင်းခန့်နှင့် ဘာအဆက်အသွယ်မှ မရှိ။

ဒေါက်တာမြတ်ထွန်းက ရန်ကုန်မြို့သို့ ဌာနမှူးရာထူးဖြင့် ပြောင်းရွှေ့ရသည်။ ဒေါက်တာမင်းခန့်က ယူကေ တော်ဝင်သမားတော်ဘွဲ့ စာမေးပွဲ အပိုင်း(က) ကို အောင်မြင်၍ အပိုင်း(ခ) အတွက် ယူကေနိုင်ငံသို့ ပညာတော်သင် သွားရန် ကိစ္စ ပေါ်လာသည်။

'ပေါ်ဆီတက်' ဂျာနယ်ကတော့ ဆက်လက် ထုတ်ဝေနေဆဲ။ ဆရာဝန် စာရေးဆရာ တစ်ယောက်ဦးစီးသည် ဟု ကြားရသည်။ မေကြာဖြူ ပိုင်သေးလား၊ မပိုင်တော့ဘူးလားတော့ သေသေချာချာ မသိ။ ရေပွက်ရာ ငါးစာချတာမျိုး မလုပ်ပဲ အများအကျိုးရှိမည့် ကျန်းမာရေး ပညာပေး ဆောင်းပါးတွေသာ သန့်သန့်ပြန့်ပြန့် ဖော်ပြသည့် ဂျာနယ်အဖြစ် သိပ်ကြီး မအောင်မြင်သော်လည်း သိက္ခာရှိနေသည်။

ဒေါက်တာမင်းခန့် ယူကေသွားရမည့်ရက် နီးလာတော့မှ ရန်ကုန်သို့ ဆင်း၍ ဒေါက်တာမြတ်ထွန်းကို သွားကန်တော့သည်။

'ပြန်လာခဲ့နော် ဟိတ်ကောင်'

ဒေါက်တာမြတ်ထွန်းက ဆုပေးအပြီးမှာ ပြုံး၍ သတိပေးသည်။

'ဆရာ့တပည့်ပါ ဆရာရယ်၊ ပြန်မလာဘဲ မနေပါဘူး၊ စိတ်ချပါ'

ဒေါက်တာမြတ်ထွန်း သက်ပြင်းချ၍ ဒေါက်တာမင်းခန့်ကို ကုလားထိုင်ပေါ် ထိုင်ရန် လက်ပြလိုက်သည်။

'တို့ခေတ်ကတော့ လူတိုင်းနီးနီး ပြန်လာကြတာကိုး၊ အခုက တခြားနိုင်ငံတွေနဲ့ စာရင် ပြန်မလာတဲ့ ရာခိုင်နှုန်းက နည်းနေတုန်းပဲ ဆိုပေမယ့် တို့တုန်းကနဲ့ စာရင်တော့ များတာကိုး၊ ဒီမှာလည်း လူနာတွေဘက်က ပြောင်းလဲလာတာ ကလေးတွေက ရှိတယ်၊ ဟိုတုန်းက ဆိုရင် ပြန်လာတဲ့လူက ဟိုမှာ ဆက်နေလိုက်တာနဲ့ စာရင် ဝင်ငွေနည်းသွားတာ၊ ကျေးရွာအရပ်မှာ တာဝန်ထမ်းဆောင်ရတာ အဲဒါကလေးတွေ ရှိပေမယ့် လူနာတွေက သိပ်အားကိုး၊ သိပ်လေးစား ကြတာ၊ ခုတော့ အများစု လူနာတွေက မပြောင်းလဲပေမယ့် ဆရာဝန်ကို သံသယစိတ်နဲ့ ဆက်ဆံကြ တာတွေ၊ ပြန်ပြဿနာ ရှာကြတာတွေ အရင်နဲ့စာရင် နည်းနည်း များလာနေတယ်၊ လွန်တဲ့ ဆရာဝန် က လွန်နေတာတွေလည်း ရှိပေမယ့် မလွန်ဘဲ သူများမြှောက်ပေးလို့ ဆရာဝန်ကို ပြဿနာ ရှာတာ တွေကလည်း ပေါ်လာနေတယ်၊ ဆရာကတော့ တွေ့သမျှ တပည့်တိုင်းကို စိတ်ဓာတ်မကျဖို့ရယ်၊ လူနာအများစုရဲ့ ဆရာဝန်အပေါ် လေးစားအားကိုးတဲ စိတ်ကိုငဲ့ပြီး ကိုယ့်မြေ ကိုယ့်ရေမှာပဲ ကိုယ့်လူမျိုး လူနာတွေကို ကူညီပေးဖို့ တိုက်တွန်းနေရတာ'

စကားအများကြီး ပြော၍ မောသွားဟန်ဖြင့် ဒေါက်တာမြတ်ထွန်း သူ့ရှေ့ချထားသော ရေနွေးကြမ်းခွက်ကို ကောက်ကိုင်သည်။

'ဆရာ ဆေးခန်း မထိုင်တော့ဘူးဆို'

ဒေါက်တာမင်းခန့်က မေးတော့ ရယ်၍ ခေါင်းညိတ်ပြသည်။

'သား ကျောင်း အပြီးထိလည်း ငွေက သွင်းပြီးနေပြီ၊ တခြားလည်း ကုန်စရာက ဘာမှမရှိ၊ လစာက သိပ်မများပေမယ့် စုဆောင်းထားတာလေး တွေကလည်းရှိတော့ ထုခွဲစားသောက် နေတာ ပေါ့ကွာ၊ မင်းတို့ မမကလည်း မရှိတော့ဘူး၊ ဆရာ့ဘဝကလည်း နေဝင်အိပ်တန်းတက်တော့မှာ ဆိုတော့ စာသင်ချိန်၊ ဆေးရုံချိန်ပြီးရင် စာကလေး ဖတ်၊ တရားကလေး ထိုင် အဲသလိုပဲ နေချင်တော့ တယ်၊ အောင်မြင်တဲ့ ဘဝဆိုတာ နောင်တရစရာ သိပ်မရှိတဲ့ဘဝကို ခေါ်တယ်လို့ ဆရာ ခဏခဏ ပြောဖူးတယ်၊ မှတ်မိတယ် မဟုတ်လား၊ ဆရာ့မှာ နောင်တရစရာ သိပ်များများစားစား မရှိခဲ့ဘူး၊ ခုမှတော့ ထပ်လည်း မတွေ့ချင်တော့ဘူးလေ၊ အဲဒါနဲ့ ဒီလို ဘဝကို ရွေးလိုက်တာ'

ဖျတ်ကနဲ မေကြာဖြူကို သတိရမိသည်။ သတိရတိုင်းလည်း ရင်ထဲက နွေးကနဲ ဖြစ်သည်။

သတိမရအောင် သတိထားလည်း မရ။ သတိက သွားရရနေသည်။ သတိရနေသော်လည်း ဆရာ့ရှေ့မှာအဲသည် နာမည်ကို မထုတ်ဖော်ရဲ။

ရှုးချင်တယ် ကြာဖြူရယ်။

(၅)

DILLON 'ဒီလန်' တဲ့။

စာအုပ်ဆိုင်ကြီးက မန္တလေးမှ '၇၈' စူပါမားကတ်ကြီးလောက် ကြီးသည်။ ကွာတာက '၇၈' လို တောက်တောက်ပပ၊ လှုလှုပပ မဟုတ်။ ယူကေနိုင်ငံ ထုံးစံအတိုင်း ရှေးဆန်သော မှိုင်းညို့ညို့ အဆောက်အအုံကြီး တစ်ခုသာ ဖြစ်သည်။

အထဲဝင်သွားတော့လည်း အထပ် လေးထပ်စလုံးကို ဒိုးယိုပေါက် မြင်နေရသည့် ဧည့်ကြို နေရာမှ အစပြု၍ အထပ်လေးထပ်စလုံးရှိ ဝရန်တာများပါ မကျန် မှိုင်းညို့ညို့ အဝတ်အစားများ ဝတ်ဆင်ထားသည့် လူတစ်ရာကျော်ကျော်က စာအုပ်စင်များရှေ့တွင် တိတ်ဆိတ်စွာ စာအုပ်တွေ ရွေးလိုက်၊ ဖတ်လိုက် လုပ်နေကြသည်။

အထဲမှာ အနွေးစက် လွှတ်ထားသဖြင့် လောင်းကုတ် အကျႌကိုချွတ်လိုက်ပြီး၊ ချိတ်စရာ နေရာ ပြထားတာ မရှိသဖြင့် ဒေါက်တာမင်းခန့် လက်ဖြင့်ပင် ကိုင်ခဲ့သည်။ မျက်နှာဖြူ၊ မျက်နှာဝါ၊ မျက်နှာမည်း၊ မျက်နှာသေပေါင်း များစွာကို ကျော်ဖြတ်၍ ဆေးစာအုပ်များ ဟု လမ်းညွှန်ထားရာ တတိယထပ်သို့ တက်လာခဲ့သည်။

'တော်ဝင်သမားတော်ဘွဲ့ စာမေးပွဲအတွက်' ဟု မြားပြထားသော စာအုပ်စင်တန်းက လူရှင်း နေသဖြင့် ဝမ်းသာအားရ ဝင်ခဲ့သည်။ အဲသည့် စင်ကြီးကြီးတစ်ခုလုံးမှာ အနက်ရောင် ဆွယ်တာ၊ စကော့ တစ်ရှ်အကွက် စကတ်အတို၊ အနွေးအသားကပ် ဘောင်းဘီရှည် အနက်ရောင်တို့ကို ဝတ်ဆင် ထားသည့် မိန်းမပျိုကလေးတစ်ဦးသာ စာအုပ် ရွေးနေသည်။ သူ့ကို ကျော်သွားရမည် ဖြစ်၍ယဉ် ကျေးမှုအရ ကျေးဇူးပြုပြီးတော့ဟု အသံမြှင့် ပြောလိုက်တော့ လှည့်ကြည့်၍ ပြုံးပြသည်။ သည်အပြုံး က ဘယ် အင်္ဂလိပ်မကလေးကမှ သည်လောက် လှအောင် မပြုံးနိုင်သည့် အပြုံးမျိုးပါ။

'ကြာဖြူ'

ဒေါက်တာမင်းခန့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

(၆)

အပေါ်ဆုံးထပ်ရှိ မေကြာဖြူ၏ ရုံးခန်းမှာ တော်တော်ကလေး သပ်ရပ်ကျယ်ဝန်းသည်။ စားပွဲပေါ်တွင် ချထားသော 'မန်နေဂျာ' ဆိုသည့် သုံးမြှောင့် အတုံးကလေးမှ အပ တစ်ခန်းလုံး မြန်မာမှုအငွေ့ အသက်များ လွှမ်းခြုံထားသည်။

စောင်းကောက်ကြီး၊ ရွှေခြည်ထိုး ပန်းချီကား။ ရွှေတိဂုံ ဘုရားပုံ။

ယူကေ ရောက်ပြီးကတည်းက နှစ်လုံးလုံး ကိုယ့်နိုင်ငံကိုယ် လွမ်းဆွတ်နေသော စိတ်တွေပင် တော်တော်ပြေသွားသည်။

စားပွဲပေါ်မှာ ဓာတ်ပုံတစ်ပုံလည်း ထောင်ထားသည်။ မသိမသာ စားပွဲကို ပတ်လျှောက်ရင်း ကြည့်လိုက်တော့ မျက်နှာရော နှလုံးသားပါ နွေးသွားသည်။

ငါ့ပုံပါလား။

မေကြာဖြူက ရယ်သည်။ မပြောပဲ ထောင်ထားလို့ တရားစွဲမှာလားဟု တိုးတိုးမေးရင်းက ကော်ဖီစက်ကို ခလုတ်သွားဖွင့်သည်။

'ဒီလောက် အရုပ်ဆိုးတဲ့ လူပုံ ဒီလောက် လှတဲ့ မိန်းကလေးအခန်းမှာ ဘာလို့ ရှိနေရသလဲ ဆိုတာ မမေးကြဘူးလား'

ရယ်ကျဲကျဲနှင့် ပြန်မေးတော့ ခေါင်းခါပြသည်။

'အင်္ဂလိပ်မတွေကတော့ ယောကျ်ားပီသတယ်လို့ ထုံးစံအတိုင်း ပြောကြတာပါပဲ၊ ကျွန်မကတော့ ကိုမင်းခန့်ပုံ ထားရတဲ့ အကြောင်းက ကိုမင်းခန့် လေသံအတိုင်း ပြောရရင် နှစ်ချက်ပေါ့'

'ဆိုပါဦး'

'တစ်ချက်ကတော့ ကိုမင်းခန့်တို့၊ ဆရာဦးမြတ်ထွန်းတို့လို စိတ်သဘောထား နူးညံ့သလောက် တည်ကြည်တဲ့ ယောကျ်ားတွေ ကျွန်မတို့ လူမျိုးထဲမှာ ရှိနေပါလားလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးထားတာ၊ ကိုယ်ကိုယ်ကိုယ် တစ်ခါတလေ စိတ်က ခက်ထန်လာမိရင် အဲဒါ သတိရလိုက်ရင် ငါ မြန်မာလူမျိုး မိန်းကလေးပဲဆိုပြီး စိတ်က ပြန်နူးညံ့သွားအောင်လို့လေ'

'နောက်တစ်ချက်က'

ကော်ဖီပန်းကန်ကို လှမ်းအပေးမှာ ရက်သွေးဖြာသွားသော မျက်နှာ လှလှကလေးကို လှစ်ခနဲ မြင်လိုက်ရသည်။

'သတိရနေလို့ ထောင်ထားတာပါ'

ပြတင်းပေါက်မှာ နှစ်ယောက်အတူ ရပ်ကြရင်း အင်္ဂလန်ဆောင်းရာသီကို ငေးမောနေကြစဉ် မေကြာဖြူက ဆက်ပြောသည်။

'မနှစ်က စံပြ မန်နေဂျာဆု ရတော့ လစာ တိုးလိုချင်သလား၊ ရှယ်ယာထည့်ခွင့် ရချင်သလားတဲ့၊ ကြာဖြူက ဒီမြို့ကို ပြောင်းချင်ပါတယ်လို့ ပြောလိုက်တာလေ '

'ဘာဖြစ်လို့'

မျက်စောင်းလှလှ ထိုးသည်။

'ရှင်ရောက်လာမယ်ဆိုတာ သိနေတာကိုး'

ဒေါက်တာမင်းခန့် ပါးစပ်အဟောင်းသားနှင့် သတင်းထောက်တွေ ရှိနေတုန်းပဲလားဟု မေးမိသည်။ မေကြာဖြူက ရယ်သည်။

'ဆရာ ဦးမြတ်ထွန်း ပြောပြတာပါ၊ ကြာဖြူ စိတ်ထဲမှာ တခါတလေ သိပ်တင်းကျပ်လာရင် ဆရာ့ဆီ ဖုန်းဆက်တတ်တယ်၊ ဆရာ့ကို ခုထိ ကိုယ့်အစ်ကိုကြီး တစ်ယောက်၊ ဦးလေးအရင်း တစ်ယောက်လိုပဲ ရင်းရင်းနှီးနှီး တိုင်ပင်ချင်နေတုန်းပဲ၊ ဆရာက ပြောတယ်၊ ဒီမှာ တွေဝေဆွေးမြေ့ နေတဲ့ မျက်လုံးတစ်စုံ ရှိတယ်တဲ့၊ ဖုန်းထဲမှာ မမြင်ရပေမယ့် အဲဒီမှာလည်း နောက်တစ်စုံ ရှိနေမယ်လို့ သူ ထင်တယ်တဲ့၊ အဲဒီ မျက်လုံး နှစ်စုံစလုံး အရောင်တွေ ပြန်လင်းလက်လာတာ သူ မြင်ချင်တယ်တဲ့၊ အဲဒါနဲ့ လာစောင့်နေတာ၊ ရှင်းပြီလား'

ရင်ထဲမှာ နွေးထွေးလိုက်တာ။ သည်တစ်ခါ ညာပြောတာ မဖြစ်ပါစေနှင့်။

'ဒါဆို ဘာလို့ လာမတွေ့တာလဲ'

'ကြောက်လို့'

'ဗျာ'

'ဟုတ်တယ်၊ တစ်ခါမှ မမှားဖူးတဲ့ လူရှေ့မှာ အမှား ကြီးကြီး မှားဖူးတဲ့ လူအနေနဲ့ လာရပ်ရမှာ စိတ်ထဲမှာ ဘယ်လောက် သိမ်ငယ်တယ်မှတ်သလဲ၊ ဒါနဲ့ တစ်နေ့နေ့တော့ စာအုပ်ဝယ် မရောက်ဘဲ မနေလောက်ဘူးဆိုပြီး တစ်နေကုန် ဒီကနေ တီဗွီမော်နီတာကို မျက်တောင် မခတ်တမ်းကြည့်နေတာ၊ ဒီနေ့ ဝင်လာတာလည်း တွေ့ရော ဆေးစာအုပ်တန်းက တမင် လာစောင့်နေတာ'

ခေါင်းကလေးငုံ့၍ တိုးတိုးဖြေသည်။

ဒေါက်တာမင်းခန့် လက်ထဲမှာ ကော်ဖီခွက်ကို စားပွဲပေါ် ပြန်ချရင်းက မေကြာဖြူ ရပ်နေသည့်နားသို့ အနည်းငယ် တိုးကပ်သွားမိသည်။

'အခုတော့ မကြောက်တော့ဘူးပေါ့ ဟုတ်လား'

ပခုံးတွန့်ပြသည်။

'မျှော်လင့်ကြည့်တာလေ၊ ဦးမြတ်ထွန်းကို သိပ်လေးစားတဲ့ လူငယ်တစ်ယောက် ဆိုတော့ ဦးမြတ်ထွန်းလိုမျိုး သူများကို အပြစ်မဖွဲ့တတ်တဲ့ နလုံးသားမျိုးများ ရှိနေမလားလို့'

'ကြာဖြူရယ် '

ဒေါက်တာမင်းခန့် သက်ပြင်းချသည်။ မေကြာဖြူ၏ ပခုံးကလေး နှစ်ဖက်ကို သူ့လက် နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်သည်။

'အပြစ်မြင်စိတ်တွေ စွန့်လွှတ်တတ်ဖို့ တို့ကို သင်သွားတာ ဆရာ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ကြာဖြူလည်း ပါပါတယ်၊ ကြာဖြူကမှ တကယ့်ကို လက်တွေ့ပြသွားတာပါ၊ ပြီးတော့ တစ်ခါမှ မမှားဖူးတဲ့ လူရယ်လို့တော့ လောကမှာ ဘယ်ရှိပါ့မလဲ၊ ဘဝမှာ အမှားနည်းအောင် ကြိုးစား ကြရတဲ့ နေရာမှာ စိတ်ကလေးကလည်း ချမ်းသာနေမှ အမှားနည်းတာပါ၊ တို့ အဲသလို စိတ်ချမ်းသာ နေဖို့တော့ ကြာဖြူနဲ့ အတူရှိနေဖို့ လိုမယ်ထင်တာပါပဲ'

မော့ကြည့်သည့် မျက်ဝန်းက မျက်ရည်စတို့နှင့် တောက်ပနေသည်။

သိမ့်ခနဲ ရင်ခွင်ထဲသို့ ဝင်ရောက်လာသည်။ ပြီးတော့ တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

'ဝမ်းသာလိုက်တာ အစ်ကိုရယ်'

စကားသံတို့က တုန်ယင်နေသည်။

ဆန္ဒမွန်ဖြင့်

လက်ဘက်ရည်ကျော်

(၁၆-၁၂-၀၉)

✦✦✦✦✦✦✦


လက်ဘက်ရည်ကျော်
နေဝင်းအိပ်တန်းတက်